# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၁၀)ရက် ၊ ကြာသပတေးနေ့ ၊ (12-3-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၁၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ - ၁၉

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ် စတင်ဖြေဆို



နေပြည်တော် မတ် ၁၁

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် စတင်ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိစာစစ်ဌာနများ၌ ကျောင်းသား၊ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိကြသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲဖြေဆိုခွင့်ကတ်များမှန်၊မမှန်စစ်ဆေးခြင်းများနှင့် လိုအပ်သည့်စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။

စာမျက်နှာ ၂၃ ကော်လံ ၁

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ ကျောင်းသူများ လာရောက်ဖြေဆိုနေမှုကို တွေ့ရစဉ်။

## မြန်မာ ယူ-၁၇ အမျိုးသမီးဘောလုံးအသင်းနှင့် အိန္ဒိယ ယူ-၁၇ အမျိုးသမီးဘောလုံးအသင်းတို့၏ ခြေစမ်းပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၁

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲအောင်မြင်ထားသည့် မြန်မာယူ-၁၇ အမျိုးသမီးဘောလုံးအသင်းနှင့် အိန္ဒိယယူ-၁၇ အမျိုးသမီးအသင်းတို့၏ခြေစမ်းပွဲ ပထမပွဲစဉ်ကို မတ် ၁၂ ရက် **(ယနေ့)** ညနေ ၅ နာရီတွင်လည်းကောင်း၊ ဒုတိယပွဲစဉ်ကို မတ် ၁၄ ရက် ညနေ ၅ နာရီတွင်လည်းကောင်း ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များ၏ ယှဉ်ပြိုင်ကစားကြပုံများကို ယင်းနေ့ညနေ ၄ နာရီ ၄၅ မိနစ်မှစတင်၍ MRTV Entertainment Channel မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မေတ္တာစွမ်းအင်**

ဆောင်းပါး

စာမျက်နှာ - ၇




ရတနာပုံ
၂၀၁၆ ခုနှစ် မတ် ၁၂ ရက်
အယ်ဒီတာ့အာဘော်

# အပူဒဏ်အန္တရာယ် သတိပြုကာကွယ်

ယခုအချိန်ကာလသည် ပူပြင်းခြောက်သွေ့သော နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ နွေရာသီကာလသို့ရောက်ရှိလာမှုနှင့်အတူ အပူချိန်မြင့်တက်မှုများလည်းဖြစ်ပေါ်လျက်ရှိရာ အပူဒဏ်အန္တရာယ်ကို သတိပြုကာကွယ်ကြရမည်ဖြစ်ပေသည်။

နွေကာလတွင် ရာသီဥတုပူပြင်းလာပြီး အပူချိန်မြင့်တက်လာသဖြင့် လူ့ခန္ဓာကိုယ်အတွင်းရှိ ရေဓာတ်၊ ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားလာသည်။ အပူဒဏ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်း စသည်တို့ကို ခံစားရတတ်ပေသည်။ ထို့ကြောင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါခံရှိသူများအနေဖြင့် နေ့လယ်၊ နေ့ခင်းအချိန်များတွင် အေးမြသောအရိပ်၊ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေကြရမည်ဖြစ်သည်။

ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ပူပြင်းသည့်နေရောင်အောက်တွင် မဖြစ်မနေသွားလာရန်၊ အလုပ်လုပ်ရန်လိုအပ်ပါက ထီး၊ ဦးထုပ်တို့ကိုဆောင်း၍ သွားလာခြင်း၊ အလုပ်လုပ်ခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။ ထို့ပြင် အလင်းပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ကြရမည်ဖြစ်သည်။ ထို့ပြင် နွေကာလအပူချိန်မြင့်တက်ချိန် နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်း၊ နေပူပူလွင်တီးခေါင်ပြင်မြစ်ချောင်း၊ ကမ်းနားရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရမည်ဖြစ်ပေသည်။

နွေကာလတွင် အပူလျှပ်ခြင်းကိုလည်း သတိပြုရမည်ဖြစ်သည်။ အပူလျှပ်ခြင်းသည် ခန္ဓာကိုယ်အပူချိန်မြင့်တက်လာခြင်းကြောင့်ဖြစ်သည်။ အပူဒဏ်ကို အချိန်ကြာမြင့်စွာ ထိတွေ့ခြင်း၊ ပူပြင်းချိန်၌ လှုပ်ရှားမှုများကို ပြင်းပြင်းထန်ထန် လုပ်ဆောင်ခြင်းတို့ကြောင့် ခန္ဓာကိုယ်အပူချိန်မြင့်တက်လာခြင်းဖြစ်သည်။ ခန္ဓာကိုယ်အပူချိန် ၁၀၄ ဒီဂရီဖာရင်ဟိုက် သို့မဟုတ် ယင်းထက်မြင့်တက်နေခြင်းမျိုးဖြစ်သည်။ အပူလျှပ်သည့်အခါ အရေးပေါ်ပြုစုကုသမှုလုပ်ဆောင်ပေးရန်လိုပေသည်။ မကုသဘဲထားလျှင် အပူလျှပ်ခြင်းကြောင့် ဦးနှောက်၊ နှလုံး၊ ကျောက်ကပ်နှင့် ကြွက်သားတို့အချိန်တိုအတွင်း ထိခိုက်ပျက်စီးနိုင်သည့်အပြင် ပြင်းထန်သော နောက်ဆက်တွဲဝေဒနာများကြောင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပေသည်။

အပူဒဏ်အန္တရာယ်မှ ကာကွယ်ရန်ပြည်သူများအနေဖြင့် အရိပ်ရအပင်များကို စိုက်ပျိုးခြင်း၊ ရုပ်ကြွင်းလောင်စာသုံးယာဉ်များ အသုံးပြုမှုလျှော့ချခြင်း စသည်တို့ကိုတစ်နိုင်တစ်ပိုင် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ နွေကာလအပူချိန်မြင့်တက်ချိန်နေပူထဲသွားပါက နေကာမျက်မှန်တပ်၍ သွားလာကြရမည်ဖြစ်သည်။ ထို့ပြင် အပူချိန်မြင့်တက်ချိန်တွင် အရက်သောက်ခြင်း၊ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ အပူဒဏ်အန္တရာယ်သည် လူတို့၏ ကျန်းမာရေးကို ထိခိုက်နိုင်သည့်အပြင် အသက်အန္တရာယ်ကိုပါ ထိခိုက်စေနိုင်သောကြောင့် ကျန်းမာရေးဝန်ကြီးဌာန၏ ရှောင်ရန်၊ ဆောင်ရန်အချက်များကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ အေးမြသောအရိပ်၊ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေခြင်း၊ ရေများများသောက်ခြင်း၊ ချွေးထွက်များပါက ဓာတ်ဆားရည်သောက်ခြင်းတို့ဖြင့် အပူဒဏ်အန္တရာယ်မှ သတိပြုကာကွယ်ကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီး



**ဝက်လက် မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၅၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပိဿာ ၄၃၀၀ ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ကြက်သွန်နီ ၄၅၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီ စိုက်ပျိုးမှုအနေနဲ့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ ကြက်သွန်နီဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ကြက်သွန်နီစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ကြက်သွန်နီကို ကြာရှည်စွာ အထားခံနိုင်ရန်၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် နည်းပညာပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီအများဆုံး စိုက်ပျိုးကြသည့်မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ဝက်လက်၊ ရွှေဘိုနှင့် မြင်းမူမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျှော့ကျစေရန် ရည်ရွယ်၍ ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မတ် ၁၀ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၇ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆည်ကြီးမြောက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၈၀ ကို ငွေကျပ် ၂၁ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၂၅ ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၇ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း ထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မှျင်ငါးပိ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မှျင်ငါးပိ ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ငပုတောမြို့နယ်မှ ဒေသထွက် မှျင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိရာ ဇန်နဝါရီလအတွင်း မှျင်ငါးပိ ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း မှျင်ငါးပိ ပိဿာချိန် ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် မှျင်ငါးပိ ၁၀ ပိဿာလျှင် ငွေကျပ် ၂၁၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ငပုတောမြို့နယ်က မှျင်ငါးပိတွေအပါအဝင် ဒေသထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း မှျင်ငါးပိ ပိဿာချိန် ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ မှျင်ငါးပိတွေကို အဝယ်လိုက်နေပါတယ်" ဟု ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ငါန်းဇွန်မြို့နယ် ကျောက်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ငါန်းဇွန် မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို မတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျောက်တလုံးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၈ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၈ ဒသမ ၄၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၃၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀၃ ဦးကို ငွေကျပ် ၁၃ ဒသမ ၉သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၁ ဦးကို ရန်ပုံငွေကျပ် ၃၁ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ နန်းရှေ့အကွက် (၄၆) ရန်ကင်းလမ်းသွယ်နေ ကိုမြတ်မင်းထွန်း-မဆွေဒင်မော်မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၃၄၇ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**တမူး မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၃၄၇ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် မြို့သစ်မြို့နယ်၌ ဧက ၁၂၀၊ တမူးမြို့နယ်တွင် ဧက ၃၇၀၊ ခါမ်းပါတ်မြို့၌ ၈၅၇ ဧက စုစုပေါင်း ၁၃၄၇ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၂ ဒသမ ၇၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ မြေပဲ ၃၂၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ အခုလက်ရှိမှာတော့ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၃၀၀ ကျော် နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်" ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ချောက်မြို့နယ် သံဘို(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ချောက် မတ် ၁၁**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံဘိုကျေးရွာအုပ်စု သံဘို(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို မတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သံဘို(တောင်)ကျေးရွာ၌ စီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

သံဘို(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၅ ဦးကို ငွေကျပ် ၄၃ ဒသမ ၇၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၈ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၅၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ပြောပြ၍ သိရသည်။ **နော်လူး**

# မအူပင်မြို့နယ်တွင် ငါးပြေမများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**မအူပင် မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ငါးပြေမများ ဝယ်လိုအားကောင်းနေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် မတ်လ ပထမပတ်မှ ယနေ့တိုင် ငါးပြေမများကို ပြည်တွင်းဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးပြေမများ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မအူပင်မြို့နယ်က ငါးပြေမတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ငါးပြေမတွေကို အခုလပထမပတ်ကစတင်၍ တဖြည်းဖြည်း ဝယ်လိုအားကောင်းလာပြီး ယနေ့ထိ မှာယူမှုများနေပါတယ်။ ပြည်တွင်းဈေးကွက်ကနေ အဓိကဝယ်လိုအားကောင်းလာလို့ အရောင်းသွက်နေပါတယ်။ လက်ရှိတစ်ရက်ကို ငါးပြေမ ပိဿာချိန် ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒီဒေသထွက် ငါးပြေမတွေကို ရန်ကုန်ကနေတစ်ဆင့် အခြားဒေသဈေးကွက်တွေကို တင်ပို့ရောင်းချနေပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြသည်။

မအူပင်မြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေးငါးပြေမနှစ်မျိုး ထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငါးပြေမသည် ဈေးကွက်အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ငါးပြေမအမျိုးအစားကို ပိုမိုမွေးမြူလာကြကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# စဉ့်ကူးမင်း ရွှေနန်းတော်သိမ်းစာတမ်း

**ဗိုလ်ရှိတ်(ရတနာပူရ)**

မြန်မာစာပေသမိုင်းကို ပြန်ကြည့်လျှင် မင်းခမ်းမင်းနားပွဲတော်များနှင့် သက်ဆိုင်သည့်စာအုပ်များ၊ ကျမ်းများထုတ်ဝေမှု အလွန်အင်မတန်နည်းပါးခဲ့သည်ကို တွေ့ရပါသည်။ ရှင်ဘုရင်နှင့်သက်ဆိုင်သည့် နန်းတက်ခြင်း၊ နန်းသိမ်းပွဲခံယူခြင်းတို့အကြောင်း ထုတ်ဝေသည့်စာအုပ်တို့မှာ လက်ချိုးရေတွက်၍ရပါသည်။ ရှေးက နန်းတက်ပွဲ၊ နန်းသိမ်းပွဲဆိုသည်မှာ နိုင်ငံတော်၏ အမြင့်ဆုံး၊ အကြီးကျယ်ဆုံးမင်းခမ်းတော်ပွဲကြီးဖြစ်ပါသည်။

မြန်မာမင်းများလက်ထက်က ရှင်ဘုရင်မိသားစုနှင့်ပတ်သက်၍ကျင်းပသော မင်းခမ်းတော်ပွဲများက များပြားလှသည်။ သာဓကပြရုံမျှ ထုတ်ပြရလျှင် မင်းခမ်းတော်ပွဲများမှာ–

၁။ အိမ်ရှေ့နှင်းပွဲ

၂။ မြို့သိမ်း၊ နန်းသိမ်းပွဲ

၃။ ရွှေနန်းတော်သိမ်းပွဲ

၄။ ဆံထုံးထုံး၊ ဒက်ဆင်၊ တဘက်တင်မင်္ဂလာပွဲ

၅။ နားထွင်းသျှောင်တော်ထုံးဖွဲ

၆။ မုဒ္ဓာဘိသိက်ခံယူပွဲ

၇။ ကွမ်းဦးစွန့်နာမကရဏလက်ဘွဲ့မင်္ဂလာပြုပွဲ

၈။ လက်ထက်ထိမ်းမြားမင်္ဂလာအခမ်းအနားပွဲ

စသည်ဖြင့် ရှင်ဘုရင်၊ သားတော်၊ သမီးတော်တို့နှင့် သက်ဆိုင်သည့်ပွဲတော်များစွာရှိပါသည်။

ထိုကဲ့သို့ ပွဲတော်များစွာရှိခဲ့လောက် ထိုပွဲတော်များအကြောင်းကို ရေးသားမှတ်တမ်းတင်ထားသည့် ကျမ်းများစွာလည်းရှိပါသည်။ မြို့တည်နန်းတည် စာတမ်းများ၊ ရွှေနန်းတက်စာတမ်းများ၊ ရွှေနန်းတော်သိမ်းစာတမ်းများ စသည်ဖြင့် များစွာရှိခဲ့ပါသည်။ ထိုကဲ့သို့သောကျမ်းများသည် ပေမူ၊ ပုရပိုက်မူများဖြင့်သာ တည်ရှိခဲ့ခြင်းကြောင့် သုတေသီတို့အဖို့ အလွယ်တကူ လေ့လာကြည့်ရှုခွင့်မရပါ။ သက်ဆိုင်ရာစာကြည့်တိုက်ကြီးများ၊ စာပေဝါသနာရှင်များလက်တွင်သာ တိမ်မြုပ်နေခဲ့သည်က များပါသည်။

မင်းခမ်းတော်ကျမ်းများကို ပေမူ၊ ပုရပိုက်မူများမှ စာအုပ်မူအဖြစ်သို့ရောက်အောင် ပညာရှိကြီးများက တတ်နိုင်သလောက် ကြိုးစားခဲ့ကြသည်ကို တွေ့ရပါသည်။ ထိုကျမ်းများထဲမှ အထင်ရှားဆုံးကျမ်းနှစ်စောင်ရှိပါသည်။ ထိုနှစ်ကျမ်းမှာ အင်ရုံဝန်ကြီး သီရိဥဇနာရေးသားပြုစုခဲ့သော လောကဗျူဟာကျမ်းခေါ် အင်ရုံစာတမ်းနှင့် စာရေးတော်ကြီး ဦးရာကျော် စုဆောင်းပြုစုခဲ့သည့် မြန်မာမဟာမင်္ဂလာမင်းခမ်းတော်ကျမ်းဖြစ်သည်။ အင်ရုံဝန်ကြီး သီရိဥဇနာပြုစုသော လောကဗျူဟာကျမ်းသည် ညောင်ရမ်းခေတ် နန်းဓလေ့များကို ဖော်ပြထားသောကျမ်းဖြစ်သည်။ လောကဗျူဟာကျမ်းကို ပြုစုခဲ့သည့် အင်ရုံဝန်ကြီး သီရိဥဇနာသည် ညောင်ရမ်းခေတ် စနေမင်းလက်ထက်မှစ၍ တနင်္ဂနွေမင်း၊ မဟာဓမ္မရာဇာဓိပတိမင်းတို့လက်ထက်ထိ မင်းသုံးဆက်တိုင် အမှုထမ်းခဲ့သူဖြစ်သည်။ ညောင်ရမ်းခေတ်ထီးဓလေ့၊ နန်းဓလေ့ကို ကောင်းစွာသိမီလိုက်သူဖြစ်သည်။ ညောင်ရမ်းခေတ်ပျက်သုဉ်းပြီး ကုန်းဘောင်ခေတ်ကို စတည်ထောင်သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျထံတွင် အင်ရုံဝန်ကြီးသည် အမှုတော်ထမ်းခဲ့သည်။ အလောင်းမင်းတရားကြီးထံ အမှုထမ်းနေစဉ် ညောင်ရမ်းခေတ် မင်းခမ်းထုံးဓလေ့ကျမ်းဖြစ်သော လောကဗျူဟာကျမ်းကိုရေးသားကာ အလောင်းမင်းတရားကြီးထံ ဆက်သွင်းခဲ့သည်။ ထိုနန်းဓလေ့ထုံးစံအတိုင်း အလောင်းမင်းတရားကြီးသည်နန်းဓလေ့များကို လက်ခံကျင့်သုံးခဲ့သည်။ လောကဗျူဟာကျမ်းတွင် အိမ်ရှေ့နှင့်အစီအရင်၊ အိမ်ရှေ့မင်း၏ဆောင်ရွက်စဉ်များ၊ ထီးနန်းဥကင်တော်ဖွင့်အစီအစဉ်၊ သံတို့စရောက်သည့်အစဉ် ဘုရင်မင်း၏ဆောင်ရွက်စဉ်၊ ရှေးမင်းတို့ မြို့စား၊ ရွာစား အခမ်းအနား၊ အဆောင်အရွက်ဖြစ် ချီးမြှင့်တော်မူပုံ၊ အဆောင်အယောင်များ၊ သင်္ဂြိုဟ်သည့်ထုံးတမ်းများ၊ ၁၂ ရာသီပွဲအစီအစဉ်များ ပါဝင်သည်။

**❖ တိမ်မြုပ်နေသော မင်းခမ်းတော်စာတမ်းများတွင် စဉ့်ကူးမင်း၏ ရွှေနန်းတော်သိမ်းစာတမ်းလည်း တစ်ကျမ်းအပါအဝင်ဖြစ်သည်။ စဉ့်ကူးမင်းရွှေနန်းတော်သိမ်းစာတမ်းသည် ကုန်းဘောင်မင်း ၁၁ ဆက်တွင် လေးဆက်မြောက်ဖြစ်သော စဉ့်ကူးမင်း အင်းဝရွှေနန်းတော်ကို တက်သိမ်းစံပယ်တော်မူသည့်အကြောင်းကို မှတ်တမ်းတင်ထားသော စာတမ်းကြီးဖြစ်သည်။ စဉ့်ကူးမင်းရွှေနန်းတော်သိမ်းစာတမ်းကို ဆရာကြီး ဦးထွန်းရီထံမှ ကူးယူရရှိခဲ့ပါသည်။ ပေမှာ ညားအစ တားအဆုံး ဖအင်္ဂါနှင့်တစ်ချပ်ရှိသည်။ ၁၀ ကြောင်းရေးပေဖြစ်သည်။ ကျမ်းအမည်ကို ပေမူ၌ "ရာဇပြကတေ့ ဥကင်တော်ဖွင့်စာတမ်း"ဟူ၍ ပြဆိုထားပါသည်။ ❖**

မြန်မာမဟာမင်္ဂလာ မင်းခမ်းတော်ကျမ်းတွင် သာလွန်မင်းတရားကြီး ရာဇဘိသေကမုဒ္ဓါဘိသိက်ခံစာတမ်း၊ မင်းတုန်းမင်းတရားကြီး ထီးဆောင်းမင်္ဂလာမဟာဥကင်တော်ဖွင့်စာတမ်း၊ အိမ်ရှေ့နှင်းစာတမ်း၊ သင်္ဂြိုဟ်စာတမ်း၊ ဆွေတော်စဉ်စာရင်းများပါရှိလေသည်။ လောကဗျူဟာကျမ်းနှင့် မြန်မာမဟာမင်္ဂလာမင်းခမ်းတော်ကျမ်းသည် မြန်မာနန်းဓလေ့၊ မင်းခမ်းဓလေ့များအတွက် အားထားရသောကျမ်းနှစ်ကျမ်းဖြစ်သည်။ ထိုနှစ်ကျမ်းအပြင် ဆရာကြီးဦးထွန်းရီ(ရှေးဟောင်းသုတေသီ)ပြုစုသော "ပြည်သူ့ကြေးမုံ၊ နန်းမှုရိပ်မြုံကျမ်း"တွင်လည်း ဘိုးတော်ဗဒုံမင်းသားတော် ရခိုင်နိုင်အိမ်ရှေ့မင်း အိမ်ရှေ့နှင်းစာတမ်း၊ အိမ်ရှေ့မင်း သင်္ဂြိုဟ်စာတမ်း၊ ညောင်ရမ်းမင်းနားထွင်းသျှောင်တော်ထုံးစာတမ်း၊ ဆံထုံးထုံး၊ ဒက်ဆင်၊ တဘက်တင်မင်္ဂလာစာတမ်းများပါရှိသည်။ ယခုဖော်ပြခဲ့သောကျမ်းများသည် မင်းခမ်းတော်များနှင့် ပတ်သက်၍ စာအုပ်အဖြစ်ထွက်ပေါ်ခဲ့သည့် ကျမ်းတချို့ဖြစ်သည်။ ထိုကျမ်းတို့တွင် မပါသေးသည့် တိမ်မြုပ်နေသောကျမ်းများလည်းရှိပါသည်။

**စဉ့်ကူးမင်းရွှေနန်းတော်သိမ်းစာတမ်း**

တိမ်မြုပ်နေသော မင်းခမ်းတော်စာတမ်းများတွင် စဉ့်ကူးမင်း၏ရွှေနန်းတော်သိမ်းစာတမ်းလည်း တစ်ကျမ်းအပါအဝင်ဖြစ်သည်။ စဉ့်ကူးမင်း ရွှေနန်းတော်သိမ်းစာတမ်းသည် ကုန်းဘောင်မင်း ၁၁ ဆက်တွင် လေးဆက်မြောက်ဖြစ်သော စဉ့်ကူးမင်း အင်းဝရွှေနန်းတော်ကို တက်သိမ်းစံပယ်တော်မူသည့်အကြောင်းကို မှတ်တမ်းတင်ထားသော စာတမ်းကြီးဖြစ်သည်။ စဉ့်ကူးမင်းရွှေနန်းတော်သိမ်းစာတမ်းကို ဆရာကြီး ဦးထွန်းရီထံမှ ကူးယူရရှိခဲ့ပါသည်။ ပေမှာ ညားအစ တားအဆုံး ဖအင်္ဂါနှင့်တစ်ချပ်ရှိသည်။ ၁၀ ကြောင်းရေးပေဖြစ်သည်။ ကျမ်းအမည်ကို ပေမူ၌ "ရာဇပြကတေ့ ဥကင်တော်ဖွင့်စာတမ်း"ဟူ၍ပြဆိုထားပါသည်။ ကျမ်းပြီးနိဂုံးတွင် "သကြဇ် ၁၁၄၁ ခု ကဆုန် လပြည့်ကျော် ၁၁ ရက်နေ့တွင် မဟာစုကင်တော် သဘွင့်တော်မူသည့် ရာဇပြကတေ့စာတမ်းကြီးကို စီရင်ရေးသား၍ပြီးသည်"ဟူ၍ပြဆိုထားပါသည်။ ကျမ်းပြီးနိဂုံးအကျမ်းအမည်မှာ "မဟာဥကင်တော်သဖွင့်တော်မူသည့် ရာဇပြကတေ့စာတမ်း"ဟုသိရပါသည်။ မှတ်သားရလွယ်အောင်ဆိုရလျှင် "စဉ့်ကူးမင်း ရွှေနန်းတော်သိမ်းစာတမ်း"ဟု ခေါ်လျှင်လည်းရပါသည်။ ကျမ်းပြီးနှစ်မှာ ၁၁၄၁ ခုနှစ် ကဆုန်လပြည့် ကျော် ၁၁ ရက်နေ့ဟု တိတိကျကျ သိရပါသည်။ ရွှေနန်းတော် သိမ်းအခမ်းအနားကျင်းပသည့်နှစ်မှာ ၁၁၃၈ ခုနှစ်ဖြစ်သည်။ ထို့ကြောင့် စဉ့်ကူးမင်း ရွှေနန်းတော်သိမ်းအခမ်းအနားကျင်းပပြီး သုံးနှစ်အကြာတွင် ပြုစုခဲ့သောကျမ်းဟု ဆိုနိုင်ပါသည်။ ကျမ်းပြုဆရာအမည်ကို တိတိကျကျ မသိရပေ။ ကျမ်းပြီးနှစ်သာ ရက်၊ လ၊ နှစ်နှင့်တကွ တိတိကျကျ သိရပါသည်။

**ပေကူးနှစ်**

စဉ့်ကူးမင်းရွှေနန်းတော်သိမ်းစာတမ်းကို ၁၁၄၁ ခုနှစ်တွင် ရေးသားပြီးစီးခဲ့သော်လည်း ယခုတွေ့ရသော ပေမူသည် ၁၂၂၉ ခုနှစ်တွင် ထပ်ဆင့်ရေးကူးပြီးသော ပေမူဖြစ်သည်။ ထိုအကြောင်းကို ကျမ်းပြီးနိဂုံးတွင် "၁၂၂၉ ခု၊ ဝါဆိုလဆန်း ၈ ရက်နေ့တွင်ပြီး၏"ဟူ၍ မှတ်တမ်းတင်ထားပါသည်။ ၁၂၂၉ ခုနှစ်သည် မင်းတုန်းမင်းလက်ထက်ဖြစ်သောကြောင့် ဤပေမူသည် မင်းတုန်းမင်းလက်ထက်ကူးယူထားသော ပေဖြစ်ကြောင်း သိနိုင်သည်။ ကျမ်းပြီးနှစ် ၁၁၄၁ ခုနှစ်နှင့်တွက်ပါက ကျမ်းပြုပြီးနောက် ၈၈ နှစ်ကြာမှ ရေးကူးထားသောပေဖြစ်ကြောင်း သိနိုင်ပါသည်။

**စဉ့်ကူးမင်းအကြောင်း**

စဉ့်ကူးမင်းရွှေနန်းတော်သိမ်းစာတမ်းအကြောင်း ပြောရလျှင် စဉ့်ကူးမင်း၏ဘဝအကြောင်းကိုလည်း သိရန်လိုပါသည်။ စဉ့်ကူးမင်းသည် ဆင်ဖြူရှင်မြေဒူးမင်း၏သားတော်ဖြစ်သည်။ ငယ်မည်မှာ မင်းရဲလှဖြစ်သည်။ ခမည်းတော် ဆင်ဖြူရှင်မြေဒူးမင်း၏အရိုက်အရာကို ၁၁၃၈ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက် တနင်္လာနေ့တွင် ဆက်ခံခဲ့သည်။ စဉ့်ကူးမင်း၏ အကြောင်းကို စာရေးတော်ကြီး ဦးရာကျော် စုဆောင်းပြုစုသည့် မြန်မာမဟာမင်္ဂလာမင်းခမ်းတော်ကျမ်း၌ ပါရှိသော ဆွေတော်စဉ်စာရင်းတွင် "ငစဉ့်ကူးမင်း အကြောင်းကား ၁၁၁၈ ခု ကဆုန်လဆန်း ၁၂ ရက် ၂ နေ့၊ နံနက် ၄ ချက်တီးကျော် မိဿတွင် ၄၊ ပြိဿတွင် ၁၊ မေဓုန်တွင် လဝ်နှင့် ၆၊ ကြဋ်တွင် ၃၊ သိဟ်တွင် ၈၊ ကန်တွင် စန်းနှင့် ၅၊ အခါသွား၊ သက်တော် ၂၀၊ ၁၁၃၈ ခု နယုန်လပြည့်ကျော် ၁၁ ရက်၊ ၁ နေ့ မင်းဖြစ်၍ ၎င်းနှစ် ပြာသိုလဆန်း ၁၅ ရက် ၂ နေ့၊ ထီးဆောင်းမင်္ဂလာမဟာဥကင်သဖွင့်တော်မူ၍ မဟာဓမ္မရာဇဓိရာဇာနာမံခံတော်မူသည်။ စည်းစိမ် ၅ နှစ်၊ ၈လသော် အာစာရဝိပ္ပတ္တိဖြင့် နန်းကျ၍ ဗဒုံမင်းလက်ထက် ၁၁၄၃ ခုနှစ် ရေမှာဖျောက်တော်မူသည်" ဟူ၍ဖော်ပြထားသည်။ စဉ့်ကူးမင်းသည် ကုန်းဘောင်အင်ပါယာတွင် အလွန်ထင်ရှားလှသောမြေဒူးမင်း၏သားဖြစ်သည်။ ဆင်ဖြူရှင်မြေဒူးမင်းသည် တရုတ်ကျူးကျော်စစ်လေးကြိမ်စလုံးကို တွန်းလှန်တိုက်ထုတ်နိုင်ခဲ့သလို ယိုးဒယားကိုလည်း တိုက်ခိုက်အောင်မြင်ခဲ့သောမင်းဖြစ်သည်။ ထိုကဲ့သို့သော ကုန်းဘောင်အင်ပါယာကို အကျယ်ပြန့်ဆုံး စွမ်းဆောင်ထိန်းသိမ်းနိုင်ခဲ့သည့် ဆင်ဖြူရှင်မြေဒူးမင်း၏သားတော်ဖြစ်သည်။ ထိုကဲ့သို့သော မင်း၏သားတော်တစ်ပါးအနေဖြင့် ရေချ၍ အသတ်ခံခဲ့ရသည်မှာ ဝမ်းနည်းဖွယ်ရာကောင်းလှပေသည်။

**စဉ့်ကူးမင်းရွှေနန်းတော်သိမ်းစာတမ်းပါ အကြောင်းအရာများ**

စဉ့်ကူးမင်းရွှေနန်းတော်သိမ်းစာတမ်းသည် နိုင်ငံတစ်နိုင်ငံ၏အကြီးဆုံး၊ အမြင့်မြတ်ဆုံး၊ အခမ်းနားဆုံးသော ရှင်ဘုရင်တစ်ပါး နန်းတော်သိမ်းစံပယ်သည့်အကြောင်းကို ရေးထားသောစာတမ်းဖြစ်သည်။ ကျမ်းအစကို "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရား သက္ကရာဇ် ၁၁၃၈ ခု နယုန်လပြည့်ကျော် ၇ ရက်နေ့ ခမည်းတော်အရိုက်အရာဖြစ်သော ရွှေထီးရွှေနန်းကို သိမ်းမြန်းစမွာယ်တော်မူသည်"ဟူသောစကားဖြင့် အစချီထားသည်။ ရွှေနန်းတော်သိမ်းစာတမ်းဟူသည်နှင့်အညီ ကျမ်းအတွင်း၌ နန်းတော်သိမ်းပွဲကျင်းပရန် အစီအစဉ်များကို အသေးစိတ်မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ရိုးရာဓလေ့ယုံကြည်မှုအရ ပွဲကျင်းပမည့်ရက်များကို ဇာတာပုံများနှင့်တကွပြဆိုထားသည်ကို တွေ့ရပါသည်။ ရွှေနန်းတော်သိမ်းစာတမ်း၌ပါသော အခမ်းအနားအစီအစဉ်တချို့ကို ကောက်နုတ်ဖော်ပြရလျှင်–

၁။ နားတော်ထွင်းမည့်အစီအစဉ်

၂။ သကြ်ံန်ခေါ်တော်မူမည့်အစီအစဉ်

၃။ သကြ်ံန်တဲတော်ဆောက်လုပ်ရမည့်အစီအစဉ်

၄။ သကြ်ံန်ရေတော်ခပ်မည့်အစီအစဉ်

၅။ အဆောင်တော်မျက်နှာကျက် အင်းရေးမည့်အစီအစဉ်

၆။ မင်္ဂလာကျိုင်းတော်၊ ဝေါတော်လုပ်မည့်အစီအစဉ်

၇။ ထီးဖြူတော်ချုပ်လုပ်မည့်အစီအစဉ်

၈။ မင်္ဂလာထီးနန်းဥကင်တော်ကြီးဖွင့်မည့်အစီအစဉ်

၉။ ရွှေလွှတ်တော်သိမ်းမည့်အစီအစဉ်

၁၀။ ဖြဲတိုက်တော်သိမ်းထွက်တော်မူမည့်အစီအစဉ်

စသည်ဖြင့်ပါရှိလေသည်၊ ယခုဖော်ပြခဲ့သော အစီအစဉ် ၁၀ ချက်သည် သာဓကဆောင်သည့်အနေဖြင့် ကောက်နုတ်ဖော်ပြခဲ့ခြင်းဖြစ်သည်။ ရွှေနန်းတော်သိမ်းစာတမ်း၌ အခြားသောအစီအစဉ်များစွာလည်းရှိပါသည်။ ရွှေနန်းတော်သိမ်းစာတမ်းတွင်ပါရှိသည့် အစီအစဉ်များထဲမှ မင်္ဂလာဝေါတော်ကြီးကို အင်းနှံသည့်အစီအစဉ်ကို ဗဟုသုတအနေဖြင့် ကောက်နှုတ်ဖော်ပြလိုက်ပါသည်။

**ဇေယျတု။** ။ မင်္ဂလာဝေါတော်ကြီး အင်းနှံမည့်ကောင်းမြတ်သော မင်္ဂလာအခါတော်။ ၁၁၃၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ နေ့ ၂ချက်တီးကျော် ၂ နာရီ၊ ၂ ပတ်၊ ၁၀ ဗီဇနာ၊ ပြန်ပြည့် ၄ ခရာပြည့်လျှင် မင်္ဂလာဝေါတော်ကြီး အင်းနှံစေရာသည်။ ပရိတ်တော်ပန်း၊ အုန်း၊ သပြေ၊ မြေဇာ၊ မုရား၊ သီးညွှန့်ဆောင်ရာသည်။ ။ အခါတော်နှင့်ပညာရှိတို့အစီရင်ခဲ့သည့်အတိုင်း အင်းရေးရန် ရွှေပြား ငွေပြား ကိုဝ်ရွှေတိုက်ကျပ်၊ တိုက်စိုးစာရေးတို့ကို ခန့်ထား၍ ခပ်(တ်)စေရသည်။ ရွှေပြားတွင် သံဗုဒ္ဓေ(သမ္ဗုဒ္ဓေ) ခိုနန်းအင်း ဝေါတော်မျက်နှာကြက်တွင်နှံသည်။ ၎င်းလျှောပတ်လက်ယာတော် လက်ဝဲတော်တွင် အလျားလိုက် ဉာဏ်တော် ၆ ပါး အင်းနှံသည်။ ၎င်းရှေ့နောက်မှာ အစောဖြသိကရာဝါအင်း သောဘာဇေအင်းရေး၍ အလျားလိုက်နှံသည်။ လက်ရန်းခါးပန်းတွင် ၆ မျက်နှာ အဋ္ဌမုတ် ၁၂ အင်းကို ငွေပြားတွင်ရေး၍ နံ(နှံ)ရသည်။

စာမျက်နှာ ၅ သို့ á

## ၂၀၂၆ ခုနှစ်၊ ၈၁ နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး ၃ ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့် လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည် ၃ ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်ရေး။

## မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ထောပတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မုံရွာ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ထောပတ်ပဲ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၄၂၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော ထောပတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မုံရွာမြို့နယ်တွင် ၉၆၅ ဧက၊ ဘုတလင်မြို့နယ်တွင် ဧက ၈၀၊ ချောင်းဦးမြို့နယ်တွင် ၃၈၁ ဧက စုစုပေါင်း ၁၄၂၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၆၃ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"မုံရွာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထောပတ်ပဲ ၁၄၂၆ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ထောပတ်ပဲစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ထောပတ်ပဲသီးနှံစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ထောပတ်ပဲဟာ ဈေးကောင်းရရှိတဲ့အတွက် အားထားစိုက်ပျိုးကြတာ ဖြစ်ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲများကို သီးသန့်စိုက်ပျိုးကြသလို သီးညှပ်လည်းစိုက်ပျိုးလျက်ရှိကြောင်း၊ မုံရွာခရိုင်တွင် ပဲမျိုးစုံစိုက်ပျိုးကြသောတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရေးနှင့် လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲပုံနှင့် အချိန်မီရိတ်သိမ်းနိုင်ရေး စသည့်အသိပညာများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

á **စာမျက်နှာ ၄ မှအဆက်**

ငှင်းဝေါတော် အင်းနှံသည့်အခါတော်အတိုင်း ပြာသာဒ်တော်တွင် မဟာဂီရိနတ်ကွန်းဟောင်းကိုဝ်သိမ်း၍ အသစ်ထားရသည်။ နတ်ကွန်းမှာအောက်ကိုဘက်လိပ်ကြက်ခြေခံ၍ တပင်တိုင်စိုက်ပြီးလျှင်၊ အထက်ကိုဦးပြတန်ဆောင်း ဦးထိပ်အမွှမ်း ဒုရင်ဋ္ဌ(တု)ပိကာ နှင့်အစုံ။ ရေမှုတ်ရိုးထော်၍ ရေလှုပ်ဆေးပြီးလျှင် သစ္စေးအနီနှင့် ရွှေထည့်၍ထည့်ထားရသည်။ ထားသနေ့သံတော်ဆင့်တို့က ကျီးဝန်စာရေးကို နှုတ်(နုတ်)ရကာပွဲ ၄။ အုန်း ၄။ ငှက်ပျော၊ ကြံ၊ ဆေး၊ လက်ဖက်၊ ငါးခေါင်းမြီးစုံ၊ အုန်းသီး၊ ငှက်ပျော၊ အငြိမ့်တို့ကိုကျွေးရန် ထမင်းများကိုဝ်မှတ်စာပေးအပ်၍၊ နံနက်စောစော ရော်စေရသည်။ နီးခေါ် ၄။ သင်ဖြူး ၄။ ဖျင်နီ ၄။ ဖျင်ဖြူ ၄။ ဖယောင်းတိုင် ၂၀။ လက်ဆောင်ယူမှူးစာရေးတို့က သွင်းစေရသည်။ မဟာဂီရိ မောင်တော် နှမတော်အိုးကြီး ၂။ သုံးပန်းလှ အိုးလပ် ၁။ ရှင်နဲမီအိုး။ ကျီးဝန်စာရေးနတ်ဆောင့် ငအိုဝ်နတ်ထမ်းတို့နှင့် ရွှေတိုက်တော်မှာ ရွှေပိမ်းထည့်၍ ဝန်သစ်ရေလဲစေရသည်။ နတ်ပူဇော်ရန် မဟာဂီရိ မောင်တော် ဝတ်ဆင်ရန် အနားပါပုဆိုဝ် ၁။ အင်းချီ(ကျီ) ခါသား။ အပေါ်တင်ခါသား၊ ပန်ဆိုးခါသား ဝဝ်စ။ တင်တပခေါင်းထုပ်၊ နှမတော်ဝတ်ဆင်ရန် ထဗီစက်နန်းထွင်းနားနှင့် ၁။ သို့ရင်းအဖြူ ၁။ ပိုးတပက်။ ခေါင်းတင်တဝက် (ပက်)ဖြူ ၁။ သုံးပံလှဝတ်ဆင်ရန် ပဆိုးပလား ၁။ အင်းဂျီခါသားအပေါ်တင် ခါသာ ၁။ ပုဆိုးခါသာ ရပ်စောက်။ ရှင်နဲမီ ဝတ်ဆင်ရန် ထဘီမတာ ၁။ တဖက်ရပ်စောက် ၅။ သိုးရင်းနီ ၁။ ခေါင်းတင်ပန်းဆိုး ၁။ သည်များ ကိုဝ်သံတော်ဆင့်တို့က ပုဆိုးတိုက်တော်မှာ မှတ်စာပေးအပ်၍ယူရသည်။ နတ်ဆော်နတ်တိမ်(ထိန်း)တို့ ပူဇော်သည့်အခိုက်ဝတ်ရန် ပုဆိုးဝ်း၊ ပန္တတ်လိပ် ၅ စီးပေးရသည်။ ပူဇော်သည့်နေ့အခါတော်စောင့် ၉ ပါး၊ ပုဏ္ဏားတို့နှင့် စောင့်နေပူဇော်ရသည်။ တလိုင်းအငြိမ့်တရန်၊ မြန်မာအငြိမ့်တရန် တီးမှုတ်ရသည်။ မဟာဂီရိနတ်စင်အသစ်တွင်ထား ပူဇော်ပြီးလျှင် ပွဲများကို အသီးအသီးဆိုင်ရာသိမ်းယူကြသည်။ နတ်ကွင်းဟောင်းကို ရေမှာ ဝင်းသားတို့ကိုခန့်ထား၍ မြစ်လယ်မှာ နှံထားရသည်။ ။

စဉ့်ကူးမင်းရွှေနန်းတော်သိမ်းစာတမ်းသည် ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းခဲ့သည့် ရှားပါးမင်းခမ်းတော်ဝင်ကျမ်းတစ်စောင်ဖြစ်သည်။ ကုန်းဘောင်ခေတ်မင်းတစ်ပါး နန်းတက်သည့်အကြောင်းကို အပြည့်အစုံဆုံး ရေးသားပြုစုထားသောကျမ်းဖြစ်သည်။ ရှေးခေတ်မြန်မာမင်းတစ်ပါး နန်းတက်သည့်အခမ်းအနားကို လေ့လာလိုသူများအတွက် တန်ဖိုးကြီးမားသောကျမ်းတစ်စောင်ဖြစ်သည်။ သို့သော် ဤကျမ်းသည် ပေမူ၊ လက်ရေးမူဖြင့် တိမ်မြုပ်နေသောကြောင့် သုတေသီတို့အလွယ်တကူ လေ့လာ၍မရပေ။ သို့ဖြစ်သောကြောင့် စဉ့်ကူးမင်းရွှေနန်းတော်သိမ်းစာတမ်းသည် ပုံနှိပ်မူဖြင့်ရှိသင့်သော ကျမ်းတစ်စောင်ဟု ဆိုချင်ပါသည်။

## နိုင်ငံ့ဂုဏ် မြင့်မားဖို့

\- နိုင်ငံ့ဂုဏ် မြင့်မားဖို့
ကြိုးစားစို့ မောင်မယ်တွေ၊
အလုပ်တာဝန် မလစ်ဟင်း
အပြစ်ကင်းပါစေ၊
ရဲစွမ်းသတ္တိ အားမာန်ခြွေ
ရှေ့သို့လေ အစဉ်လျှောက်လှမ်း၊
ကိုယ့်နိုင်ငံ အစဉ်သာချစ်
ထုဆစ်အောင်ပန်း။

\- နိုင်ငံ့ဂုဏ် မညှိုးနွမ်းမှ
တန်ခိုးလွှမ်း ကမ္ဘာ့အလယ်၊
မောင်မယ်တွေ လက်ချင်းတွဲ
အားခဲစဉ်ကွယ်၊
စည်းကမ်းရှိ သိဥာဏ်ကြွယ်
လမ်းမှန်ရယ် လျှောက်လှမ်းပေး၊
နိုင်ငံတော် အနာဂတ်ကို
ကောင်းမြတ်စေလေး။

\- နိုင်ငံ့ဂုဏ် သတင်းမွှေးဖို့
နိုးကြားမနေး မင်းသူငါ၊
ရင်တွင်းမှာ အသိသတိ
ထားရှိစဉ်သာ၊
တို့ချစ်သော ရွှေပြည်မဟာ
မင်္ဂလာ ကျက်သရေတိုး၊
နိုင်ငံတော် အခြေမြင့်လို့
ဂုဏ်တင့်တန်ဖိုး။ ။

လမင်းခန့်(ပညာရေး)

## သနပ်ပင်မြို့နယ် ရွှေအိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွှေအိုးကျေးရွာအုပ်စု ရွှေအိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ စီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၁၂၂ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွှေအိုးကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၂၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# နိုင်ငံတကာ သတင်းများ

## အမေရိကန်လက်နက်များ နေရာရွှေ့ပြောင်းခဲ့လျှင်ပင် မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုမှန်သမျှကို တားဆီးနိုင်ကြောင်း တောင်ကိုရီးယားသမ္မတ ပြောကြား



**ဆိုးလ် မတ် ၁၁**

တောင်ကိုရီးယားနိုင်ငံ၌ချထားသည့် လက်နက်စနစ်များကို အမေရိကန်နိုင်ငံက အခြားနေရာများသို့ ရွှေ့ပြောင်း ဖြန့်ကြက်ခဲ့လျှင်ပင် မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုမှန်သမျှကို တားဆီးနိုင်ကြောင်း တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က မတ် ၁၀ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားရှိ ဒုံးကျည်ကာကွယ်ရေးစနစ်များကို အမေရိကန်အစိုးရက အရှေ့အလယ်ပိုင်းဒေသသို့ ပို့ဆောင်နေသည်ဟု သတင်းများပေါ်ထွက်နေချိန်တွင် တောင်ကိုရီးယားသမ္မတက ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရက တောင်ကိုရီးယားရှိ လေကြောင်းရန် ကာကွယ်ရေးစနစ်များကို အရှေ့အလယ်ပိုင်းဒေသသို့ ရွှေ့ပြောင်းနေသည်ဟူသော သတင်းများကြောင့် ဒေသတွင်းကာကွယ်ရေးစနစ်၌ ဟာကွက်များပေါ်ထွက်လာမည့်အရေးကို အာရှနိုင်ငံများက စိုးရိမ်လျက်ရှိသည်။

သို့ရာတွင် တောင်ကိုရီးယားရှိ လေကြောင်းရန် ကာကွယ်ရေးစနစ်များကို အရှေ့အလယ်ပိုင်းသို့ ရွှေ့ပြောင်းခဲ့လျှင်ပင် တောင်ကိုရီးယားအနေဖြင့် ခြိမ်းခြောက်မှုမှန်သမျှကို တားဆီးနိုင်ကြောင်း သမ္မတလီဂျေးမြောင်က မတ် ၁၀ ရက် အစိုးရဆွေးနွေးပွဲတွင် ပြောကြားထားသည်။

တောင်ကိုရီးယားရှိအမေရိကန်လက်နက်အချို့ကိုနေရာရွှေ့ပြောင်းထားမှုကြောင့် မြောက်ကိုရီးယားခြိမ်းခြောက်မှု တားဆီးကာကွယ်ရေး မဟာဗျူဟာထိခိုက်မှုမရှိကြောင်းလည်း သမ္မတလီဂျေးမြောင်က သုံးသပ်ထားသည်။

မြောက်ကိုရီးယား အန္တရာယ်ပူးတွဲကာကွယ်ရေး အစီအစဉ်အရ အမေရိကန်အစိုးရသည် တောင်ကိုရီးယားနိုင်ငံ၌ တပ်ဖွဲ့ဝင်ဦးရေ ၂၈၅၀၀ နှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များ ဖြန့်ကြက်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ထိုင်းလွှတ်တော်သစ်အစည်းအဝေးများဖွင့်ပွဲ မတ် ၁၄ ရက်တွင် ကျင်းပမည်



**ဗန်ကောက် မတ် ၁၁**

ထိုင်းလွှတ်တော်သစ် အစည်းအဝေးများဖွင့်ပွဲကို မတ် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ထိုင်းဘုရင့်နန်းတော်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနကဖော်ပြထားသည်။

ပြီးခဲ့သည့်လက ကျင်းပခဲ့သော ထိုင်းလွှတ်တော် ရွေးကောက်ပွဲများတွင် လက်ရှိဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်၏ ဖုန်ဂျိုင်ထိုင်းပါတီက အမတ်နေရာ ၅၀၀ အနက် ၁၉၁ နေရာ ရရှိထားသည်။

အဓိက အတိုက်အခံပါတီဖြစ်သည့် ပြည်သူ့ပါတီကမူ အမတ်နေရာ ၁၂၀ ရရှိထားပြီး ဖွေထိုင်းပါတီက အမတ်နေရာ ၇၄ နေရာ ရရှိထားသည်။

ရွေးကောက်ပွဲအလွန် ကာလ ထိုင်းလွှတ်တော်သစ် အနေဖြင့် မတ် ၁၅ ရက်တွင် ပထမဆုံး အစည်းအဝေးကျင်းပ၍ လွှတ်တော်သစ်ကိုရွေးချယ်ရန်စီစဉ်ထားသည်။

အလားတူ ထိုင်းလွှတ်တော်သစ်သည် မတ် ၂၉ ရက်တွင် ဝန်ကြီးချုပ်တစ်ဦး ရွေးချယ်မည်ဖြစ်ကြောင်း ဖုန်ဂျိုင်ထိုင်းပါတီတာဝန်ရှိသူများက ပြောကြားထားသည်။

ဖုန်ဂျိုင်ထိုင်းပါတီသည် ဖွေထိုင်းပါတီနှင့်ပူးပေါင်း၍ ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## အီရန်ရေမြှုပ်မိုင်းချသင်္ဘော ၁၆ စီးကို ဟော်မုဇ်ရေလက်ကြားအနီး အမေရိကန်ဖျက်ဆီး

**ဝါရှင်တန် မတ် ၁၁**

ပါရှန်ပင်လယ်ကွေ့ ဟော်မုဇ်ရေလက်ကြားအနီး၌ အီရန်ရေတပ် ရေမြှုပ်မိုင်းချသင်္ဘော ၁၆ စီးကို မတ် ၁၀ ရက်တွင် တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း အမေရိကန်တပ်မတော်က သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဟော်မုဇ်ရေလက်ကြားဒေသ၌ အီရန်နိုင်ငံက ရေမြှုပ်မိုင်းများချနေကြောင်း သတင်းများထွက်ပေါ်နေချိန် အမေရိကန်ရေတပ်က အီရန်ရေမြှုပ်မိုင်းချသင်္ဘောများကို တိုက်ခိုက်ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံအနေဖြင့် ဟော်မုဇ်ရေလက်ကြားဒေသ၌ ချထားသော ရေမြှုပ်မိုင်းမှန်သမျှကို ချက်ချင်း ဖယ်ရှားပေးရမည် ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မတ် ၁၀ ရက်တွင် တောင်းဆိုထားသည်။

ထို့ပြင် ဟော်မုဇ်ရေလက်ကြားအတွင်းရှိ ရေမြှုပ်မိုင်းများကို ဖယ်ရှားခြင်းမရှိခဲ့ပါက စစ်ရေးအရ တိုက်ခိုက်မှုများနှင့် ပိုမိုရင်ဆိုင်ရမည်ဖြစ်ကြောင်းလည်း သမ္မတဒေါ်နယ်ထရမ့်က အီရန်ကိုသတိပေးပြောကြားထားသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်ကို စစ်ရေးအရတိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း ဟော်မုဇ်ရေလက်ကြားဒေသ၌ ရေကြောင်းသွားလာမှုများ စတင်ရပ်တန့်ခဲ့ရကြောင်း သိရသည်။

ပါရှန်ပင်လယ်ကွေ့ကို အိုမန်ပင်လယ်ကွေ့၊ အာရေဗီယန်ပင်လယ်တို့နှင့်ချိတ်ဆက်ပေးထားသော ဟော်မုဇ်ရေလက်ကြားသည် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းခန့် ဖြတ်ကျော်နေရသည့် မဟာဗျူဟာမြောက်ရေလမ်းကြောင်း ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တောင်ပိုင်း ဆင်ခြေဖုံးဒေသများကို အစ္စရေးတိုက်ခိုက်

**ဘေရွတ် မတ် ၁၁**

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ တောင်ပိုင်းဆင်ခြေဖုံးဒေသများကို အစ္စရေးတပ်မတော်က ယနေ့တွင် တိုက်ခိုက်မှုများ ထပ်မံပြုလုပ်ခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ရှီးယိုက်စ် လက်နက်ကိုင်အုပ်စုဖြစ်သည့် ဟစ်ဇ်ဘိုလာအဖွဲ့ခြေကုပ်ယူထားသော ဘေရွတ်မြို့ တောင်ပိုင်းဒေသများကို အစ္စရေး တပ်မတော်က ယနေ့တွင် ပြင်းထန်စွာတိုက်ခိုက်ခဲ့ကြောင်း လက်ဘနွန်နိုင်ငံပိုင် သတင်းဌာနများက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အစ္စရေးတပ်မတော်သည် ယနေ့မှာပင် ဘေရွတ်မြို့ရှိ အထပ်မြင့်အဆောက်အအုံတစ်လုံးကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း လက်ဘနွန်တာဝန်ရှိသူများက ပြောကြားထားသည်။

အီရန်ခေါင်းဆောင် အယာတိုလာခါမေနီ သေဆုံးမှုကိုတုံ့ပြန်သည့်အနေဖြင့် ဟစ်ဇ်ဘိုလာအဖွဲ့က အစ္စရေးနိုင်ငံကို မတ် ၂ ရက်တွင် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးတပ်မတော်က လက်ဘနွန်နိုင်ငံတွင်းရှိ ဟစ်ဇ်ဘိုလာပစ်မှတ်များကို နေ့စဉ်နီးပါးတုံ့ပြန်တိုက်ခိုက်ခဲ့သည်။

အစ္စရေးနိုင်ငံ၏ တိုက်ခိုက်မှုများကြောင့် မတ် ၂ ရက်မှ ၁၁ ရက်ထိ လက်ဘနွန်နိုင်ငံ၌ လူဦးရေ ၅၇၀ နီးပါးသေဆုံးခဲ့သည်။

အီရန်ရှီးယိုက်စ် ဘာသာရေးခေါင်းဆောင် အယာတိုလာခါမေနီသည် အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့၏ ဖေဖော်ဝါရီ ၂၈ ရက် စစ်ရေးတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## မြေထဲပင်လယ်ဒေသသို့ စစ်သင်္ဘောတစ်စီး ဗြိတိန်စေလွှတ်

**လန်ဒန် မတ် ၁၁**

မြေထဲပင်လယ်ဒေသ၌ဗြိတိန်၏ စစ်အင်အားကိုမြှင့်တင်သည့်အနေဖြင့် ဗြိတိန်ရေတပ်က စစ်သင်္ဘောတစ်စီးစေလွှတ်ထားကြောင်း မတ် ၁၀ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိတ်ချ်အမ်အက်စ်ဒရာဂွန် စစ်သင်္ဘောသည် မတ် ၁၀ ရက်တွင် အင်္ဂလန်တောင်ပိုင်း ပို့သ်မောက်ဆိပ်ကမ်းမှတစ်ဆင့် မြေထဲပင်လယ်အရှေ့ပိုင်းသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း ဗြိတိန်ရေတပ်က သတင်းထုတ်ပြန်ထားသည်။

ဆိုက်ပရပ်စ်နိုင်ငံရှိ ဗြိတိန်စစ်စခန်းတစ်ခု မောင်းသူမဲ့ဒရုန်းယာဉ်ဖြင့် မတ် ၁ ရက်တွင် တိုက်ခိုက်ခံခဲ့ရပြီးနောက် ဗြိတိန်ရေတပ်က မြေထဲပင်လယ်ဒေသသို့ အိတ်ချ်အမ်အက်စ်ဒရာဂွန်ကို စေလွှတ်ခဲ့ခြင်းဖြစ်သည်။



အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ဖေဖော်ဝါရီ ၂၈ ရက်တွင် စစ်ရေးအရ စတင်တိုက်ခိုက်ခဲ့ပြီးနောက် အီရန်နိုင်ငံက အရှေ့အလယ်ပိုင်းနှင့် မြေထဲပင်လယ်ဒေသနိုင်ငံများကို မောင်းသူမဲ့ဒရုန်းယာဉ်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ဆိုက်ပရပ်စ်နိုင်ငံ၌ တည်ရှိသည့် အခရိုတီရီ ဗြိတိန်လေတပ်စခန်းကိုလည်း မတ် ၁ ရက်တွင် အီရန်မောင်းသူမဲ့ ဒရုန်းယာဉ်တစ်စင်းက တိုက်ခိုက်ခဲ့သည်။

အိတ်ချ်အမ်အက်စ်ဒရာဂွန် စစ်သင်္ဘောသည် အီရန်မောင်းသူမဲ့ ဒရုန်းယာဉ်များနှင့် ဒုံးကျည်များကို ကြားဖြတ်ဟန့်တားပေးနိုင်သည်ဟု ဗြိတိန်ရေတပ်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# မေတ္တာစွမ်းအင်

ခင်လေး(ပြည်ထောင်စုနယ်မြေ)




### အခန်း(၁)

စွမ်းအင်တဲ့လေ၊ သိပ်လှတဲ့ မြန်မာစကားလေး နှစ်လုံးပါပဲ။ နှစ်လုံးပေါင်းလိုက်မှ ပြည့်စုံလွန်းတဲ့ စကားလေးပါလားလို့ ကျွန်မတွေးနေမိတယ်။ စကားလုံးလေး တစ်လုံးတည်းကျပြန်တော့လဲ အဓိပ္ပာယ်ကမပြည့်စုံသလောက် စွမ်းဆိုတဲ့ စကားလုံးနဲ့ အင်ဆိုတဲ့ စကားလုံးလေး ပေါင်းလိုက်တော့လဲ သိပ်ကိုအကျိုးအာနိသင်ရှိတဲ့ စကားလုံးလေးဖြစ်နေပြန်ပါရောလားရှင်။

မီးထွန်းရန်၊ ယာဉ်များ သွားလာရန်၊ စက်ကိရိယာများလည်ပတ်ရန် စသည်တို့အတွက်သာမက စားနပ်ရိက္ခာ ဖူလုံရေး၊ ရေရရှိရေး စသည်တို့အတွက်ပါတိုး၍ လိုအပ်လာနေသော စွမ်းအင်ကိုရယူရာ၌ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် လိုက်လျောမှုမရှိသည့် ရုပ်ကြွင်းလောင်စာများကသာ ယနေ့ကမ္ဘာ့စွမ်းအင်ကဏ္ဍတွင် နေရာအများဆုံးယူထားဆဲဖြစ်သည်။

“သမီးရေ… တူလေးကျောင်းဆင်းချိန် နီးနေပြီနော် သွားကြိုပေးမယ်ဆို မေ့နေမှာစိုးလို့ သတိပေးတာကွဲ့…”အောက်ထပ်မှ မေမေအော်သံကိုကြားရသည်။ ရေးလက်စ စာမူကို တစ်ခေါက်ပြန်ဖတ်ကြည့်နေရာမှရပ်လိုက်သည်။ “ဟုတ်ကဲ့ မေမေ သမီးသွားကြိုပေးပါ့မယ် ခဏလေးနော်၊ ရေးလက်စစာမူတွေ သေချာသိမ်းလိုက်အုံးမယ်မေမေ” အသံဆုံးသည်နှင့်တစ်ပြိုင်နက် စာရေးစားပွဲမှ ထရပ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့လိုက်သည်။

အိမ်ကဒရိုင်ဘာ ကိုအောင်မောင်းက ခွင့်တစ်ရက်ယူထားသည်။ သူ့မိသားစုကိစ္စဟုပင် ထင်ပါသည်။ ကျွန်မကိုယ်တိုင်ပင် ကားမောင်းရပေအုံးတော့မည်။ အတွေးများလွန်းသော ကျွန်မကို ကျွန်မအိမ်က မိသားစုတွေက ကားမမောင်းစေချင်ကြပေ။ ဒီနေ့တော့ မတတ်နိုင်တော့၊ ကျွန်မကိုယ်တိုင် ကားမောင်းမှဖြစ်တော့မည်။ မနက်က တူတော်မောင်ကို သူများကားကြုံနှင့် ကျောင်းထည့်ပေးလိုက်ရသည်။ ကျောင်းဆင်းချိန်ကိုတော့ သွားကြိုမှ ဖြစ်တော့လိမ့်မည်။ မနက်ခင်းကတည်းက သူများကားကြုံနှင့် ကျောင်းသို့လိုက်သွားရခြင်းအတွက် တူတော်မောင့်မျက်နှာမကြည်မလင် ဖြစ်သွားမှန်းလဲ ကျွန်မရိပ်မိလိုက်သည်။ သို့ဖြင့် အိမ်မှကားကို ကိုယ်တိုင်မောင်းပြီး တူလေးတို့ ကျောင်းဘက်ဆီကို ဦးတည်ကာ မောင်းထွက်လာခဲ့လိုက်သည်။ အိမ်တွင် ကျန်ခဲ့သူမိသားစုအားလုံးကဖြင့် ပါးစပ်မပိတ်နိုင် တစ်ယောက်ပြီးတစ်ယောက်တတွတ်တွတ်မှာကြားသတိပေးရင်းသာ ကျန်ခဲ့ကြတော့သည်။

“ခင်လေးရေ… ကားမောင်းနေတုန်း စာရေးဖို့ကိစ္စတွေ ဇာတ်လမ်းတွေမတွေးနေနဲ့နော် အိမ်ရောက်မှတွေး ကြားလားသမီးရေ…”ဆိုတာက တစ်မျိုး။ “ညီမလေး ကားမောင်းနေတုန်း နင့်ဇာတ်ကောင်တွေအကြောင်း စိတ်ထဲမှာမစဉ်းစားနေနဲ့ ခဏလောက်အာရုံဖြတ်ထားအုံးနော်ကြားလား ကောင်မလေး…” ဆိုတာက တစ်ဖုံ။ “ကောင်မလေး နင့်ဝတ္ထုထဲက ဇာတ်ကောင်က နင်ဖြစ်သွားအုံးမယ်နော် လမ်းကိုဂရုစိုက်မောင်းကြားလား ညီမလေး”လို့ မှာသူက တစ်သွယ်။

“စိတ်ချပါရှင့် ဘာမှမဖြစ်စေရပါဘူး၊အကောင်းအတိုင်း ပြန်လာခဲ့ပါ့မယ်နော်…ဟီး ဟီး…” အဲ့လို နောက်နောက်ပြောင်ပြောင်လေးပြန်ဖြေရင်း ကားကိုမောင်းထွက်လာခဲ့ပါသည်။ ကားဆီမှတ်ကို ကြည့်လိုက်တော့ ဒီခရီးစဉ်အတွက်တော့ လုံလောက်နေသေးသည်မို့ စက်သုံးဆီဆိုင်ဝင်ရောက်တန်းစီရန် မလိုအပ်သေး။ ဆီဝင်ဖြည့်နေလျှင် တူတော်မောင်နှုတ်ခမ်းစူနေမှာလဲ ကြိုသိနေသည်။ ကျောင်းဆင်းလျှင် အမြဲလိုလို ဗိုက်ဆာနေတတ်သည့်ကလေးက အိမ်သို့သာ ရောက်ချင်ဇောကပ်နေပေလိမ့်မည်။ ကားလမ်းတွေမပိတ်ပါစေနဲ့ဟုလည်း ဆုတောင်းရသေးသည်။အလျင်လိုလျှင် အနှေးဖြစ်တတ်သည့် သဘာဝ တစ်ခါတစ်ရံ ကားလမ်းတွေက ပိတ်တတ်သည်။ တစ်ခါကဆိုလဲ ခင်လေးကိုယ်တိုင်ကားမောင်း၍သွားရသည့် ခရီးစဉ်တစ်ခုတွင် ကားလမ်းပိတ်တာမှ တော်တော်လေးကိုကြာသည်။ ဘယ်လောက်ထိကြာသလဲဆို ရေးလက်စစာမူကို ကားစတီယာရင်ကိုင်ရင်းက စိတ်နဲ့ဆက်ပြီး ရေးကြည့်နေလိုက်တာများ စာမူထဲက ချစ်သူနှစ်ယောက် မိဘသဘောတူ၊ မင်္ဂလာဆောင်၊ ကလေးတွေကို မွေးတဲ့အထိရောက်ရော။ နောက်မှကားက ဟွန်းတတီတီမြည်နေမှ အတွေးစပြတ်သွားခဲ့တော့သည့်အဖြစ်။ အဲ့ဒီလိုမျိုးဆိုတော့ကာ…။

### အခန်း(၂)

၁၉၈ဂ ပြည့်နှစ်ဝန်းကျင် နောက်ပိုင်း၌ ကက်စပီယမ်ရေနံနှင့် သဘာဝဓာတ်ငွေ့များ ဈေးကွက်အတွင်း ပိုမိုဝင်ရောက်လာခြင်း စသည့်ဖြစ်ရပ်များ၊ ရေနံကြောအသစ် ရှာဖွေတွေ့ရှိခြင်း စသည်တို့က လူဦးရေနှင့် စွမ်းအင်ပိုမိုလိုအပ်လာမှုကို တစ်စိတ်တစ်ပိုင်းဖြေရှင်းပေးသည်မှာ မှန်သော်လည်း ယင်းအချက်ကြောင့်ပင် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းနှင့် ကမ္ဘာ့ရာသီဥတုစနစ်ကြီး တစ်ခုလုံးကို ပြောင်းလဲစေမည့် လက္ခဏာများသည် မူလကမသိမသာ ပေါ်ပေါက်နေခဲ့ရာမှ နောက်ပိုင်းတွင် ကမ္ဘာ့နေရာအများအပြား၌ မြင်သာထင်သာ ရှိလာခဲ့သည်။

“တီလေး…တီလေး သားခေါ်နေတာ ကြာလှပြီ ဘာတွေ စဉ်းစားနေတာလဲ…” “ဩော်… သားလေး ပြောလေ၊ ဘာမှမစဉ်းစားပါဘူး သားကိုလာကြိုတုန်းက စက်သုံးဆီဆိုင်တွေရှေ့မှာ တန်းစီနေတဲ့ ယာဉ်တန်းရှည်ကြီးကိုတွေ့ပြီး တီလေးဖတ်ဖူးတဲ့ စာလေးတစ်ပုဒ်ကို သတိရပြီး ပြန်စဉ်းစားနေမိလို့ပါဟယ်၊ ကဲ… ပြော သားကဘာမေးချင်လို့လဲ”

“သားလဲ အဲ့ဒါမေးမလို့၊ အရင်နေ့တွေက အဲ့လိုကြီးမများပါဘူးတီလေးရယ်..” စက်သုံးဆီဆိုင်ဆိုင်ရှေ့တည့်တည့် ကားဖြတ်မောင်းလာတော့ တူတော်မောင်ထံမှ ကျွန်မအတွက် မေးခွန်းတစ်ပုဒ် ထပ်ထွက်လာပြန်သည်။

“တီလေး… သားတို့ကားရော… ဆီမထည့်ထားသေးဘူးလား၊ မနက်ဖြန်သားကို မနက်အစောကြီး လိုက်ပို့ရအုံးမှာနော် ဆီဖြည့်ထားလိုက်အုံးလေ”

“တို့ကားမှာ ဆီရှိပါသေးတယ်ကွ” “တီလေးကလဲ ဟိုမှာ သူများတွေ အကြိတ်အနယ် တန်းစီနေကြတာ မတွေ့ဘူးလား၊ နောက်ရက်တွေ ဆီမရမှာစိုးလို့လားမှ မသိတာ”

“သားရယ်… တီလေး ပြောပြမယ် အခု သားလေးဖြစ်နေတဲ့စိတ်မျိုး လူတိုင်းမှာဖြစ်နေကြလို့ ဒီကနေ့ စက်သုံးဆီမလုံလောက်တဲ့ပြဿနာဆိုတာ ဖြစ်နေတာလေ” “ဘာဆိုင်လို့လဲ တီလေးကလဲ…” ကျွန်မ၏ စကားဆိုလိုရင်းကို သားလေးကောင်းစွာနားလည်ဟန်မရှိသေးမှန်းသိရှိသော်လည်း ကားကိုသာ ဂရုစိုက်မောင်းနေရ၍ အကျယ်တဝင့်မရှင်းပြနိုင်သေးပေ။ ကျောင်းဆင်းချိန်ဖြစ်၍ လမ်းပေါ်တွင် ကားများက ကျပ်ညပ်ရှုပ်ထွေးနေသည်။ များလိုက်သည့်ဖြစ်ခြင်း။ ကျောင်းကြိုပို့ယာဉ်တွေနှင့် အိမ်စီးကားတွေက အထပ်ထပ်ဖြစ်နေသေးသည်။ ကားစီးနိုင်တဲ့ လူတန်းစားပိုများလာတဲ့သဘောဟု သတ်မှတ်ရလေမည်လားမသိ။

“အိမ်ရောက်တော့မှ သားကို တီလေးသေသေချာချာရှင်းပြမယ်သားလေးရေ ခု ခဏလေးနော်…” ကားကို တူဝရီးနှစ်ယောက်နှင့်အတူ ကောင်းကောင်းမွန်မွန်ဘေးမသီရန်မခ အထိအခိုက်မရှိဘဲ ခြံထဲဝင်လာတာမြင်မှပင် မေမေနှင့်အတူ အိမ်တွင်ကျန်ခဲ့သည့်အဖွဲ့ သက်ပြင်းချနိုင်ကြောင်းပြောရင်း ထွက်ကြိုနေကြလေသည်။

“ဆီထပ်ဖြည့်ခဲ့သေးလား ညီမလေး”“ဟင့်အင်း… မနက်ဖြန်အတွက် ရှိသေးတယ်လေ၊ မနက်ဖြန် ကျောင်းသွားပို့ပြီးအပြန်မှ ဝင်ဖြည့်ခဲ့မယ်၊ အခု ဆီဆိုင်မှာ လူတွေတန်းစီနေတာ အများကြီးပဲ မြင်ခဲ့တယ်၊ ညီမလေးတို့ကားထဲ ဆီမှမလိုသေးတာ၊ ဆီလိုနေတဲ့ကားတွေဖြည့်ပါစေ” “သားကဖြည့်ပါလို့ပြောတယ် တီလေးက မဖြည့်သေးဘူးလို့ပြောတာ…” ဆီဝင်မဖြည့်ခဲ့လို့ တူတော်မောင်က အစာမကြေချင်သေးပေ။ “သားရယ် ကိုယ့်မှာလဲ လုံလောက်နေသေးတယ်ဆိုရင် လောဘမကြီးရဘူးလေ” ကျွန်မ ဒီမျှလောက်သာပဲ ပြောထားလိုက်ပါတယ်။ သားငယ်လေးရဲ့ စိတ်ဓာတ်လေးကို ခွန်အားကောင်းတွေဖြည့်ပေးဖို့တော့ လိုအပ်နေပြီ။

### အခန်း(၃)

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စွမ်းအင်ပြဿနာကို ဖြေရှင်းရာ၌ မိမိတို့နိုင်ငံ၏ ပကတိအရှိတရားကို အမှန်အတိုင်းသုံးသပ်ရန်လိုအပ်သည်။ ရေနံသည် ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်းတွင် ကမ္ဘာ့ပထဝီနိုင်ငံရေး၌ ပို၍အရေးပါသောအခန်းကဏ္ဍသို့ ရောက်ရှိလာခဲ့ပေသည်။ ရေနံသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး စသည်တို့တွင် အရေးပါအရာရောက်သော အချက်တစ်ချက်ဖြစ်လာသည်။ လိုအပ်ချက်တိုင်းတွင် အကျိုးသက်ရောက်မှုတို့ရှိသကဲ့သို့ ၎င်းလိုအပ်ချက်နှင့်အတူ အလေးဂရုပြုရမည့် အချက်များလည်းရှိပါသည်။ ယင်းမှာ ရေနံသည် ပတ်ဝန်းကျင်လေထုကို ညစ်ညမ်းစေသည်။ ထို့မျှမက ရေထုနှင့်မြေထုထဲသို့ ယိုဖိတ်စိမ့်ဝင်ခြင်းဖြင့်လည်း သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည်ဆိုသော အချက်ပင်ဖြစ်သည်။

“တီလေး ဘာလုပ်နေတာလဲ၊ စာရေးနေတာလား၊ စောစောက သားကိုလာခေါ်တယ်ဆိုလို့လေ၊ သားက သွားကစားတော့မလို့၊ မေမေက တီလေးဆီ သွားလိုက်အုံး တီလေးခေါ်နေတယ်တဲ့၊ဟုတ်လား တီလေး သားကို ဘာခိုင်းမလို့လဲ” “သားရဲ့ ဆရာမပြန်သွားပြီလား၊ စာသင်ပြီးရင် သားနဲ့တီလေး တစ်ခုခုထွက်စားရအောင်၊ သားကိုစောင့်ရင်းနဲ့ စာမူလေးတစ်ပုဒ်ရေးနေတာပါကွာ၊ ကဲတို့တူဝရီးနှစ်ယောက် ကြက်ကြော်သွားစားကြမယ်” “ဟေး… ဒါမှတို့ တီလေး…ကွ”

“ဒီနေ့ရုံးတွေ၊ ကျောင်းတွေ ပိတ်တယ်ဆိုပေမယ့် မြို့ထဲမှာ ကားမောင်းရင်တော့ သတိထားမောင်းနော် တူဝရီးနှစ်ယောက်လုံး ဖြည်းဖြည်းနော်” “ဟုတ်ကဲ့ ဘွားဘွား၊ တီလေးကို ကားမောင်းရင်း အတွေးမလွန်အောင် သားကဘေးနားကထိုင်ပြီး စကားတွေပြောပေးထားမယ် ဘွားဘွား…” “အောင်မယ် ငါ့မြေး သူကပဲပြောရတယ်ရှိသေး၊ အေးပါ တီလေးကလဲ သားလေး ဘေးမှာရှိနေမှ ကားမောင်းရတာ အဆင်ပြေတာသားရဲ့ နော်”

နိုင်ငံတိုင်းရဲ့ အနာဂတ်လှပစေဖို့ဆိုရင် အဲ့ဒီနိုင်ငံရဲ့ လူငယ်တွေကောင်းဖို့၊ တော်ဖို့လိုပါတယ်။ တော်ရုံနဲ့ မရသေးဘူးလေ၊

❖ “တီလေး ကိုယ်ပြောတဲ့စကားကိုယ် မေ့သွားပြီလား၊ ကိုယ်ချင်းစာစိတ်က ကိုယ်ရချင်စိတ်ကိုအနိုင်ယူနိုင်မှ လူပီသတယ်ဆို၊ သားတို့ပိုက်ဆံပါသလောက်ဖြည့်လိုက်ရင် နောက်ကစောင့်နေတဲ့ယာဉ်တွေ၊ လုပ်ငန်းဆောင်ရွက်နေတဲ့ကားတွေ၊ ခရီးသည်ယာဉ်တွေ၊ အနှေးယာဉ်တွေအားလုံးကို ဆီလောက်လောက်ငငမရတော့ရင် သတင်းတု၊ သတင်းမှားလွှင့်နေတဲ့အဖွဲ့က သားတို့မြန်မာနိုင်ငံမှာ စက်သုံးဆီပြဿနာတက်နေပြီလို့ လူမှုကွန်ရက်ကနေတစ်ဆင့် လျှောက်ပြီးရေးကြအုံးမယ်။ ကျောင်းမှာလဲ သားကသူငယ်ချင်းတွေကို တီလေးပြောပြသလိုပြောပြလိုက်တော့ သူတို့က လက်ခံတယ် တီလေးရဲ့၊ သားတို့ နေ့တိုင်း လိုသလောက်ပဲဖြည့်ရအောင်နော်၊ သူများတွေလဲ အဆင်ပြေအောင်လို့လေ”❖

စာမျက်နှာ ၈ သို့

**❖ အသိပေးထုတ်ပြန်မှု**

စက်သုံးဆီများ ဆက်လက်ရောင်းချပေးမည်ဖြစ်ပါသည်။ အကယ်၍ တစ်ရက်အတွင်း နောက်တစ်ကြိမ် ထပ်မံဝယ်ယူရန် မည်သည့်ဆိုင်တွင်မဆို Scan ဖတ်ပါက ၎င်းရက်အတွင်း ပထမအကြိမ်ဝယ်ယူခဲ့မှုကို ဖော်ပြပေးမည်ဖြစ်ကာ ဆီဝယ်ယူခွင့်ရရှိမည်မဟုတ်ဘဲ နောက်တစ်ရက်တွင်မှသာ ထပ်မံဝယ်ယူခွင့်ရရှိမည်ဖြစ်ပါသည်။တစ်ရက်အတွင်း တစ်ကြိမ်ဝယ်ယူပြီးနောက် ထပ်မံတန်းစီဝယ်ယူမှုများ မရှိစေရေး စိစစ်တားမြစ်သွားမည်ဖြစ်ပါသည်။


မော်တော်ဆိုင်ကယ်များ၏ Wheel Tax တွင် Barcode မပါရှိသည့်အတွက် အရောင်းဆိုင်တွင် QR Code များထုတ်ယူရမည်ဖြစ်ပါသည်။ ယင်းသို့ ထုတ်ယူနိုင်ရေးအတွက် ယာဉ်ပိုင်ရှင်များအနေဖြင့် ဆိုင်ကယ်၏ Wheel Tax ကို အရောင်းဆိုင်ဝန်ထမ်းသို့ပေးအပ်ပြီး ဝန်ထမ်းက Application တွင် ယာဉ်နံပါတ်နှင့် သက်တမ်းကုန်ဆုံးရက်များဖြည့်သွင်းကာ QR Code ထုတ်ပေးမည်ဖြစ်ပါသည်။ ယင်း QR Codeကို ပိုင်ရှင်အနေဖြင့် ဖုန်းဖြင့် ဓာတ်ပုံရိုက်ယူခြင်း သို့မဟုတ် အရောင်းဆိုင်က Print ထုတ်ပေးခြင်းဖြင့် ရယူသိမ်းဆည်းထားရှိရန် လိုအပ်မည်ဖြစ်ပါသည်။စက်သုံးဆီဝယ်ယူသည့်အခါတိုင်း ၎င်း QR Code ကို အရောင်းဆိုင်ဝန်ထမ်းသို့ ပြသဝယ်ယူနိုင်မည်ဖြစ်ပြီး မော်တော်ယာဉ်များတွင် စိစစ်သကဲ့သို့ တစ်ရက်အတွင်း နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ဝယ်ယူမှုမရှိစေရေး စနစ်ကအလိုအလျောက် စစ်ဆေးရောင်းချပေးသွားမည်ဖြစ်ပါသည်။

အရောင်းဆိုင်များမှ စက်သုံးဆီများ စိစစ်ရောင်းချရာတွင် နိုင်ငံတော်က ထုတ်ပြန်ထားရှိသည့် မူဝါဒများနှင့်အညီ ယာဉ်အသုံးပြုခွင့် ခွင့်ပြုထားမှုအလိုက် စက်သုံးဆီရောင်းချနိုင်ရေးကိုလည်း တစ်ပါတည်းစစ်ဆေးမည်ဖြစ်ပါသဖြင့် မိမိယာဉ်အသုံးပြုခွင့်ရှိသည့်ရက်များအတွက်သာ စက်သုံးဆီဝယ်ယူခွင့်ရရှိမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။


နေပြည်တော် ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့ တို့တွင် ၁၂-၃-၂၀၂၆ ရက်မှ စတင်၍ စက်သုံးဆီအရောင်းဆိုင်များ၌ Application ဖြင့် အလိုအလျောက်စစ်ဆေးသည့် နည်းလမ်းကို စမ်းသပ်အသုံးပြုသွားမည်ဖြစ်ပြီး စနစ်ကို လိုအပ်သောစစ်ဆေးပြုပြင်မှုများဆောင်ရွက်ပြီးပါက ကျန်မြို့ကြီးများတွင်လည်း ဆက်လက်၍ Application ကို အသုံးပြုသွားမည်ဖြစ်ပါသည်။

ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးမှုများကြောင့် စက်သုံးဆီအရောင်းဆိုင်များတွင် ယာဉ်တန်းစီမှုများလျော့ကျသွားပြီး ပုံမှန်ဖြန့်ဖြူးရောင်းချနိုင်သည့်အခြေအနေသို့ပြန်လည်ရောက်ရှိခဲ့ပါသည်။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း နေပြည်တော်ရှိရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ Online Monitoring Center တွင် စက်သုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းစဉ် (Supply Chain) တစ်လျှောက်ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကြပ်မတ်လျက်ရှိခြင်း၊ စက်သုံးဆီရောင်းချမှုများနှင့်ပတ်သက်၍ မြို့ကြီးများရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချပေးသည့် ယာဉ်အမျိုးအစား၊ ယာဉ်နံပါတ်၊ ဆီအမျိုးအစားနှင့်ပမာဏ၊ ရောင်းချပေးသည့်ဈေးနှုန်း စသည်တို့ကိုလည်း အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကြပ်မတ်လျက်ရှိခြင်းတို့အပြင် ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိစေရေးကိုလည်း အစီအမံအတိုင်း အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**



Barcode Scan ဖတ်မည်





တစ်ရက်အတွင်း စက်သုံးဆီမဝယ်ရသေးသောယာဉ် Barcode Scanဖတ်လျှင် တွေ့ရမည့်အခြေအနေ




၎င်းရက်တွင် ဒုတိယအကြိမ်ဝယ်ပါက Barcode Scan ဖတ်လျှင် တွေ့ရမည့်အခြေအနေ




ဆိုင်ကယ်နံပါတ်နှင့် လိုင်စင်သက်တမ်းကုန်ဆုံးရက်ဖြည့်သွင်းရန်




QR Code ကို ဓာတ်ပုံရိုက်ယူရန် သို့မဟုတ် Print ထုတ်ယူရန်

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

**စာမျက်နှာ ၇ မှအဆက်**

ကောင်းလဲကောင်းမှုဖြစ်မယ်။ ဘယ်လိုကောင်းရမလဲလို့ တူတော်မောင်က ပြန်မေးလိမ့်မယ်ဆိုတာ ကျွန်မသိတယ်။ ဒီနေ့တော့ ကျွန်မရဲ့ ကိုယ်ပိုင်အချိန်ကိုအသုံးချလို့၊ ကိုယ်ပိုင်ငွေနဲ့ သူစားချင်တာဝယ်ကျွေးပြီးတော့ကို လူငယ်ကောင်းမှ နိုင်ငံကောင်းမှာမို့ လူငယ်တစ်ယောက်ရဲ့စိတ်ဓာတ်နဲ့ အတွေးအခေါ်ကို လမ်းမှန်ပေါ်ဆွဲတင်ဖို့ ကျွန်မတတ်စွမ်းသမျှနှင့် ကြိုးစားကြည့်ချင်မိပါသည်။

“တီလေး သားတို့ကားဆီဖြည့်ရမှာနော် မေ့နေအုံးမယ်၊ တော်ကြာ လမ်းမှာဆီပြတ်သွားရင်တော့ မောပြီနော်” “ အမလေးဟယ်မပြတ်ပါဘူး တီလေးသိပါတယ်၊ ကဲ ရှေ့မှာစက်သုံးဆီဆိုင်ပါတော်ရယ် တီလေးတို့ ဝင်ထည့်မယ်လေ၊ ကားတွေဆိုင်ကယ်တွေလဲ မနေ့ကလောက်မများဘူးသားရေ အဆင်ပြေလိုက်တာ” ကျွန်မတို့ ကားအလှည့်ရောက်တော့ ပန့်ကိုင်ထားတဲ့ဝန်ထမ်းက အန်တီ ဘာဆီထည့်မလဲ ဘယ်လောက်ဖိုးထည့်မလဲလို့ ထုံးစံအတိုင်းမေးပါတယ်။ 92 ထည့်မယ်သား၊ ၂၀၀၀၀ဖိုး ထည့်မယ်နော်လို့ ကျွန်မက ပြန်ဖြေလိုက်တဲ့အခါ ကျွန်မဘေးမှာထိုင်နေတဲ့ တူတော်မောင်က အလန့်တကြားနဲ့ ထအော်ပါတော့တယ်။

“ဟာ... တီလေးကလဲ ဆီရှိတုန်းများများ ထည့်ထားလေ နောက်တစ်ခါ ဟိုတစ်နေ့ကလို ဆီပြတ်နေလို့ ယာဉ်တစ်စီးကို ငါးထောင်ဖိုးပဲရမယ်တို့ တစ်သောင်းဖိုးပဲရောင်းပေးမယ်လို့ ဖြစ်နေအုံးမယ်နော်”

ကျွန်မကို မကျေနပ်သလိုလို ဟိုတစ်နေ့ကဖြစ်ပွားခဲ့သော စက်သုံးဆီပြတ်တောက်မှုဖြစ်စဉ်ကို စိုးရိမ်ထိတ်လန့်နေဟန်ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

“သားရယ်...အမှန်ကလေ၊ ပုံမှန်ဆိုရင် အဲ့ဒီနေ့က စက်သုံးဆီမပြတ်ပါဘူးကွယ်၊ မင်းတို့တွေ သိပ်ကိုယုံကြည်အားကိုးနေကြတဲ့ Online ပေါ်က သတင်းတု၊ သတင်းမှားနဲ့ လုပ်ကြံသတင်းတွေကိုဖတ်ပြီး လျှောက်ပြောနေကြတာပါကွဲ့၊ လိုင်းပေါ်မှာ မဟုတ်တဲ့၊ မမှန်တဲ့သတင်းတွေကို ဖွတဲ့အဖွဲ့ကဖွ ယုံတဲ့အဖွဲ့ကယုံ လိုက်လဲလိုက်ကြပါတယ်”

“ဘာလို့ဖွတာလဲ တီလေး” “သားရယ် အဲ့ဒီလိုလူတန်းစားတွေက နိုင်ငံတိုင်းမှာ အနည်းနဲ့အများတော့ ရှိကြပါတယ်၊ ဖျက်လိုဖျက်ဆီးလုပ်ချင်တဲ့စိတ် ကိုယ့်အရိပ်ကိုယ်ပြန်နင်းချင်တဲ့စိတ် ရှိသူတွေလို့ပဲ တီလေးက သတ်မှတ်တယ်” ကျွန်မစကားလုံးတိုင်းကို သားလေး သဘောပေါက်ချင်မှ ပေါက်ပါလိမ့်မည်။ အခုလောလောဆယ်တော့ သားကို ပြောလက်စစကားကို ခဏရပ်ထားလိုက်ပြီး ကားထဲကို ဆီဖြည့်ရန် ဆိုင်ဝန်ထမ်းကလေးမလေးကို “သမီးရေ 92 ၂၀၀၀၀ ဖိုး ထည့်မယ်နော်”ဟု ပြောလိုက်ပါသည်။

“ ဟင်... တီလေးကလဲ ပိုက်ဆံမပါလို့လား ၂၀၀၀၀ ဖိုးတဲ့...” “ဟဲ့လောက်ပြီလေသားရဲ့ ဘာလုပ်ဖို့လဲ၊ ကိုယ့်ကားအတွက် ဒီလောက်များများကြီးလဲ မလိုအပ်တဲ့အရာတွေကို လောဘဇောမတိုက်ချင်စမ်းပါနဲ့သားရယ်၊ ဒီစက်သုံးဆီဆိုင်က အမြဲရောင်းပေးနေတဲ့ဟာပဲ”

“တီလေးမှားနေပြီ ဒီဆိုင်က အမြဲမရောင်းနိုင်ဘူး တီလေးရဲ့ ဟိုနေ့တွေက ဆီပြတ်သွားလို့ တန်းစီနေတဲ့ ကားတွေ ဆိုင်ကယ်တွေမှ ပြန်လှည့်ပြန်သွားကြရတာ အများကြီးပဲလေ၊ တီလေးကလဲ သိရဲ့သားနဲ့ ရောင်းပေးတုန်း ထည့်ထားလိုက်ပါအုံးလားလို့” “လောဘကြီးလိုက်တာ သားရယ်” အင်း... ဒီပုံစံအတိုင်းဆိုရင်တော့ ကျွန်မရဲ့ တူတော်မောင်လဲ အဆိပ်မိနေပြီပဲ။

သားကတစ်ဆင့် နောက်တစ်ယောက်ကိုအဆိပ်မပျံ့နှံ့စေချင်တော့ပါ။ အဲ့ဒီနေ့က သားကို ကျွန်မနောက်ထပ်စက်သုံးဆီကိစ္စ ဘာမှထပ်မပြောဘဲ မသိမသာ နေပေးလိုက်ပါတယ်။ သူနှစ်သက်တဲ့ အစားအသောက်တွေနဲ့ အသုံးအဆောင်တွေ ဝယ်ပေးပြီးတော့သာ အိမ်ပြန်လာခဲ့လိုက်ပါတော့တယ်။

**အခန်း( ၄ )**

တူတော်မောင်ရဲ့ အဆိပ်မိနေတဲ့ အသိဉာဏ်တွေကို သန့်ရှင်းရေးလုပ်တဲ့လုပ်ငန်း ထိထိရောက်ရောက် အောင်မြင်တယ်ဆိုတဲ့အကြောင်း ကြွားပါရစေ။ ဒီနေ့ ညနေကျောင်းဆင်းချိန် ထုံးစံအတိုင်း စက်သုံးဆီဝင်ဖြည့်ကြတော့ ကျွန်မဘက်ကိုလှည့်ပြီး “တီလေး သားတို့ကားကို ၂၀၀၀၀ ဖိုးပဲဖြည့်မယ်နော်” “ဘာလို့လဲ တီလေးမှာပိုက်ဆံပါတယ်လေ မင်းဖြည့်ချင်သလောက်ဖြည့်လေ” “တီလေး ကိုယ်ပြောတဲ့စကားကိုယ် မေ့သွားပြီလား၊ ကိုယ်ချင်းစာစိတ်က ကိုယ်ရချင်စိတ်ကို အနိုင်ယူနိုင်မှ လူပီသတယ်ဆို၊ သားတို့ ပိုက်ဆံပါသလောက် ဖြည့်လိုက်ရင် နောက်က စောင့်နေတဲ့ယာဉ်တွေ၊ လုပ်ငန်းဆောင်ရွက်နေတဲ့ ကားတွေ၊ ခရီးသည်ယာဉ်တွေ၊ အနေးယာဉ်တွေအားလုံးကို ဆီလောက်လောက်ငငမရတော့ရင် သတင်းတု၊ သတင်းမှားလွှင့်နေတဲ့အဖွဲ့က သားတို့မြန်မာနိုင်ငံမှာ စက်သုံးဆီပြဿနာတက်နေပြီလို့ လူမှုကွန်ရက်ကနေတစ်ဆင့် လျှောက်ပြီးရေးကြအုံးမယ်။ ကျောင်းမှာလဲ သားကသူငယ်ချင်းတွေကို တီလေးပြောပြသလို ပြောပြလိုက်တော့ သူတို့က လက်ခံတယ် တီလေးရဲ့၊ သားတို့ နေ့တိုင်းလိုသလောက်ပဲ ဖြည့်ရအောင်နော်၊ သူများတွေလဲ အဆင်ပြေအောင်လို့လေ” ကျွန်မရဲ့တူတော်မောင်ကတော့ လူပီသတဲ့လူသားလေးတစ်ယောက်၊ မေတ္တာစွမ်းအင် အားကောင်းတဲ့လူသားလေးတစ်ယောက် ဖြစ်လို့နေပါပြီရှင်။

လူတိုင်းမှာသာ မေတ္တာစွမ်းအင် လုံလုံလောက်လောက်ရှိကြမယ်ဆိုရင် ဘယ်လိုအသုံးဝင်ပစ္စည်းမျိုးမှ မရှားပါးနိုင်ဘူးလို့ ပြောချင်တာပါ။ ကျွန်မတို့ပတ်ဝန်းကျင်မှာ ရှားပါးနေတဲ့စွမ်းအင် စက်သုံးဆီစွမ်းအင်မဟုတ်ပါဘူး၊ မေတ္တာစွမ်းအင် ရှားနေလို့ပါ။ တကယ်တော့ စက်သုံးဆီစွမ်းအင်က မရှားပါးပါဘူး။ ရှားပါးပြီး လိုအပ်နေတာက မေတ္တာစွမ်းအင်ပါလို့ပဲ ကျွန်မယုံကြည်နေမိပါတော့တယ်ရှင်။

## ပြင်သစ်နိုင်ငံတောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးများ ပိတ်ထားရ



**ပဲရစ် မတ် ၁၁**

ပြင်သစ်နိုင်ငံတောင်ဘက်ပိုင်းတွင် မတ် ၁၀ ရက်မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးများ ပိတ်ထားရကြောင်း Meteo Express က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးရေချိန်သည် မီလီမီတာ ၁၃၀ ထိ မြင့်တက်နေပြီး မိုးရေချိန် မြင့်မားမှုကြောင့် မိုးရွာသွန်းပြီး နာရီပိုင်းအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် လမ်းမကြီးများကို ယာယီပိတ်ထားရပြီးRD12 လမ်းမကြီးနှင့် RD 70 လမ်းမကြီးများကို ယာယီ ပိတ်ထားရခြင်းဖြစ်ကြောင်း၊ ယာယီပိတ်ထားရသည့် လမ်းမကြီးများတွင် မော်တော်ယာဉ်တချို့ပိတ်မိနေပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ကယ်ထုတ်ပေးခဲ့ရကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသည့် ဒေသမှာ ဟေးယက်စ်ဒေသဖြစ်ပြီး ဒေသခံများကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း၊ အထူးသဖြင့် ဂါပီအူမြစ်ကြောင်းတစ်လျှောက်တွင် နေထိုင်သော ဒေသခံများကို ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း သိရသည်။

"မတ် ၁၀ ရက်က စတင်ပြီးတော့ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဂါပီအူမြစ်ရေ လျှံတက်မှုဖြစ်ပွားခဲ့ပါတယ်။ မိုးရေချိန်ဟာ မီလီမီတာ ၁၃၀ ထိ မြင့်တက်ခဲ့ပါတယ်။ လမ်းမကြီးများရေလွှမ်းနေပြီးတော့ လမ်းမကြီးများကို ယာယီ ပိတ်ထားရပါတယ်။ ရေလွှမ်းနေတဲ့ လမ်းမကြီးတချို့ပေါ် ဖြတ်သန်းမောင်းနှင်တဲ့ မော်တော်ယာဉ်တချို့ ပိတ်မိခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ သေဆုံးသူတွေတော့ မရှိသေးပါဘူး"ဟု Meteo Express မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

## အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာတန်ဂါရာပြည်နယ်ရှိ ရိုတေးနာဒိုကမ်းရိုးတန်းတွင် ပိုင်းလော့ဝေလငါး အစုလိုက်အပြုံလိုက်သောင်တင်ပြီး ၁၈ ကောင် သေဆုံးခဲ့

**ဂျကာတာ မတ် ၁၁**

အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာတန်ဂါရာပြည်နယ်ရှိ ရိုတေးနာဒိုကမ်းရိုးတန်းတွင် သောင်တင်နေသော ပိုင်းလော့ဝေလငါး ၅၅ ကောင်အနက် အနည်းဆုံး ၁၈ ကောင် သေဆုံးသွားခဲ့ရကြောင်း ရိုတေးနာဒိုခရိုင်၏ အကြီးအကဲ ပေါလပ်စ်ဟီနုန်က ယနေ့တွင် ပြောကြားခဲ့သည်။



မတ် ၉ ရက်တွင် ရိုတေးနာဒိုအနောက်တောင်ပိုင်းရှိ အမ်ဘာဒိုကိုင်းကမ်းခြေတွင် ပိုင်းလော့ဝေလငါးများသောင်တင်နေသည်ကို တွေ့ရှိခဲ့ကြောင်း၊ သောင်တင်ချိန်ကစပြီး ယနေ့ထိ ကယ်ဆယ်ရေးများ ဆောင်ရွက်ခဲ့သော်လည်း ပိုင်းလော့ဝေလငါး ၃၇ ကောင်ကို သာကယ်တင်နိုင်ခဲ့ပြီး ရေနက်ပိုင်းသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း၊ ပိုင်းလော့ဝေလငါး ၁၈ ကောင်မှာ ခန္ဓာကိုယ် အပူချိန်မြင့်တက်ပြီး အားနည်းလွန်းသဖြင့် သေဆုံးသွားခဲ့ရကြောင်း သိရသည်။

ဒေသဆိုင်ရာ အာဏာပိုင်များ၊ ရဲတပ်ဖွဲ့၊ ရေတပ်ဝန်ထမ်းများနှင့် ဒေသခံများ ပူးပေါင်းကာ ပတ်ဝန်းကျင်နှင့် ရေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရန် သေဆုံးသည့် ဝေလငါးများကို စနစ်တကျ ရွှေ့ပြောင်းကာ အစုလိုက်အပြုံလိုက် မြှုပ်နှံမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် Kupang National Marine Conservation Center မှ ကယ်ဆယ်ရေး အဖွဲ့များသည် ပိုင်းလော့ဝေလငါးများ၏ အသက်အန္တရာယ်အတွက် ပိုမိုဘေးကင်းသော ရေပြင်သို့ရွှေ့ပြောင်းနိုင်ရေး ဆက်လက် ကြိုးပမ်းနေကြောင်း၊ လက်ရှိအချိန်ထိ ပိုင်းလော့ဝေလငါးများ သောင်တင်ရခြင်း၏ အကြောင်းရင်းကို ယခုအချိန်ထိ မသိရသေးသဖြင့် သေဆုံးသည့် ဝေလငါးများကို စစ်ဆေးလျက်ရှိကြောင်း အာဏာပိုင်များက ပြောပြ၍ သိရသည်။

Ref : Russia Today
Trs : KZ

## ဩစတြေးလျနိုင်ငံ ဘန်ဒါဘက်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံတက်မှုကြောင့် ရေဘေးအန္တရာယ် အရေးပေါ်အဆင့်အဖြစ် သတ်မှတ်

**ကင်ဘာရာ မတ် ၁၁**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် ဘန်ဒါဘက်ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး မြစ်ရေလျှံတက်မှုကြောင့် ရေဘေးအန္တရာယ် အရေးပေါ်အဆင့်အဖြစ် သတ်မှတ်ကြောင်း ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘားနက်မြစ်ရေ လျှံတက်မှုဖြစ်ပေါ်နေပြီး မြစ်ရေလျှံတက်မှုမှာ ပုံမှန်ရေလယ်ဗယ်ထက် ၇ မီတာထိ မြင့်တက်နေကြောင်း၊ ဘားနက်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည့် တံတားသည်လည်း မကြာမီ ရေမြုပ်သွားနိုင်သည့် အခြေအနေ ဖြစ်သည့်အတွက် ဘားနက်မြစ်ရေ လယ်ဗယ်မှာ ၇ ဒသမ ၅ မီတာထိ ရောက်ရှိသွားနိုင်ကြောင်း၊ ဘားနက်မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံများကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း သိရသည်။

"မိုးရွာသွန်းမှုကြောင့် ဘန်ဒါဘက်ဒေသမှာ မြစ်ရေလျှံတက်မှု ဖြစ်ပေါ်နေပါတယ်။ မြစ်ရေဟာ ပုံမှန်မြစ်ရေလယ်ဗယ်ထက် ၇ မီတာ မြင့်တက်နေပါတယ်။ မိုးရွာသွန်းနေဆဲဖြစ်တဲ့အတွက်ကြောင့် မြစ်ရေလယ်ဗယ်ဟာ ၇ ဒသမ ၅ မီတာထိ မြင့်တက်သွားနိုင်ပါတယ်။ လက်ရှိမှာလဲ မြစ်ရေလျှံတက်မှုကြောင့် ဘားနက်မြစ်ကြောင်းတစ်လျှောက်မှာ နေထိုင်တဲ့ ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ သတိပေးချက်ထုတ်ပြန်ထားပါတယ်"ဟု ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

## တရုတ်(တိုင်ပေ)တွင် သောက်သုံးရေရှားပါးမှုပြဿနာကာကွယ်ရေးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေ

**ပေကျင်း မတ် ၁၁**

တရုတ်(တိုင်ပေ)တွင် သောက်သုံးရေရှားပါးမှုပြဿနာကာကွယ်ရေးစီမံချက်ကို အကောင်အထည်ဖော်ရန်အတွက် မိုးခေါင်မှုတိုင်းတာရေးစနစ်ကို စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း Southern Region Water Resources Office က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါစီမံချက်ကို တရုတ်(တိုင်ပေ)တောင်ဘက်ပိုင်း ဒေသများအတွက် စတင်အကောင်အထည်ဖော်နေကြောင်း၊ တရုတ်(တိုင်ပေ) တောင်ဘက်ပိုင်းဒေသများတွင် ပူပြင်းခြောက်သွေ့သည့်ကာလ၌ ရေလှောင်တမံများမှ ရေပေးဝေမှုအနေဖြင့် တောင်ဘက်ပိုင်းဒေသ၏ ၃၄ ရာခိုင်နှုန်းမှ ၅၈ ရာခိုင်နှုန်းထိသာ ပေးဝေနိုင်ကြောင်း၊ ရေလှောင်တမံများမှ သောက်သုံးရေကို ရာနှုန်းပြည့် ပေးဝေနိုင်ခြင်း မရှိသည့်အတွက်ကြောင့် သောက်သုံးရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်ရသည့် ဒေသခံအမြောက်အမြား ရှိနေဆဲဖြစ်သည့်အတွက်ကြောင့် သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် စီမံချက်ဖြင့်ဆောင်ရွက်လာခြင်းဖြစ်ကြောင်း၊ တရုတ်(တိုင်ပေ) နယ်မြေတစ်ခုလုံး အတိုင်းအတာဖြင့် သုံးသပ်ရလျှင် သောက်သုံးရေပေးဝေမှုအပိုင်းမှာ တည်ငြိမ်မှုရှိသော်လည်း နေရာတချို့၌ သောက်သုံးရေပေးဝေနိုင်မှုမှာ မတည်မငြိမ်ဖြစ်နေဆဲဖြစ်ကြောင်း Southern Region Water Resources Office က ထုတ်ပြန်ခဲ့သည်။

"အခုစီမံချက်အရ သောက်သုံးရေပေးဝေမှုအပိုင်းက တည်ငြိမ်မှုရှိပါတယ်။ ဒါပေမဲ့ ရာသီဥတုပြောင်းလဲမှုအပေါ် မူတည်နေတဲ့အတွက် ဘယ်လိုအခြေအနေမျိုးမှာမဆို သောက်သုံးရေလုံလောက်စွာပေးဝေနိုင်ဖို့အတွက် စီမံချက်တွေနဲ့ ဆောင်ရွက်သွားမယ်"ဟု မြို့တော်ဝန် ဟောင်ဝီချီက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## ကင်ညာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၄၉ ဦးထိ ရှိလာ

**နိုင်ရိုဘီ မတ် ၁၁**

ကင်ညာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တော် နိုင်ရိုဘီအပါအဝင် ဒေသအများအပြားတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး အနည်းဆုံးသေဆုံးသူ ၄၉ဦး ထိရှိလာခဲ့ကြောင်း အာဏာပိုင်များက ယနေ့တွင် ပြောကြားထားကြောင်း သိရသည်။

အစိုးရက ထုတ်ပြန်ထားသော အချက်အလက်များအရ ရေကြီးရေလျှံမှုကြောင့် မိသားစု ၂၆၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပြီး နိုင်ငံတစ်ဝန်းတွင် မွေးမြူရေး တိရစ္ဆာန် ၆၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထို့ပြင် ပျောက်ဆုံးနေသူများကို ရှာဖွေရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကင်ညာနိုင်ငံ မိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ ယခုပတ်အတွင်း မိုးရွာသွန်းမှုများ လျော့နည်းလာနိုင်သော်လည်း မြေဆီလွှာများတွင် ရေဝပ်နေသဖြင့် ရေကြီးရေလျှံမှုအန္တရာယ် ဆက်လက်မြင့်မားနေနိုင်ကြောင်း သတိပေးထားသည်။

ကင်ညာနိုင်ငံသည် ကမ္ဘာကြီးပူနွေးလာမှု၏ သက်ရောက်မှုများကို အထင်ရှားဆုံးခံစားနေရသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး ပူပြင်းခြောက်သွေ့မှု၊ ရေကြီးရေလျှံမှုများ ထပ်ခါတလဲလဲဖြစ်ပွားနေကြောင်း၊ ထို့ကြောင့် ရာသီဥတုဒဏ်ခံနိုင်ရည် မြှင့်တင်နိုင်ရန် အစိုးရနှင့် မိတ်ဖက်နိုင်ငံများက သစ်ပင်ဖုံးလွှမ်းမှု တိုးချဲ့ခြင်း၊ စိုစွတ်သောမြေများ ပြန်လည်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းသော စွမ်းအင်အသုံးပြုမှု မြှင့်တင်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်း အပိုင်း(၂)

**မင်းခန့်**




လျှော့ပေါ့ခွင့်ရရှိခဲ့သည့် တာဝန်ကျေပြည်သူ့စစ်မှုထမ်းများအား စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးနေမှု။

တတိယမြောက် ရွေးချယ်စရာလမ်းကြောင်းကတော့ အစိုးရဝန်ထမ်းအဖြစ် မလုပ်ကိုင်လိုဘဲ ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကကဏ္ဍတွေမှာ ဝင်ရောက်လုပ်ကိုင်လိုသူတွေအတွက် အလုပ်သမားဝန်ကြီးဌာနက ချိတ်ဆက်ဆောင်ရွက်ပေးမယ့် အစီအစဉ်ပဲဖြစ်ပါတယ်။ ဒီအစီအစဉ်အရ အလုပ်သမားဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ ပူးပေါင်းပြီး စစ်မှုထမ်းတာဝန်ပြီးဆုံးသူတွေကို ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံတွေမှာ ဦးစားပေးခန့်အပ်သွားမှာဖြစ်ပါတယ်။ တပ်မတော်ကနေ စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဟောင်းတွေရဲ့ စည်းကမ်းလိုက်နာမှု၊ အဖွဲ့အစည်းနဲ့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲနိုင်မှုအပြင် ကိုယ်ကာယကြံ့ခိုင်မှုနဲ့ မှန်ကန်တဲ့ စိတ်ဓာတ်ရေးရာတွေဟာ ပုဂ္ဂလိကလုပ်ငန်းခွင်တွေအတွက် အလွန်တန်ဖိုးရှိလှတဲ့ လူသားအရင်းအမြစ်တွေပဲဖြစ်ပါတယ်။ ဒါကြောင့်လဲ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက သူတို့ကို ဝမ်းပန်းတသာ လိုလိုလားလား လက်ကမ်းကြိုဆိုလျက်ရှိပါတယ်။ ဒ့ါပြင် အလုပ်သမားဝန်ကြီးဌာနနဲ့ ပြည်ပအလုပ်အကိုင် အကျိုးဆောင်အေဂျင်စီတွေ ပူးပေါင်းပြီး ပြည်ပနိုင်ငံတွေကို အလုပ်သမားစေလွှတ်တဲ့နေရာမှာလဲ စစ်မှုထမ်းတာဝန်ကျေပွန်ခဲ့သူတွေကို အထူးဦးစားပေးစေလွှတ်သွားဖို့ စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဒုတိယနဲ့တတိယလမ်းကြောင်းတွေကို ရွေးချယ်လိုကြတဲ့ ပြည်သူ့စစ်မှုထမ်းတွေအတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ"က အထူးအစီအစဉ်တစ်ရပ်ကို စီစဉ်ပေးထားပါတယ်။ အဲဒီအစီအစဉ်ကတော့ အစိုးရဝန်ထမ်းအဖြစ်ဖြစ်စေ၊ ပုဂ္ဂလိကဝန်ထမ်းအဖြစ်ဖြစ်စေ ဝင်ရောက်လုပ်ကိုင်လိုသူတွေအနေနဲ့ မိမိတို့လုပ်ကိုင်မဲ့ လုပ်ငန်းခွင်မှာ အထောက်အကူဖြစ်စေမဲ့ ခိုင်မာတဲ့ အတတ်ပညာတွေ တတ်မြောက်ထားဖို့အတွက် သင်တန်းတက်ရောက်ခွင့်ရရှိရေး စီစဉ်ပေးလျက်ရှိပါတယ်။ သူတို့တွေကို ဘက်စုံလွှမ်းခြုံနိုင်တဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ စနစ်တကျသင်ယူနိုင်အောင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနဲ့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနစတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပေးပြီး နိုင်ငံတစ်ဝန်းမှာရှိတဲ့ သင်တန်းကျောင်းတွေမှာ ဖွင့်လှစ်မဲ့ သင်တန်းအမျိုးအစားပေါင်း ၁၀၀ ကျော်မှာ တက်ရောက်ခွင့်ရရှိနိုင်ရေးကိုလဲ အသင့်ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ဒီသင်တန်းတွေကို ကာလတို၊ ကာလလတ်နဲ့ ကာလရှည်ဆိုပြီး စနစ်တကျခွဲခြား သတ်မှတ်ပေးထားပါတယ်။ သင်ကြားပေးမဲ့ ဘာသာရပ်တွေအနေနဲ့ကတော့ လျှပ်စစ်၊ စက်ပြင်၊ ဆောက်လုပ်ရေး၊ ဂဟေဆက်၊ ကွန်ပျူတာနဲ့ မိုဘိုင်းဖုန်းပြုပြင်ခြင်းစတဲ့ စက်မှုလက်မှု ပညာရပ်တွေ ပါဝင်မှာ ဖြစ်ပါတယ်။ ဒ့ါပြင် စိုက်ပျိုးမွေးမြူရေးနည်းပညာတွေ၊ ဟိုတယ်ဝန်ဆောင်မှုနဲ့ စီမံခန့်ခွဲမှုဆိုင်ရာပညာရပ်တွေထိ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းသင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ ဒီသင်တန်းအများစုကို နိုင်ငံတော်ကနေ စရိတ်ငြိမ်းတာဝန်ယူသင်ကြားပေးသွားမှာဖြစ်ပြီး နေထိုင်စားသောက်ရေးကိုပါ တစ်ပါတည်း အခမဲ့စီစဉ်ပေးသွားမှာဖြစ်လို့ ပြည်သူ့စစ်မှုထမ်းလူငယ်တွေအနေနဲ့ ဘဝတိုးတက်ရေးအတွက်ကို လက်လွှတ်မခံသင့်တဲ့ အခွင့်အရေးကောင်းတစ်ရပ်ပဲဖြစ်ပါတယ်။

ဒီသင်တန်းတွေရဲ့ အနှစ်သာရဟာ ရိုးရှင်းတဲ့ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးရုံသက်သက်ထက် များစွာ ပိုမိုနက်နဲကျယ်ပြန့်ပါတယ်။ နိုင်ငံတော်ကနေပြီး စနစ်တကျ စီစဉ်ပေးထားတဲ့ လေ့ကျင့်သင်ကြားရေးအစီအစဉ်တွေကို အောင်မြင်စွာပြီးမြောက်သွားမဲ့ လူငယ်တွေဟာ သာမန်လုပ်သား(Unskilled Labours) အဆင့်ကနေ လုပ်ငန်းခွင်မှာ လက်တွေ့ကျကျ ဦးဆောင်နိုင်စွမ်းရှိတဲ့ တန်ဖိုးမြင့်ကျွမ်းကျင်လုပ်သား (Skilled Labours)တွေအဖြစ် ဘဝအဆင့်အတန်းမြင့်မားစွာ ကူးပြောင်းရောက်ရှိသွားကြမှာ ဖြစ်ပါတယ်။ ဒီလိုကြီးမားတဲ့ရည်မှန်းချက်တွေ အောင်မြင်ပေါက်မြောက်စေဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားအဆင့်ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)နဲ့ မဟာဗျူဟာမြောက်ချိတ်ဆက်ပြီး အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကာလရှည် သင်တန်းဆင်းသူတွေ လက်ဝယ်ပိုင်ဆိုင်ရရှိမဲ့ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် (Certificate of Recognition)တွေဟာ ပြည်တွင်းမှာသာမကဘဲ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းတွေနဲ့ပါ ကိုက်ညီမှုရှိစေဖို့ စနစ်တကျ ရေးဆွဲသတ်မှတ်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ပနိုင်ငံတွေမှာ သွားရောက်အလုပ်လုပ်ကိုင်ဖို့ ရည်မှန်းချက်ရှိသူတွေအတွက်လဲ ဒီအသိအမှတ်ပြုလက်မှတ်ဟာ နိုင်ငံတကာအလုပ်အကိုင်ဈေးကွက်ဆီကို ယုံကြည်မှုရှိရှိ ဝင်ရောက်နိုင်မဲ့ အသိအမှတ်ပြုလက်မှတ်များကို ရရှိစေမှာဖြစ်ပါတယ်။ တစ်နေ့တခြား ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ စက်မှုဇုန်တွေ၊ အရှိန်အဟုန်နဲ့ လည်ပတ်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတွေနဲ့ ဝန်ဆောင်မှုကဏ္ဍအသီးသီးမှာ လိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို ဘက်စုံလွှမ်းခြုံထားတဲ့ ဒီသင်တန်းဆင်း ပြည်သူ့စစ်မှုထမ်းဟောင်းတွေက အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့တွေဟာ နိုင်ငံတော်ရဲ့ စီးပွားရေးမောင်းနှင်အားအတွက် အားအထားရဆုံးနဲ့အဖိုးတန်ဆုံးသော လူသားအရင်းအမြစ်ကောင်းတွေ ဖြစ်လာကြမှာကတော့ အသေအချာပဲဖြစ်ပါတယ်။

စတုတ္ထနှင့် နောက်ဆုံးလမ်းကြောင်းကတော့ စစ်သားကြီးလဲမလုပ်ချင်၊ အစိုးရဝန်ထမ်းလဲ မလုပ်ချင်ဘဲ မိမိတို့ရဲ့ဇာတိချက်ကြွေမွေးရပ်မြေကို ပြန်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပါအဝင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိုသူများကိုလည်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က အလုပ်အကိုင်အခွင့်အလမ်းများ ကူညီဖန်တီးပေးဖို့ အသင့်စောင့်ကြိုလျက်ရှိပါတယ်။ စစ်မှုထမ်းဆောင်မှု တာဝန်ကျေပွန်သူများအနေဖြင့် မိမိတို့ရဲ့ရပ်ရွာကို ပြန်လည်ရောက်ရှိချိန်မှာ ယခင် လက်ငုတ်လက်ရင်း အလုပ်အကိုင်သာမက လုပ်ငန်းအသစ် စတင်လုပ်ကိုင်လိုသူများအနေဖြင့် လိုအပ်မဲ့အရင်းအနှီးနဲ့ ချေးငွေများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက သတ်မှတ်ချက်များနဲ့အညီ ထုတ်ချေးပေးမှာဖြစ်သလို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းပညာများကို ပံ့ပိုးပေးသွားမှာ ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကြားသိရပါတယ်။

ဒီလိုသတ်မှတ်ကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ပြည်သူ့စစ်မှုထမ်းတွေရဲ့အနာဂတ်ခရီးလမ်းကို ဘက်ပေါင်းစုံက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသလို သတ်မှတ်ကာလအတွင်း ကာကွယ်ရေးတာဝန်တွေကို ထမ်းဆောင်ရင်း ကိုယ်လက်အင်္ဂါထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းတွေအတွက်ကိုလဲ လိုအပ်တဲ့ ဆေးဝါးကုသမှုတွေကို အပြည့်အဝ တာဝန်ယူကုသပေးလျက်ရှိပါတယ်။ ဆေးရုံတက်ရောက်ကုသနေစဉ် ကာလတစ်လျှောက်လုံးမှာ သူတို့ကို စစ်မှုထမ်းအဖြစ် ဆက်လက်သတ်မှတ်ထားပြီး လစာနဲ့ စရိတ်ခံစားခွင့်တွေကို တစ်ပြားတစ်ချပ်မှ လျော့နည်းသွားခြင်း မရှိစေဘဲ အပြည့်အဝခံစားခွင့်ပြုထားပါတယ်။ ဒ့ါပြင် သူတို့ရဲ့ ကျန်းမာရေးအခြေအနေနဲ့ ကိုက်ညီမှုရှိမဲ့ ကွန်ပျူတာ၊ စက်ချုပ်၊ ဆံသနဲ့ အိမ်တွင်းလျှပ်စစ်ပစ္စည်းပြုပြင်ခြင်း စတဲ့လက်တွေ့အသုံးဝင်မဲ့ အသက်မွေးဝမ်းကျောင်း ပညာရပ်တွေကိုလဲ သင်ကြားပေးပြီး ဘဝရပ်တည်မှုခိုင်မာစေဖို့ စနစ်တကျစီမံပေးလျက်ရှိပါတယ်။ ဒ့ါပြင် နိုင်ငံပိုင်စက်ရုံတွေ၊ ကုမ္ပဏီတွေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေမှာ သူတို့ကျွမ်းကျင်မှုနဲ့ ကိုက်ညီမဲ့နေရာတွေမှာ ရွေးချယ်ပြီး တာဝန်ပေးခန့်အပ်သွားမှာ ဖြစ်တယ်လို့လည်း ကြားသိရပါတယ်။

ဒီလိုမျိုး နိုင်ငံတော်အစိုးရနဲ့ တပ်မတော်ကနေ ပြည်သူ့စစ်မှုထမ်းတွေကို စတင်ဆင့်ခေါ်ချိန်ကစလို့ တာဝန်ပြီးဆုံးပြီး အိမ်အပြန် အနာဂတ်ခရီးလမ်းထိ အစစအရာရာ စနစ်တကျ စီမံဆောင်ရွက်ပေးမှုတွေအပေါ် ပြည်သူ့စစ်မှုထမ်းဟောင်းများအနေဖြင့် အထူးပဲ ကျေနပ်ဂုဏ်ယူကြလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ အမှန်စင်စစ်မှာတော့ ပြည်သူ့စစ်မှုထမ်းများဟာ သာမန်အရပ်သား လူငယ်ဘဝကနေ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စုရပ်တွေကတစ်ဆင့် မွန်မြတ်လှတဲ့တပ်မတော်သားဘဝကိုရောက်ရှိလာခဲ့ကြတာပဲဖြစ်ပါတယ်။

အဲဒီကနေတစ်ဆင့် စနစ်ကျတဲ့ ပြုစုပျိုးထောင်လေ့ကျင့်ပေးမှုတွေနဲ့အတူ အခက်အခဲတွေကို ဖြတ်သန်းကျော်လွှားခဲ့ကြပြီး သတ်မှတ်ကာလအတွင်း တာဝန်ထမ်းဆောင်ရင်း တပ်မတော်သားတွေရဲ့ ပင်ပန်းဆင်းရဲမှု၊

စာမျက်နှာ ၁၁ သို့ ➚

**❖ စနစ်ကျတဲ့ ပြုစုပျိုးထောင်လေ့ကျင့်ပေးမှုတွေနဲ့အတူ အခက်အခဲတွေကို ဖြတ်သန်းကျော်လွှားခဲ့ကြပြီး သတ်မှတ်ကာလအတွင်း တာဝန်ထမ်းဆောင်ရင်း တပ်မတော်သားတွေရဲ့ ပင်ပန်းဆင်းရဲမှု၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှုနဲ့ ပေးဆပ်စွန့်လွှတ်မှုတွေကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံနားလည်ခဲ့ကြပြီပဲဖြစ်ပါတယ်။ ဒါကြောင့်လဲ ပြည်သူ့စစ်မှုထမ်းဟောင်းတွေအဖြစ်နဲ့ မိမိတို့ရဲ့ဇာတိမြို့၊ ရွာတွေကိုပြန်လည်ရောက်ရှိချိန်မှာ အရပ်ဘက်နဲ့ စစ်ဘက်အကြား အပြန်အလှန်ယုံကြည်နားလည်မှုကို တည်ဆောက်ပေးမဲ့ ခိုင်မာတဲ့အင်အားတစ်ရပ်အနေနဲ့ ဂုဏ်ယူဖွယ်ပေါ်ထွန်းလာတော့မှာဖြစ်သလို လူမှုပတ်ဝန်းကျင်အလယ် ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်ကြတော့မှာဖြစ်ပါတယ်။ ❖**

# CANAL+ ZAT LENN ရုပ်သံလိုင်းမှ ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် ရုပ်ရှင်ဇာတ်ကားကို မတ် ၁၅ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်




**ရန်ကုန် မတ် ၁၁**

CANAL+ ZAT LENN ရုပ်သံလိုင်းမှ ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ် ရုပ်ရှင်ဇာတ်ကားကို မတ် ၁၅ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ အကြည်တော်၏ ဝတ္ထုကို ကိုရွှေမိုးသက်နှင့် မိုးကျော် (အမ်ကေအေ)တို့က ဇာတ်ညွှန်း ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)က ရွှေတောင်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားသည့် အချစ်ဟာသ ဇာတ်ကားတစ်ကားဖြစ်ကာ CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ရုံတင်ချိန်ကလဲ ပရိသတ်တွေအားပေးမှုရခဲ့တဲ့ ဇာတ်ကားလေးပါ။ မကြည့်လိုက်ရတဲ့ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ ဇာတ်လမ်းကတော့ အချစ်ဟာသ ဇာတ်မြူးလေးပါ။ ဖန်သားပြင်ပေါ်မှာ ကြည့်ရှုပေးကြပါအုံး"ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ ချောရတနာက ပြောပြသည်။

အဆိုပါ ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ရဲအောင်၊ ပြေတီဦး၊ ခင်လှိုင်၊ ထူးခန့်ကျော်၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ ချောရတနာနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားပြီး မတ် ၁၅ ရက် ည ၇ နာရီ ၂၅ မိနစ်တွင် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# A Separation ဇာတ်ကား၌ မင်းသမီး တက်ဆာသွန်ပဆင် ပါဝင်မည်

**နယူးယောက် မတ် ၁၁**

A Separation အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌မင်းသမီး တက်ဆာသွန်ပဆင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မတ် ၁၀ ရက် သတင်းများအရ သိရသည်။

A Separation ဇာတ်ကားသည်စာရေးဆရာမ ကေတီကီတာမူရာ၏ ခေါင်းစဉ်အမည်တူ ဝတ္ထုကို အခြေခံရိုက်ကူးမည့် ဒရာမဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ပျောက်ဆုံးနေသော ရည်းစားဖြစ်သူကို ဂရိနိုင်ငံတောင်ပိုင်း ဝေးလံခေါင်သီသည့် ကျွန်းဆွယ်ဒေသတစ်ခု၌ လိုက်လံရှာဖွေခဲ့သော အမျိုးသမီးတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။


A Separation ဇာတ်ကားကို ဒါရိုက်တာ ဂျိုးနပ်စ်ကာပီနာနိုကတာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး တက်ဆာသွန်ပဆင်သည် အဆိုပါဇာတ်ကား၌ အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည့်အပြင် ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် A Separation ဇာတ်ကားစတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





á **စာမျက်နှာ ၁၀ မှအဆက်**

ကိုယ်ကျိုးစွန့်အနစ်နာခံမှုနဲ့ ပေးဆပ်စွန့်လွှတ်မှုတွေကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံနားလည်ခဲ့ကြပြီပဲဖြစ်ပါတယ်။ ဒါကြောင့်လဲ ပြည်သူ့စစ်မှုထမ်းဟောင်းတွေအဖြစ်နဲ့ မိမိတို့ရဲ့ ဇာတိမြို့ရွာတွေကို ပြန်လည်ရောက်ရှိချိန်မှာ အရပ်ဘက်နဲ့ စစ်ဘက်အကြား အပြန်အလှန်ယုံကြည်နားလည်မှုကို တည်ဆောက်ပေးမဲ့ ခိုင်မာတဲ့အင်အား တစ်ရပ်အနေနဲ့ ဂုဏ်ယူဖွယ် ပေါ်ထွန်းလာတော့မှာဖြစ်သလို လူမှုပတ်ဝန်းကျင်အလယ် ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်ကြတော့မှာဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က စတင်အသက်သွင်းခဲ့တဲ့ ဒီဥပဒေဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့ တပ်မတော်သမိုင်းအတွက် ထူးခြားပြောင်မြောက်တဲ့ သမိုင်းမှတ်တိုင်သစ်တစ်ခု ဖြစ်ခဲ့ပါတယ်။ ဒီလိုဂုဏ်ယူဖွယ် သမိုင်းမှတ်ကျောက်တင်နိုင်ခဲ့ခြင်းဟာ မကြာမီ အိမ်ပြန်လာကျတော့မဲ့ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းလူငယ်တွေရဲ့ ကြီးမားလှတဲ့ စွမ်းဆောင်ချက်တွေကြောင့်ဆိုတာကို နိုင်ငံသားအားလုံးက ဂုဏ်ယူဝမ်းမြောက်စွာ အသိအမှတ်ပြုကြရမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်ကျင့်သုံးချိန်က နိုင်ငံတော်နှင့် တပ်မတော်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြတဲ့ နိုင်ငံများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များရဲ့ အပြုသဘောမဆောင်တဲ့ ဝေဖန်နှောင့်ယှက်မှုများကို အောင်ပွဲနဲ့အတူ အိမ်ပြန်လာကြမဲ့ ပြည်သူ့စစ်မှုထမ်းများဟာ အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပြီဖြစ်ပါတယ်။ အထူးသဖြင့် ပြည်သူ့စစ်မှုထမ်းစစ်သည်တော်များရဲ့ ရဲစွမ်းသတ္တိနှင့် စိတ်ဓာတ်ခိုင်မာမှုကို အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များအနေနဲ့ လက်တွေ့စစ်မြေပြင်မှာ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ ဒါကြောင့်လဲ အကြမ်းဖက်သောင်းကျန်းသူများနှင့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသူတွေဟာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များကို နှောင့်နှေးဟန့်တားလျက်ရှိပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ အခြေအမြစ်မရှိတဲ့၊ သတင်းများဖြစ်တဲ့ ပြည်သူ့စစ်မှုထမ်း တက်ရောက်ရန် လူငယ်များကို အတင်းအဓမ္မဖမ်းယူခြင်းဆိုတဲ့ သတင်းအမှား၊ တာဝန်ပြီးဆုံးတဲ့ ပြည်သူ့စစ်မှုထမ်းများကို အတင်းအဓမ္မ တာဝန်ထမ်းဆောင်စေခြင်းနှင့် အမျိုးသမီးစစ်မှုထမ်းများ စာရင်းကောက်ယူခြင်းများဆိုတဲ့ သတင်းအတုတွေနဲ့ လူမှုကွန်ရက်တွေကတစ်ဆင့် လှုံ့ဆော်နှောင့်ယှက်လျက်ရှိပါတယ်။

ဒီလိုဝေဖန်ထိုးနှက် နှောင့်ယှက်မှုတွေကြားက ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ခဲ့တဲ့ လူငယ်တွေဟာ နိုင်ငံတော်ရဲ့သမိုင်းစာမျက်နှာသစ်ကို ရဲရဲဝံ့ဝံ့ ဖွင့်လှစ်ခဲ့ကြသူတွေဖြစ်ကြပါတယ်။ နှစ်နှစ်တာကာလအတွင်း သူတို့ရရှိခဲ့တဲ့ ရှားပါးလှတဲ့အတွေ့အကြုံ၊ သံမဏိလိုမျိုးစည်းကမ်းနှင့် ကြံ့ခိုင်တဲ့စိတ်ဓာတ်ခွန်အားတွေဟာ နောင်တစ်ချိန်သူတို့ရဲ့ ဘဝတစ်သက်တာအတွက် တန်ဖိုးမဖြတ်နိုင်လောက်တဲ့ အရင်းအနှီးတွေ ဖြစ်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လဲ ခိုင်မာတိကျတဲ့ အလုပ်အကိုင်ဖန်တီးပေးရေးစီမံချက်တွေ၊ လက်တွေ့ကျတဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းတွေအပြင် တိကျခိုင်မာတဲ့ မူဝါဒတွေနဲ့ပါ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အိမ်အပြန်ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်းကောင်းကို သာယာဖြောင့်ဖြူးစွာဖြင့် လျှောက်လှမ်းနိုင်ဖို့ ဘက်ပေါင်းစုံက စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ နိုင်ငံတော်ရဲ့ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ပေးနိုင်ရုံသာမက အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေးကို များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ဒ့ါပြင် ပြည်သူ့စစ်မှုထမ်းတာဝန်ကို အောင်မြင်စွာထမ်းဆောင်ခဲ့ကြတဲ့ တာဝန်ကျေတဲ့ နိုင်ငံ့သားကောင်းလူငယ်တွေဟာ မကြာမီအချိန်အတွင်း အရပ်ဘက် လူ့ဘောင်အဖွဲ့အစည်းတွေဆီကို ဂုဏ်ယူဝင့်ကြွားစွာ ပြန်လည်ရောက်ရှိပြီး နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍအသီးသီးမှာ ခွန်အားသစ်တွေအဖြစ် တက်ကြွစွာ ပါဝင်လာကြတော့မှာဖြစ်ပါကြောင်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ရေးသားတင်ပြလိုက်ရပါတယ်။

# Conan the Barbarian ဇာတ်ကားသစ်၌ မင်းသားကြီးအာနိုးရှဝါဇင်နက်ဂျာ ပါဝင်မည်

**နယူးယောက် မတ် ၁၁**

Conan the Barbarian ဇာတ်ကားသစ်၌ မင်းသားကြီး အာနိုးရှဝါဇင်နက်ဂျာက King Conan အဖြစ် ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း မတ် ၁၀ ရက် သတင်းများအရ သိရသည်။

Conan the Barbarian ဇာတ်ကားသစ်ကို ရိုက်ကူးထုတ်လုပ်ရန် ၂၀ ရာစု ရုပ်ရှင်စတူဒီယိုက စီစဉ်နေကြောင်း သိရသည်။

Conan the Barbarian ဇာတ်ကားသစ်ကို Mission:Impossible ဒါရိုက်တာ ခရစ္စတိုဖာမက်ကွာရီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ခရစ္စတိုဖာ မက်ကွာရီကပင် တာဝန်ယူ ရေးသားမည်ဖြစ်ကြောင်း သိရသည်။

Conan the Barbarian ဇာတ်ကားသစ်၌ King Conan အဖြစ် ပြန်လည်ပါဝင်လာမည့် အစီအစဉ်ကို မင်းသားကြီး အာနိုးရှဝါဇင်နက်ဂျာက အတည်ပြုထားပြီးဖြစ်သည်။

မင်းသားကြီး အာနိုးရှဝါဇင်နက်ဂျာသည် Conan the Barbarian (1982)၌ King Conan အဖြစ် ပါဝင်ခဲ့ပြီး ဟောလိဝုဒ် ရုပ်ရှင်လောက၌ စတင်နေရာရလာခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**





ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# Farmers try hard to meet target cultivation of summer crops


Farm work being carried out using machinery.

**Pwintbyu March 11**

Pwintbyu Township Agriculture Department stated that as Mezali Diversion Dam of Pwintbyu Township Irrigation and Water Utilization Management Department of Magway Region supplies agricultural water to croplands in the township for the local farmers to meet the target cultivation of crops starting from 15 February, those farmers start farmlands preparations with broadcasting of fertilizers.

During this year's summer cropping season, Pwintbyu Township earmarks to cultivate more than 66,000 acres of summer crops, including summer paddy, summer sesame, and other summer crops. To ensure that local farmers can plant their summer crops on time, the Township Department of Irrigation and Water Utilization Management began distributing irrigation water on 15 February to paddy fields within the irrigation area of the North Mone Main Canal.

"As irrigation water has already been released for summer paddy cultivation, local farmers are striving to prepare their farmlands so that they can plant their summer crops on time and meet the targeted acreage. They are carrying out activities such as ploughing and harrowing the fields thoroughly, clearing weeds and debris, and applying fertilizers to improve soil fertility," said Daw Moe Moe Wai, Head of the Department of Agriculture in Pwintbyu Township.

Pwintbyu Township is one of the townships in Magway Region with the largest irrigated cultivation areas. Each year during the summer cropping season, local farmers mainly cultivate summer paddy varieties using water from the Mezalí Diversion Dam. The main rice varieties grown include Sarphoetha, Ayeyamin, Manawthukha, Sinthukha, Pakhan Shwewar, Theehtatyin, Chanmyay May, and Paw San Yin. For oilseed crops, farmers grow sesame varieties such as Samon Net (black sesame), Seinpan black sesame, and white sesame.

According to the summer crop cultivation plan of the Pwintbyu Township Department of Agriculture, during this year's summer cropping season farmers in the township plan to cultivate 33,235 acres of summer paddy and 33,737 acres of summer sesame, totaling 66,972 acres of summer crops, with the aim of increasing farmers' incomes and improving crop productivity.

Ye Win Naing (NyaungU)

# Kyonpyaw Township supplies 50,000 bags of black gram to Yangon in Feb

**Kyonpyaw March 11**

Local merchants from Kyonpyaw Township Agriculture Department sold 50,000 bags of black gram to Yangon market in February, said Daw Thin Thin, the owner of pulses and beans trader in Kyonpyaw Township.

During January this year, only about 40,000 bags of 16-pyi black gram were exported and sold from Kyonpyaw Township to the Yangon market. In February 2026, exports increased to about 50,000 bags of 16-pyi black gram during the month.

"In February, about 50,000 bags of 16-pyi black gram were exported from Kyonpyaw Township to the Yangon market. At present, buyers from Yangon are still actively purchasing pulses produced in the region. Demand from the Yangon side has improved because purchases from the overseas market have picked up again. For black gram and green gram, most exports to foreign markets go to China. Currently, demand from foreign markets has become quite strong. The pulses being traded at the moment are mainly leftover stocks from the previous summer season," said Daw Thin Thin.

The 16-pyi bag of black gram exported from Kyonpyaw Township to the Yangon market is currently priced at around K119,000 per bag. Due to the strong sales of these black grams, farmers, traders, cargo handlers, and truck drivers involved in transportation are also benefiting from improved business conditions.

Kyaw Kyaw Lin

# Merchants from Ngaputaw Township 55,000 bags of Ayeya Min rice to Yangon within one month

**Ngaputaw March 11**

Local farmers and merchants from Ngaputaw Township of Ayeyawady Region dispatched 55,000 bags of Ayeya Min rice to Yangon market within one month, said Daw Thida, the owner of rice and paddy trading depot in Ngaputaw Township.

Rice from Ngaputaw Township was exported to the Yangon market in limited quantities during January this year, with only about 45,000 bags of 24-pyi Ayeya Min rice sold. However, between 1 February and 28 February, exports increased to about 55,000 bags of 24-pyi Ayeya Min rice during the month.

"From Hinthada, rice and other agricultural products are being transported and sold to the Yangon rice market. During the past month alone, about 55,000 bags of 24-pyi Ayeya Min rice were exported. At present, the domestic rice market in Yangon is actively purchasing rice from this region.

Most business operators export paddy directly, while others buy paddy, mill it into rice, and then export it to the market. As rice sales have improved, farmers, traders, cargo handlers, and truck operators transporting the goods are also gaining more employment opportunities," said Daw Thida.

Ayeya Min rice exported from Ngaputaw Township to the Yangon market is currently priced at K75,000 to K80,000 per bag. Rice and paddy traders in the township are purchasing locally produced paddy, milling it into rice, and exporting it to the Yangon market.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Bitter gourd in high demand at domestic market in Kyangin Township


Bitter gourds seen at a local market.

**Kyangin March 11**

Daw Aye Thu, the owner of green grocery trader in Kyangin Township of Ayeyawady Region, said that bitter gourds are in high demand at the domestic market in Kyangin Township.

In Kyangin Township, locally produced bitter gourd have begun to be harvested, and since the first week of March up to the present, demand for the crop has been strong and trading has been active. It is reported that about 40,000 to 55,000 market-grade bitter gourds produced in the area are being traded daily.

"A lot of buyers are now purchasing the bitter gourds produced in our township, so trading has become brisk. At present, the bitter gourds grown as a winter crop in the region are coming into harvest. The gourds are also of good quality. Buyers from local markets as well as nearby regional fresh produce markets are purchasing them in large quantities. Daily sales are currently increasing. The locally produced bitter gourds are free from pests and of good quality, and the yield is also good," said Daw Aye Thu.

In Kyangin Township, where the crop is being harvested and trading remains active, the price of bitter gourds is currently around K32,000 per 100 fruits. The bitter gourds and other fresh produce from the area are being transported and sold to markets in Pathein, Pantanaw and Maubin. Kyaw Kyaw Lin

# Hinthada Township sells Emahta rice to Yangon market in February


A stockpile of rice in a warehouse.

**Hinthada March 11**

Local traders from Hinthada Township of Ayeyawady Region supplied large quantities of Emahta rice bags to Yangon market in February, said Daw Mar Mar Lwin, the owner of rice and paddy trading in Hinthada Township.

From Hinthada Township to the Yangon market, only about 40,000 bags of 24-pyi Emahta rice were transported and sold during the one-month period in January. However, within one month of February this year, exports increased to about 50,000 bags of 24-pyi Emahta rice. The rice variety is classified under the non-premium rice group.

"During the past month, a large volume of Emahta paddy from this area was transported and sold to the Yangon market. Agricultural products from Hinthada Township are mostly sent to the Yangon market. There are also many orders this month from buyers in Yangon for the Emahta rice variety. Both within the past month and at present, trading of this type of rice has been more active. The rice bags are mainly transported and sold by road," said Daw Mar Mar Lwin.

It is learned that Emahta rice (24-pyi bags) transported and sold from Hinthada Township to the Yangon market over the past month fetched up to K99,000 per bag. As trading of the paddy has improved, farmers, traders, loading and unloading workers, and cargo truck rental operators are gaining employment opportunities.

Kyaw Kyaw Lin

# Venezuela reports record drug seizures in 2025 to UN

**Caracas March 11**

Venezuela seized nearly 66 tonnes of drugs in 2025, up 64.44 percent from a year earlier to a record high, National Anti-Drug Superintendent Danny Ferrer told the UN Commission on Narcotic Drugs (CND), the Venezuelan government said Tuesday.

In a news release, Venezuela's Ministry of Interior, Justice and Peace said Ferrer made the remarks during the 69th session of the CND being held in Vienna, Austria.

Ferrer stressed that the amount of drugs seized in 2025 marked the highest level recorded in the past two decades, adding that the result was achieved through policies implemented by the Venezuelan government and cooperation with at least 11 countries.

He highlighted the strengthening of Venezuela's prevention and control capabilities to neutralize criminal organizations involved in drug trafficking.

On domestic anti-drug efforts, Ferrer said the country has made significant progress in reducing demand, with preventive programs reaching more than 2.5 million people. Xinhua

# Sweet corns in high demand at domestic market in Pathein Township

**Pathein March 11**

Daw Aye Aye Moe, the agricultural produce trading in Pathein Township of Ayeyawady Region said that sweet corns trading is higher at the domestic market in Pathein Township.

In Pathein Township, demand for locally produced sweet corn has been strong and trading has remained active from the first week of March up to the present. The increased demand is attributed to stronger purchases not only from local markets but also from buyers in other regions.

"Locally produced sweet corn is being purchased not only in the local market but also by buyers from other regions. Demand has noticeably increased since the first week of this month. In addition to the strong demand, prices have also improved slightly. The Yangon market is actively purchasing sweet corn produced in this area. Because the output of beans has declined, demand for sweet corn has increased and trading has become brisk," said Daw Moe Moe Aye.

Agricultural produce traders in Pathein Township purchase locally produced sweet corn and distribute it to the Yangon market by cargo trucks. The locally produced sweet corn is reported to be free from pests, and the market price currently ranges from K30,500 to K35,000 per 100 ears.

Kyaw Kyaw Lin


Sweet corns seen at a local market.

# Summer paddy planted on more than 11,000 acres of farmlands in Homalin Township

**Homalin March 11**

Local farmers grew 11,229 acres of summer paddy in Homalin Township of Sagaing Region, according to the township Agriculture Department.

During the 2025-2026 summer cropping season in Homalin Township, a total of 11,000 acres of summer paddy had been targeted for cultivation. Planting began in January this year, and as of today, 11,229 acres have already been completed, exceeding the original target.

"This year, Homalin Township set a target of 11,000 acres for summer paddy cultivation, and 11,229 acres have already been planted. We have been providing technical guidance to summer paddy farmers, raising awareness on pest prevention, preventing crop losses, and advising farmers to ensure that harvested paddy is transported under shelter in a timely manner," said Daw Su Su Htwe, Township Head of the Homalin Township Department of Agriculture.

In Homalin Township, to help farmers increase per-acre yields and achieve target production levels, quality seeds are being distributed, technical pamphlets are being provided, farmer training courses and educational talks are being conducted, and efforts are being made to ensure the timely availability of necessary agricultural inputs.

Farmers have also been urged to coordinate with the Department of Agriculture in advance to prepare for timely planting of summer paddy and other crops after the harvest of monsoon paddy and monsoon crops. This includes following official guidelines on pest and disease prevention, undertaking soil nutrient management activities, and making advance arrangements to secure quality seeds.

206

# Israeli strikes in Lebanon kill 570; nearly 760,000 displaced: Lebanese gov't

**Beirut March 11**

The death toll from ongoing Israeli attacks on Lebanon has risen to 570, with 1,444 others wounded since the escalation began on March 2, figures released on Tuesday by the Disaster Risk Management Unit at the Lebanese Council of Ministers showed.

The conflict has triggered large-scale displacement across the country. About 759,300 people have been registered as displaced, according to government data.

Authorities said 122,600 displaced people are currently staying in 580 shelters set up across various regions to house families forced to flee their homes amid the continuing hostilities.

Meanwhile, Israel carried out three airstrikes on Beirut's southern suburbs on Tuesday afternoon, Lebanon's National News Agency reported, and continued strikes on several areas in southern Lebanon.

Hezbollah said it launched rockets from Lebanon toward Israel early on March 2 for the first time since a ceasefire was declared on Nov. 27, 2024. The move prompted the Lebanese government to ban the group's security and military activities, limiting it to political work and requiring it to hand over its weapons.

The Israeli military said it had launched what it described as an "offensive military campaign" against Hezbollah, carrying out heavy airstrikes across multiple Lebanese areas and conducting ground incursions near the border. It also warned residents to evacuate areas south of the Litani River and Beirut's southern suburbs.

Xinhua


Smoke rises following an Israeli airstrike in Beirut's southern suburbs, Lebanon, on March 10, 2026.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျပန်နိုင်ငံက Fujitsu ကုမ္ပဏီနှင့်ပူးပေါင်း၍ AI နည်းပညာကို အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်မည်



ဂျပန်နိုင်ငံသည် ၎င်း၏ စစ်ဘက်ဆိုင်ရာ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်အတွက် Fujitsu ကုမ္ပဏီနှင့် ပူးပေါင်း၍ ပြည်တွင်းဖြစ် ဉာဏ်ရည်တု (AI) နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း Military AI သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

"Fujitsu Accelerator Program for Defense Tech "ဟု အမည်ပေးထားသည့် ဤအစီအစဉ်သည် ဂျပန်နိုင်ငံ၏ ဝယ်ယူရေး၊ နည်းပညာနှင့် ထောက်ပံ့ပို့ဆောင်ရေးအေဂျင်စီ (ATLA) ၏ တာဝန်ပေးချက်အရ လုပ်ဆောင်ခြင်းဖြစ်သည်။ ၎င်း၏ အဓိကရည်ရွယ်ချက်မှာ စစ်ဘက်ဆိုင်ရာ တပ်မှူးများအတွက် စစ်ဆင်ရေးပိုင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုနှင့် စီမံကိန်းရေးဆွဲမှုများတွင် AI က မည်သို့ကူညီပေးနိုင်မည်ကို စမ်းသပ်လေ့လာရန်ဖြစ်သည်။

ဤစီမံကိန်း၏ အဓိကအနှစ်သာရမှာ "Multi-AI Agents" စနစ် ဖြစ်သည်။ ၎င်းသည် မတူညီသော AI မော်ဒယ်လ်အမြောက်အမြားကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး အချက်အလက်များကို ကိုယ်ပိုင်လုပ်ဆောင်မှုစနစ်ဖြင့် စုဆောင်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အကြံပြုချက်များကို ထုတ်ပြန်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ဤစနစ်သည် ဆုံးဖြတ်ချက်ချမှတ်မှုကို မြန်ဆန်စေခြင်း၊ ထောက်လှမ်းရေးသတင်းများကို ပိုမိုကောင်းမွန်စွာ ခွဲခြမ်းစိတ်ဖြာနိုင်ခြင်းနှင့် စစ်ဘက်ဆိုင်ရာဝန်ထမ်းများ၏ လုပ်ငန်းဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးနိုင်ခြင်းတို့ ပြုလုပ်နိုင်မည်ဟု Fujitsu က ဆိုသည်။

AI နှင့် ကွမ်တမ်ကွန်ပျူတာ (Quantum Computing) ကဲ့သို့သော နောက်ဆုံးပေါ် ဒစ်ဂျစ်တယ်နည်းပညာများသည် ကာကွယ်ရေး စွမ်းရည်မြှင့်တင်ရာတွင် အဓိကကျသော အစိတ်အပိုင်းများ ဖြစ်လာနေပြီဖြစ်သည်။

ဂျပန်ကာကွယ်ရေး ဝန်ကြီးဌာနသည် မျိုးဆက်သစ် သင်္ဘောဖျက် ဒုံးကျည်စနစ်များတွင် AI နည်းပညာကို ထည့်သွင်းအသုံးပြုရန် စီမံချက်များ ချမှတ်ထားသည်။ ဤနည်းပညာအရ ဒုံးကျည်များသည် ပျံသန်းနေစဉ်အတွင်း အယောင်ပြပစ်မှတ်များ (Decoys)၊ အီလက်ထရွန်နစ်စစ်ဆင်ရေးပစ္စည်းများနှင့် အချက်အလက်များ အပြန်အလှန်ဖလှယ်နိုင်မည်ဖြစ်ပြီး၊ ရွေ့လျားနေသော ရန်သူ့ရေတပ် ပစ်မှတ်များကို ပိုမိုတိကျစွာ ရှာဖွေတိုက်ခိုက်နိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအခင်းအကျင်း အပြောင်းအလဲများကြားတွင် နိုင်ငံခြား နည်းပညာအပေါ် မှီခိုမှုကို လျှော့ချ၍ Fujitsu ကဲ့သို့သော ပြည်တွင်းနည်းပညာ ကုမ္ပဏီကြီးများနှင့် ပူးပေါင်းကာ "မဟာဗျူဟာမြောက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် "(Strategic Autonomy) ကို ဖော်ဆောင်ရန် ကြိုးပမ်းလာခြင်းဖြစ်ပြီး၊ အထူးသဖြင့် Multi-AI Agents စနစ်မှတစ်ဆင့် ဒုံးကျည်များအချင်းချင်း အချက်အလက်ဖလှယ်ကာ ရန်သူ့ကာကွယ်ရေးစနစ်ကို အဖွဲ့လိုက် ဖောက်ထွက်နိုင်သည့် "အသိဉာဏ်ရှိ ဒုံးကျည်စနစ်များ" (Smart Missile Systems) သို့ အဆင့်မြှင့်တင်လာခြင်းသည် ပင်လယ်ပြင် စိုးမိုးရေးတွင် အားသာချက်သစ်များ ရရှိစေမည်ဖြစ်သည်။ ထိုသို့ နည်းပညာကို အရှိန်အဟုန် မြှင့်တင်ရာတွင်လည်း စစ်ဘက်နှင့် အရပ်ဘက် နှစ်မျိုးသုံး (Dual-use) အလားအလာများကို ဖော်ဆောင်နေသကဲ့သို့ တစ်ဖက်တွင်လည်း အသက်အန္တရာယ် ဖြစ်စေနိုင်သော ဆုံးဖြတ်ချက်များ၌ လူသားတို့၏ ထိန်းချုပ်မှုကိုသာ အဓိကထားသည့် "ကျင့်ဝတ်ဆိုင်ရာမူဘောင် "(Ethical Framework) ကို စနစ်တကျ ချမှတ်ထားခြင်းသည် နည်းပညာ ထိပ်သီးနိုင်ငံတစ်ခု၏ တာဝန်ယူမှုရှိသော ကာကွယ်ရေးဆိုင်ရာ ခေတ်မီတိုးတက်မှုကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်သည်။

**Japan Boosts Domestic AI Defense Tech With Fujitsu Accelerator Program ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန် EagleNXT ကုမ္ပဏီက အစ္စရေးနိုင်ငံထုတ် အသေခံဒရုန်းထုတ်လုပ်ရေး ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမည်ဟုကြေညာ

အမေရိကန် ကာကွယ်ရေးနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သော EagleNXT သည် အစ္စရေးနိုင်ငံအခြေစိုက် Aerodrome ကုမ္ပဏီမှ အသေခံဒရုန်းထုတ်လုပ်ရေး ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားမည်ဟု ကြေညာခဲ့ကြောင်း The Defense Post သတင်းဌာနက မတ် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် အလိုအလျောက်စနစ်သုံး ကာကွယ်ရေးစနစ်များနှင့် အသေခံဒရုန်း (Loitering Munition) နည်းပညာကဏ္ဍတွင် အမေရိကန်၏ အခန်းကဏ္ဍကို ချဲ့ထွင်ရန်ရည်ရွယ်ခြင်းဖြစ်သည်။ Aerodrome ကုမ္ပဏီသည် ပစ်မှတ်ကိုလေထဲတွင် ဝဲပျံကာစောင့်ဆိုင်းရှာဖွေပြီးနောက် တိုက်ရိုက်ဝင်တိုက်ကာ ဖျက်ဆီးပစ်နိုင်သည့် အသေခံဒရုန်း (Loitering Munition) နည်းပညာတွင် အထူးကျွမ်းကျင်သော ကုမ္ပဏီဖြစ်သည်။ ထိုရင်းနှီးမြှုပ်နှံမှု၏ ငွေကြေးဆိုင်ရာ အသေးစိတ်အချက်အလက်များကိုမူ နှစ်ဖက်စလုံးက ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။

Aerodrome ကုမ္ပဏီ၏ နည်းပညာသည် မောင်းသူမဲ့လေယာဉ်စနစ်များအနေဖြင့် စစ်မြေပြင်အတွင်း ပစ်မှတ်များကို တိကျစွာ ခွဲခြားသတ်မှတ်နိုင်ရန်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အထောက်အကူပြု စနစ်များအပေါ် အဓိကအာရုံစိုက်ထားသည်။ ၎င်းသည် ရှုပ်ထွေးလှသော စစ်မြေပြင်ပတ်ဝန်းကျင်များတွင် သတ်မှတ်ထားသည့် ပစ်မှတ်တစ်ခုတည်းကိုသာ ခြေရာခံတိုက်ခိုက်နိုင်ရန် ကူညီပေးမည်ဖြစ်သည်။

ယခု ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတကာစစ်တပ်များအတွင်း ဒရုန်းနှင့် အလိုအလျောက်စနစ်များကို စစ်ဆင်ရေးစီမံကိန်းများတွင် ပိုမိုထည့်သွင်းလာသည့် အချိန်၌ အမေရိကန်နှင့် အစ္စရေး ကာကွယ်ရေးကုမ္ပဏီများကြား ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဖြစ်သည်။

ရွေ့လျားနေသော ပစ်မှတ်များ သို့မဟုတ် အချိန်တိုအတွင်း ဖျက်ဆီးရန်လိုအပ်သော ပစ်မှတ်များကို တိုက်ခိုက်ရာတွင် အသေခံဒရုန်း (Loitering Munitions) များသည် ကုန်ကျစရိတ်သက်သာပြီး တိကျမှုမြင့်မားသော စနစ်များဖြစ်သောကြောင့် မကြာသေးမီနှစ်များအတွင်း နိုင်ငံတကာစစ်တပ်များ၏ စိတ်ဝင်စားမှု မြင့်တက်လာခဲ့သည်။ ယူကရိန်းပဋိပက္ခနှင့် မကြာသေးမီက ဖြစ်ပွားခဲ့သော အရှေ့အလယ်ပိုင်း ပဋိပက္ခများတွင် ဤလက်နက်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြသည်။



အထူးသဖြင့် ရန်သူ့သံချပ်ကာယာဉ်များ၊ အမြောက်တပ်စခန်းများနှင့် အခြားတန်ဖိုးကြီး စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို ချေမှုန်းရာတွင် အဆိုပါဒရုန်းများကို အောင်မြင်စွာ အသုံးချနိုင်ခဲ့ကြသည်။

Israel Aerospace Industries (IAI) က ထုတ်လုပ်သည့် Harop ကဲ့သို့သော ဒရုန်းစနစ်များသည် ခေတ်သစ်စစ်ပွဲများတွင် အသေခံဒရုန်းများ၏ အခန်းကဏ္ဍကို လူသိများလာစေခဲ့ပြီး နိုင်ငံအများအပြားသို့လည်း တင်ပို့ရောင်းချပေးလျက်ရှိသည်။

အမေရိကန် EagleNXT နှင့် အစ္စရေး Aerodrome ကုမ္ပဏီတို့၏ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုသည် ခေတ်သစ်စစ်ပွဲများတွင် အသေခံဒရုန်း (Loitering Munition) များ၏ အခန်းကဏ္ဍသည် မရှိမဖြစ် ပင်မရေစီးကြောင်း (Mainstream) ဖြစ်လာပြီဆိုသည်ကို ထင်ရှားစွာပြသနေပြီး အထူးသဖြင့် ယူကရိန်းနှင့် အရှေ့အလယ်ပိုင်းစစ်မြေပြင်များတွင် သက်သေပြခဲ့ပြီးသော အစ္စရေး၏ အလိုအလျောက် ပစ်မှတ်ခွဲခြားနိုင်စွမ်းနည်းပညာကို အမေရိကန်၏ အရင်းအနှီး ကုန်ထုတ်လုပ်မှုစွမ်းအားတို့နှင့်ပေါင်းစပ်လိုက်ခြင်းဖြင့် ရန်သူ့ရေဒီယိုလှိုင်းနှောင့်ယှက်မှုများကြားတွင်ပင် တန်ဖိုးကြီးလေကြောင်းရန် ကာကွယ်ရေးစနစ်များနှင့် သံချပ်ကာယာဉ်များကို တိကျစွာ ချေမှုန်းနိုင်မည့် လက်နက်စနစ်သစ်များကို ဖော်ဆောင်လာနိုင်လိမ့်မည်ဖြစ်သည်။

**US Firm Invests in Israeli Loitering Munition Developer Aerodrome ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**ထီးချိုင့် မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၀၂၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကြက်သွန်နီ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ပိဿာချိန် ၅၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ကြက်သွန်နီ ၁၀၂၈ ကေ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီ စိုက်ခင်းတွေ လက်ရှိ ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ကြက်သွန်နီ ဈေးကွက် အရောင်းအဝယ် ကောင်းဖို့ ချိတ်ဆက်ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက ကြက်သွန်နီစိုက်တောင်သူများအတွက် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာ အထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေး ကောင်းမွန်သည့် ကြက်သွန်နီ ဖြစ်စေရန်အတွက် ဆောင်ရွက် ပေးခဲ့ကြကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့် အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ် ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ ယခုနှစ် မတ်လပထမပတ်မှ စတင်၍ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ် ကောင်းနေပါတယ်။ လက်ရှိ ဒေသမှာ ကြက်ဟင်းခါးသီးတွေ ပေါ်နေပါတယ်။ ကြက်ဟင်းခါးသီးတွေကို



ဒေသဈေးကွက်အပြင် အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေကပါ အဝယ်များနေပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်တာ တွေ့ရပါတယ်။ အထွက်နှုန်းလဲ ကောင်းနေတယ်လို့ သိရပါတယ်" ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက်ကြက်ဟင်းခါးသီးများကို ဒေသဈေးကွက် အပြင် ပုသိမ်၊ ရေကြည်ဒေသတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းလာသဖြင့် စိုက်ပျိုးသူများ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ငဖဲမြို့နယ် မန်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ မတ် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မန်းဆုံကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မန်းဆုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၃ ဦးကို ငွေကျပ် ၄၂၈ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၁၅ ဒသမ ၅ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၄၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ငုဝါရွှေက ပြောပြ၍ သိရသည်။

**ဇင်မာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ကြို့ပင်ကောက်မြို့နယ် အောင်ချမ်းသာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး



**ကြို့ပင်ကောက် မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စု အထွေထွေပို့လျှံ ရန်ပုံငွေဖြင့် အောင်ချမ်းသာကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် ဝန်ထမ်းများက အောင်ချမ်းသာကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အောင်ချမ်းသာ ကျေးရွာ၌ အရှည် ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသား သုံးပေ၊ မြေနီကျောက်စရစ် ကိုးလက်မ ခင်းခြင်းနှင့် ဆက်စပ် လုပ်ငန်းများကို ပြည်ထောင်စု အထွေထွေပို့လျှံရန်ပုံငွေကျပ် ၈၁ ဒသမ ၉၂၆ သန်းဖြင့် ထူးပြည့် သာကုမ္ပဏီက ၂၀၂၅ ခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးခြင်းကြောင့် ကျေးရွာမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို အဆင်ပြေ ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သုတ**




# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၁၆ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ



**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၁၆ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လက်ရှိကော်မရှင်အနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယခင်ရွေးကောက်ပွဲများနှင့် မတူညီသည့် ရွေးကောက်ပွဲစနစ်၊ မဲပေးသည့်ပုံစံ၊ ရွေးကောက်ပွဲကျင်းပသည့် ပုံစံတို့ဖြင့် အခက်အခဲ အနှောင့်အယှက်များကြားမှ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲများ ကျင်းပဆောင်ရွက်ကြရာတွင်လည်း ယခုကဲ့သို့ စည်းစည်းလုံးလုံးအောင်အောင်မြင်မြင်ဖြင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲများအဖြစ် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ရွေးကောက်ပွဲကြီး အောင်မြင်အောင် ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် နိုင်ငံသားတာဝန်ကျေပွန်စွာဖြင့် အားတက်သရော လာရောက်ဆန္ဒမဲပေးခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပမှ မဲဆန္ဒရှင်ပြည်သူများ၊ စေတနာ စွမ်းအား၊ ဉာဏ်ပညာစွမ်းအား၊ ဝီရိယစွမ်းအားများဖြင့် နိုင်ငံတော်တာဝန်တစ်ရပ်အဖြစ် အားသွန်ခွန်စိုက် တာဝန်ကျေပွန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က ဖွင့်လှစ်သည့်သင်တန်းများ၌ သင်တန်းသားစံပြဆုရရှိသူ အရာထမ်း နှစ်ဦး၊ အခြားထူးချွန်ဆုရရှိသူ အရာထမ်း နှစ်ဦး စုစုပေါင်း လေးဦး၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအစီအစဉ်တွင် တွဲဖက်တာဝန်ထမ်းဆောင်ခဲ့သူ ဒုတိယညွှန်ကြားရေးမှူး တစ်ဦး၊တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းမိသားစုဝင် တစ်ဦးတို့ကို ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများချီးမြှင့်ပြီး ငွေကျပ် ၂၈၅ သိန်းကျော်တန်ဖိုးရှိ ဆုမဲများနှင့် ဆုငွေများကို ကံစမ်းမဲဖောက်ပေးကြသည်။

ညနေပိုင်းတွင် ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ကော်မရှင်ရုံးဝန်ထမ်းများက တေးသီချင်းများ၊ အကအလှများဖြင့် ပျော်ရွှင်စွာသီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု

**မန္တလေး မတ် ၁၁**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့မှစတင်ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာဖြင့် ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ယနေ့တွင် မြန်မာစာဘာသာရပ်ကို ဖြေဆိုကြသည်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် ဘဝတစ်သက်သာပညာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်ထွန်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်းများရှိ စာစစ်ဌာနများသို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုသည်။

ထိုသို့လိုက်လံကြည့်ရှုရာတွင် အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ်အတွင်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ကို ပါမောက္ခချုပ်၊တိုင်းဒေသကြီး၊မြို့နယ်ပညာရေးမှူးရုံးမှတာဝန်ရှိသူများ၊ကျောင်းအုပ်ကြီးများက စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့် အညီစနစ်တကျဆောင်ရွက်ထားရှိမှု၊ စာရေးကိရိယာများ အခမဲ့အသုံးပြုနိုင်ရန်စီစဉ်ထားရှိမှု၊ ဝင်ရောက်ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူဦးရေ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများ လုံခြုံစိတ်ချပြီး စိတ်ချမ်းမြေ့စွာဖြင့် စာမေးပွဲပြီးဆုံးသည်ထိ ဖြေဆိုသွားရေး၊ စာမေးပွဲဆိုင်ရာကဏ္ဍများနှင့် စပ်လျဉ်း၍ လုပ်ငန်းကိစ္စများဆောင်ရွက်ကြရာတွင် စနစ်တကျကြပ်မတ်ကာ အထူးဂရုပြုအလေးထား ဆောင်ရွက်သွားကြရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စာမေးပွဲကြီးကြပ်ရေးမှူး၊ ဆရာ၊ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊အုပ်ချုပ်ထောက်ပံ့ကိစ္စများ ဆောင်ရွက်ပေးနေကြသူများကို အားပေးစကားပြောကြားသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၈ ရက်ထိကျင်းပသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခုရှိ မြို့နယ် ၂၅ မြို့နယ်မှ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာရင်းသွင်းဦးရေ ၄၇၅၄၉ ဦးရှိပြီး မြန်မာစာဘာသာရပ်တွင် ၄၅၆၃၅ ဦး ဖြေဆိုခဲ့ရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၅ ဒသမ ၉၇ ရာခိုင်နှုန်း၊ ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောက်ဆည်၊ မိတ္ထီလာ၊ ရမည်းသင်း၊ ညောင်ဦး စုစုပေါင်း ခရိုင်လေးခုတို့မှ စာရင်းသွင်းဦးရေ ၃၃၉ ဦးရှိပြီး မြန်မာစာဘာသာရပ် တွင် ၃၃၇ ဦးဖြေဆိုခဲ့ရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၉ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း၊ ဆေးရုံများတွင် ဖွင့်လှစ်ထားသည့် သီးသန့်စာစစ်ဌာနများ၌ ဖြေဆိုမှုများရှိခဲ့ရာ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ကျောင်းသား သုံးဦး၊ ကျောင်းသူ တစ်ဦး၊ ပြင်ဦးလွင်မြို့ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ကျောင်းသား တစ်ဦး၊ ကျောင်းသူ တစ်ဦး၊ သာစည်မြို့နယ် ပြည်သူ့ဆေးရုံတွင် ကျောင်းသားတစ်ဦး၊ ညောင်ရမ်းတိုက်နယ်ဆေးရုံတွင် ကျောင်းသူ တစ်ဦးတို့ ဖြေဆိုခဲ့ကြကြောင်း၊ တိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၁၀၈ ခု ဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက စာမေးပွဲကာလအတွင်း ကျောင်းသား၊ကျောင်းသူများ သွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့်ယာဉ်အန္တရာယ်ကင်းရှင်းစေရန် စီမံဆောင်ရွက်ပေးထားကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ပြောင်းလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မည့်လုပ်ငန်းရှင်များ လွယ်ကူချောမွေ့စွာပြောင်းတင်ပို့နိုင်ရေးရည်ရွယ်၍ မြန်မာ-ထိုင်းနှစ်နိုင်ငံအစိုးရချင်း အသိအမှတ်ပြုမည့် **“မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့**”ကို ဖွဲ့စည်းဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအဖွဲ့အနေဖြင့် ထိုင်းနိုင်ငံသို့တင်ပို့မည့်ပြောင်းများအတွက် မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ကို ၃-၃-၂၀၂၆ ရက်မှစတင်၍ စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်းနှင့် ထောက်ခံချက်ထုတ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| ဆက်သွယ်ရမည့်ပုဂ္ဂိုလ် | ဖုန်းနံပါတ်များ |
|---|---|
| (က) ဒေါ်နီလာစိုး၊ လက်ထောက်အတွင်းဝန် (ပြည်ထောင်စုဝန်ကြီးရုံး) | ၀၉ ၅၀၇၀၇၉၂၊ ၀၆၇ ၃၄၀၈၂၄၇ |
| ( ခ ) ဒေါ်ချိုသက်မူ၊ ညွှန်ကြားရေးမှူး (ကုန်သွယ်ရေးဦးစီးဌာန) | ၀၉ ၅၀၇၀၇၀၈၊ ၀၆၇ ၃၄၀၈၁၁၉ |

# မြန်မာ့မီးရထား၏ နေပြည်တော်စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြို့၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာ့မီးရထား၏နေပြည်တော်စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ၌ Battery Electric Multiple Unit(BEMU)တည်ဆောက်နေမှု၊ ဘက်ထရီလျှပ်စစ်စက်ခေါင်း(Battery Electric Locomotive–BEL)နှင့် ဘက်ထရီတွဲတည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း ဘက်ထရီလျှပ်စစ်ရထားတွဲဆိုင်း (Battery Electric Multiple Unit – BEMU) တည်ဆောက်နေမှု၊



ဘက်ထရီလျှပ်စစ်စက်ခေါင်းသစ် (Battery Electric Locomotive–BEL)နှင့် ဘက်ထရီတွဲတည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်လျက်ရှိသော ဘက်ထရီလျှပ်စစ်ရထားတွဲဆိုင်းများ၊ ဘက်ထရီလျှပ်စစ်စက်ခေါင်းသစ်များနှင့် ဘက်ထရီတွဲများကို အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးရေးကို တာဝန်ရှိသူများအားလုံးက အထူးကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုအရ နေပြည်တော်စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံတွင် ရန်ကုန်မြို့ပတ်နှင့်ခရီးတိုလမ်းပိုင်းများတွင် အသုံးပြုရန်အတွက် ဘက်ထရီလျှပ်စစ်ရထားတွဲဆိုင်း(BEMU)များကိုလည်းကောင်း၊ ဒီဇယ်လျှပ်စစ်စက်ခေါင်း အသုံးပြုပြေးဆွဲသောလမ်းပိုင်းများတွင် အသုံးပြုရန်အတွက် ဘက်ထရီ လျှပ်စစ်စက်ခေါင်းသစ်(BEL)များနှင့် ဘက်ထရီတွဲများကိုလည်းကောင်း တည်ဆောက်လျက်ရှိပြီး စွမ်းအင်ချွေတာသုံးစွဲနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ခရီးသွားပြည်သူများကို ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုပေးအပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှသတင်းရရှိသည်။ **(သတင်းစဉ်)**

# အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်းမိသားစုဝင်များကို တွေ့ဆုံ




**နေပြည်တော် မတ် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမြို့ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (အေးသာယာ)ရှိ စစ်မှုထမ်းဟောင်းမိသားစုဝင်များတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစစ်မှုထမ်းဟောင်းအိမ်ရာ၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်းမိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းမိသားစုဝင်များအတွက် ဘုရားဆင်းတုတော်များ၊ ဆန်၊ ဆီ၊ ကြက်ဥ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်း မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းမိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း သက်သာချောင်ချိရေး အရောင်းဆိုင်ရောင်းချပေးနေမှု၊ သောက်ရေသန့်စက်မှ ရေပေးဝေနိုင်မှု၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အေးသာယာမြို့ အမှတ်(၇)ရပ်ကွက်ရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ခေမိန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး သင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်း၊ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကာ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် အလျားပေ ၁၂၀၊ အနံပေ ၃၀ ဘုန်းတော်ကြီးသင် သင်တန်းသားအိပ်ဆောင်ပြန်လည်ပြုပြင်နေမှုကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် မတ် ၁၁**

ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းများ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသားကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများပေးအပ်ချီးမြှင့်သည်။ ထို့နောက် တိုင်းမှူးက တက်ရောက်လာကြသူများနှင့် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၇၁ ဦးဖြင့်လည်းကောင်း၊ အင်္ဂလိပ်စာအခြေခံသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၃၆ ဦးဖြင့်လည်းကောင်း မတ် ၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်စဉ်။




☆ **ကျောဖုံးမှအဆက်**

ထို့နောက်စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက တီခုံအမှတ်(၁)၌ ပြိုင်ပွဲအထိမ်းအမှတ် Smoke Ball ရိုက်၍ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲကို မတ် ၁၀ ရက်၊ ၁၁ ရက်တို့တွင် မြို့တော်ဂေါက်ကွင်း၊ ရေပြာဂေါက်ကွင်းတို့၌ ဆက်လက်ယှဉ်ပြိုင်ကစားကြပြီးနောက် ယနေ့ညနေပိုင်းတွင် ရေပြာဂေါက်ကွင်း၌ ဆုပေးပွဲနှင့်ညစာစားပွဲအခမ်းအနားကျင်းပပြုလုပ်သည်။

ဆက်လက်၍ ပြိုင်ပွဲတွင် အကြီးတန်းတစ်ဦးချင်း၊ အငယ်တန်းတစ်ဦးချင်း၊ အသင်းလိုက်အကြီးတန်း၊ အငယ်တန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ပြီး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့်အိန္ဒိယတပ်မတော်ဂေါက်သီးရိုက်အသင်းခေါင်းဆောင် Gp Capt Anish Sharma တို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲသည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်လေးစားယုံကြည်မှုကို တိုးတက်စေမည်ဖြစ်ပြီး မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်အကြား ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင်မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ နိုင်ငံတော်သြဝါဒါစရိယ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသ၊ နိုင်ငံတော်သြဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိသောဋသမ ရွှေကျင်သာသနာပိုင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရအမှူးပြုသော ဆရာတော်ကြီးခုနစ်ပါး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ထွန်း၊ ဦးအေးထွန်း၊ ဒေါ်နုမြဲ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အဖွင့်သြဝါဒကထာ ချီးမြှင့်တော်မူရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အစည်းအဝေးတက်ရောက်လာကြသူများက နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍လျှောက်ထားပြီး ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးတို့က အခမ်းအနားကျင်းပမည့်အစီအစဉ်များနှင့်ပတ်သက်၍ လျှောက်ထားကြသည်။

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ နိုင်ငံတော်သြဝါဒါစရိယ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသ၊ နိုင်ငံတော်သြဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သောဋသမရွှေကျင်သာသနာပိုင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တကေသရ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒ ဆရာတော်ကြီးများက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား ကျင်းပရာတွင် သာသနာတော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်အောင် ဆောင်ရွက်ရန်၊ သာသနာတော်နှင့် သင့်လျော်သည့် အလုပ်အကိုင်၊ အပြင်အဆင်၊ ပြောဆိုမှုများနှင့်ညီညွတ်အောင် ဆောင်ရွက်ရန်၊ သမိုင်းမှတ်တိုင်၊ မော်ကွန်းတင်ကျန်အောင်ဆောင်ရွက်ရန်၊ ဆဋ္ဌသင်္ဂါယနာသမိုင်းမှတ်တမ်း၊ ဓာတ်ပုံအထောက်အထား၊ စာအုပ်စာပေများ ဖော်ထုတ်ထိန်းသိမ်းရန်၊ ဆဋ္ဌသင်္ဂါယနာတင်ဖွားဖက်တော် အဆောက်အအုံများကို ထိန်းသိမ်းရန်တို့ကို မိန့်ကြားကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးက ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးလျှောက်ထားတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၁**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးပရိသတ်များက ဥတ္တရာသီရိမြို့နယ် မသိမ်ကျေးရွာ ကျောင်းသစ်ကျောင်း ဦးစီးပဓာနနာယကဆရာတော် ဦးဘောဘဏထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံ နဝကမ္မအလှူတော်ငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စရပ်များကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ တိုင်းရင်းသားဘာသာစာပေသင်ကြားသည့် ဆရာ၊ ဆရာမများ နှစ်စဉ်တိုးမြှင့်ခန့်ထားပြီး ခေတ်ကာလနှင့်လျော်ညီသည့် နှုန်းထားများဖြင့် ထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် နီးနွယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တိုင်းရင်းသားဘာသာပြန်ဆိုသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားများ၏ လူနေမှုဘဝ၊ ပွဲတော်များ၊ ရိုးရာအစားအစာချက်ပြုတ်နည်း အစီအစဉ်များကို Documentary ရိုက်ကူးခြင်း၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးတွေ့ဆုံ၍ အမြင်ချင်းဖလှယ်နိုင်ရန်၊ ဒေသန္တရဗဟုသုတများရရှိစေရန် လေ့လာရေးခရီးစဉ်များဆောင်ရွက်ခြင်း၊ ရှမ်းပြည်နယ်တွင် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာဖွင့်လှစ်၍ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ခြင်း၊ ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ဖွင့်လှစ်ခြင်း၊ သက်သာချောင်ချိရေးအတွက် လစဉ်ချီးမြှင့်ငွေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။



ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ကျင့်ဝတ်များ၊ တည်ဆဲဥပဒေများကို လိုက်နာရန်လိုအပ်ပြီး မိမိတို့၏စွမ်းဆောင်ရည်များ မြင့်မားလာစေရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကျေးဇူးတင်စကားပြောကြားကာ ဝန်ထမ်းများက တိုင်းရင်းသားရိုးရာ အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ**
**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၆ / ၂၀၂၆)**
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အောက်ပါ ကျူးလွန်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သော ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်-

(က) မည်သူမဆို နိုင်ငံတော်အတွင်း ကျူးလွန်မှု၊

(ခ) မည်သူမဆို နိုင်ငံတော်၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်မှု၊

(ဂ) မြန်မာနိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသားမှတ်ပုံတင်ကိုင်ဆောင်ထားသူကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူကဖြစ်စေ ပြည်ပတွင် ကျူးလွန်မှု။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ကို ဆိုသည်။

(ဂ) **ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့** ဆိုသည်မှာ သတင်းပို့ချက်များအား လက်ခံခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းအပါအဝင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ဗဟိုအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့ကို ဆိုသည်။

(ဃ) **ဥပဒေစိုးမိုးရေးအဖွဲ့အစည်း** (Law Enforcement Agency-LEA) ဆိုသည်မှာ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ယင်းပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ ချိပ်ပိတ်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းလုပ်ငန်းကို သက်ဆိုင်ရာ ဥပဒေအရ ဆောင်ရွက်ပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းကို ဆိုသည်။

(င) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထဲရေးဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်တာဝန်ပေးအပ်သည့် သက်ဆိုင်ရာတပ်ဖွဲ့နှင့် ဦးစီးဌာနမှ စုံစမ်းစစ်ဆေးရေးအရာရှိ သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့လည်း ပါဝင်သည်။

(စ) **သတင်းပို့အဖွဲ့အစည်း** ဆိုသည်မှာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း(Designated Non-Financial Businesses and Professions-DNFBPs) ကိုဆိုသည်။ ယင်းစကားရပ်တွင် ဗဟိုအဖွဲ့ကအခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတင်းပို့ရန် သတ်မှတ်တာဝန်ပေးခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းလည်းပါဝင်သည်။

(ဆ) **သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်း မဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း** (Designated Non-Financial Businesses and Professions- DNFBPs) ဆိုသည်မှာ အောက်ပါလုပ်ငန်းများကို ဆိုသည်-

(၁) ကာစီနို၊

(၂) အိမ်ခြံမြေ အကျိုးဆောင်၊

(၃) အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်း၊

(၄) ဆက်သွယ်ဆောင်ရွက်သူ၏ ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းမှု၊ လက်ခံမှု၊ အပ်နှံမှုများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးသော သို့မဟုတ် ဆောင်ရွက်ရန်ပြင်ဆင်ပေးသော ရှေ့နေ၊ နိုတာရီပဗ္ဗလစ်နှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ သို့မဟုတ် စာရင်းကိုင်များ-

(ကက) မရွှေ့မပြောင်းနိုင်သော ပစ္စည်းရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ခခ) ငွေကြေးများ၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားပိုင်ဆိုင်သည့်ပစ္စည်းများကို စီမံခန့်ခွဲခြင်း၊

(ဂဂ) ဘဏ်စာရင်းများ၊ စုငွေစာရင်းများ သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်စာရင်းများကို စီမံခန့်ခွဲခြင်း၊

(ဃဃ) ကုမ္ပဏီအဖွဲ့အစည်းများထူထောင်မှု၊ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် စီမံခန့်ခွဲမှုများအတွက် အထောက်အကူပြုဆောင်ရွက်ချက်များကို စုရုံးစီစဉ်ခြင်း၊

(ငင) ကုမ္ပဏီအဖွဲ့အစည်းများ သို့မဟုတ် အစီအစဉ်များ ထူထောင်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စီးပွားရေးလုပ်ငန်းများကို ဝယ်ယူခြင်းနှင့် ရောင်းချခြင်း။

(၅) အောက်ပါ ယုံမှတ်အပ်နှံမှု သို့မဟုတ် ကုမ္ပဏီလုပ်ငန်းကို ဝန်ဆောင်မှုပေးခြင်း-

(ကက) ကုမ္ပဏီအဖွဲ့အစည်းများဖွဲ့စည်းရေးဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(ခခ) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးအဖြစ်သော်လည်းကောင်း၊ အစုစပ်လုပ်ကိုင်သူ သို့မဟုတ် အခြားကုမ္ပဏီအဖွဲ့အစည်းတစ်ခု သို့မဟုတ် အစီအစဉ်တစ်ခုတွင် ယင်းအဆင့်နှင့် တူညီသောသူအဖြစ်သော်လည်းကောင်း ဆောင်ရွက်ခြင်း၊

(ဂဂ) ကုမ္ပဏီတစ်ခု သို့မဟုတ် အစုစပ်လုပ်ငန်းတစ်ခု သို့မဟုတ် အခြားသော ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် အစီအစဉ်တစ်ခုအတွက် မှတ်ပုံတင်ရုံး သို့မဟုတ် နေရာထိုင်ခင်း သို့မဟုတ် လုပ်ငန်းလိပ်စာ သို့မဟုတ် စာပေးစာယူ သို့မဟုတ် အုပ်ချုပ်မှုလိပ်စာတို့ကို တာဝန်ယူပေးခြင်း။

(၆) ယုံမှတ်အပ်နှံမှုလုပ်ငန်းတစ်ခုတွင် ယုံကြည်အပ်နှံခံရသူအဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် အသင်းအဖွဲ့တစ်ခုခု သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုတစ်ခုခုတွင် ယင်းလုပ်ငန်းတာဝန်နှင့်တူညီစွာ ဆောင်ရွက်ခြင်း၊

(၇) သူတစ်ဦးအတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် သူတစ်ဦးအတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ် အခြားသူတစ်ဦးဦးက ဆောင်ရွက်ပေးစေရန် စီစဉ်ခြင်း။

(ဇ) **ကြီးကြပ်ရေးအာဏာပိုင်** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် လူအများအပြားသေကျေစေသည့် လက်နက်များ ပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှုကိုတိုက်ဖျက်ရေး တာဝန်ဝတ္တရားများအား လိုက်နာဆောင်ရွက်စေရေးအတွက် သတင်းပို့အဖွဲ့အစည်းများအား ကြီးကြပ်ရန် ဗဟိုအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသူကိုဆိုသည်။

(ဈ) **ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် အခြားသက်ဆိုင်သောဥပဒေများအရ တည်ထောင်ထားသော ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကိုဆိုသည်။ ယင်းစကားရပ်တွင် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးဦးအတွက်ဖြစ်စေ သို့မဟုတ် ၎င်း၏ကိုယ်စား အောက်ပါဆောင်ရွက်မှုတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဆောင်ရွက်မှုများကိုဖြစ်စေ စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးဘဏ် သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်၊ ငွေစုငွေချေးအသင်း၊ ငွေရေးကြေးရေးကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေးကုမ္ပဏီ၊ နိုင်ငံခြားငွေဝယ်ယူရောင်းချလဲလှယ်ရေးကောင်တာ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်း၊ အာမခံကုမ္ပဏီနှင့် အခြားအဖွဲ့အစည်းများလည်း ပါဝင်သည်-

(၁) ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ဘဏ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ပြည်သူများထံမှ အပ်ငွေများနှင့် ပြန်လည်ပေးအပ်ရမည့် ရန်ပုံငွေများ လက်ခံခြင်း၊

(၂) ပစ္စည်းသိမ်းဆည်းခြင်းအပါအဝင် ကူးသန်းရောင်းဝယ်ရေး ဆောင်ရွက်ချက်များအတွက် ငွေကြေးဖြည့်ဆည်းပေးခြင်း၊ စားသုံးသူချေးငွေ၊ အပေါင်ဖြင့်ချေးငွေများ အပါအဝင် ငွေထုတ်ချေးခြင်း၊

(၃) စားသုံးသူဆိုင်ရာ ဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် အစီအစဉ်များမှတစ်ပါး ငွေချေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာအခွင့်အရေးကို ငှားရမ်းခြင်း၊

(၄) ငွေကြေး သို့မဟုတ် တန်ဖိုးတစ်ရပ်ရပ်ကို လွှဲပြောင်းပေးခြင်း၊

(၅) အကြွေးဝယ်ကတ်နှင့် မြီစားကတ်များ၊ ခရီးသွားချက်လက်မှတ်၊ ငွေပေးအမိန့်များ၊ ဘဏ်ငွေလွှဲလက်မှတ်၊ အီလက်ထရောနစ်နည်းလမ်းများဖြင့် ငွေပေးချေခြင်း၊ ထုတ်ဝေခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၆) ငွေရေးကြေးရေးဆိုင်ရာ အာမခံနှင့်ကတိစာချုပ်များ ထုတ်ဝေခြင်း၊

(၇) အောက်ပါငွေရေးကြေးရေး စာချုပ်စာတမ်းများ ရောင်းဝယ်ခြင်း-

(ကက) ချက်လက်မှတ်များ၊ ငွေပေးအမိန့်လက်မှတ်များ၊ အပ်ငွေလက်မှတ်များနှင့် ဆင့်ပွားစာချုပ်စာတမ်းများ၊ နိုင်ငံခြားသုံးငွေ၊ အတိုးနှုန်းနှင့် ဈေးနှုန်းညွှန်းကိန်းစာချုပ်စာတမ်းများ၊ လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များ အပါအဝင် ငွေကြေးဈေးကွက် စာချုပ်စာတမ်းများအား ရောင်းဝယ်ခြင်း၊

(ခခ) ကုန်စည်များကို အနာဂတ်ကာလအတွက် မျှော်မှန်းရောင်းဝယ်ခြင်း။

(၈) ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရာတွင် ပါဝင်ခြင်းနှင့် အဆိုပါကိစ္စရပ်များတွင် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးခြင်း၊

(၉) ရင်းနှီးမြှုပ်နှံမှုတစ်ခုချင်းကိုဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုအားလုံးကိုဖြစ်စေ စီမံခန့်ခွဲခြင်း၊

(၁၀) အာမခံသေတ္တာများ လက်ခံထိန်းသိမ်းခြင်းနှင့် အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ငွေဖြစ်လွယ်သော ငွေချေးသက်သေခံလက်မှတ်များ စီမံခန့်ခွဲပေးခြင်း၊

(၁၁) အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ဘဏ္ဍာရန်ပုံငွေများ စီမံခန့်ခွဲခြင်း သို့မဟုတ် စီမံအုပ်ချုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊

(၁၂) ကိုယ်စားလှယ်များနှင့် တစ်ဆင့်ကြားခံဆောင်ရွက်ပေးသူများက အာမခံလုပ်ငန်းကြားခံဝန်ဆောင်မှုပေးခြင်းအပါအဝင် အခြားရင်းနှီးမြှုပ်နှံမှုနှင့် ဆက်သွယ်နေသည့် အာမခံလုပ်ငန်း၊ အသက်နှင့် အထွေထွေအာမခံလုပ်ငန်း ဆောင်ရွက်ပေးခြင်း၊

(၁၃) ငွေကြေးနှင့်ငွေများ လဲလှယ်ဆောင်ရွက်ခြင်း။

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

(ည) **ပြစ်မှုကျူးလွန်ရာမှရရှိသည့်အကျိုးအမြတ်** ဆိုသည်မှာ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရရှိသည့်ငွေကြေးနှင့် ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါငွေကြေးနှင့်ပစ္စည်းကို အခြေပြု၍ အခြားသော ပစ္စည်း သို့မဟုတ် စီးပွားရေးလုပ်ငန်းအဖြစ် အဆင့်ဆင့်လွှဲပြောင်းထားသည့် သို့မဟုတ် ပြောင်းလဲထားသည့် ငွေကြေး သို့မဟုတ် ပစ္စည်းလည်းပါဝင်သည်။

(ဋ) **သဏ္ဌာန်ဆောင်ဘဏ်** ဆိုသည်မှာ နိုင်ငံအတွင်း တရားဝင်စီးပွားရေးလုပ်ငန်းအဖွဲ့ တည်ထောင်ထားပြီး လိုင်စင်ရယူထားခြင်း သို့မဟုတ် အခြေစိုက်ထားခြင်းဖြစ်သော်လည်း ရုပ်ဒြပ်အရ တည်ရှိနေခြင်းမရှိသည့်အပြင် ထိရောက်ခိုင်မာစွာ ကြီးကြပ်မှုခံရသော ငွေရေးကြေးရေးအုပ်စု တစ်ခုနှင့် ပေါင်းစည်းထားခြင်းမရှိသည့် ဘဏ်ကိုဆိုသည်။

**ရှင်းလင်းချက်။** **ရုပ်ဒြပ်အရတည်ရှိခြင်း** ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွင်း စနစ်တကျ ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်းနှင့် စီမံခန့်ခွဲခြင်းကိုဆိုသည်။

(ဌ) **ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း**(Legal Person) ဆိုသည်မှာ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းသော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အမြဲတမ်းဆက်သွယ်ဆောင်ရွက်သည့် လုပ်ငန်းထူထောင်ထားရှိသော အဖွဲ့အစည်း သို့မဟုတ် ငွေကြေး၊ ပစ္စည်းပိုင်ဆိုင်သော အဖွဲ့အစည်းတစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ၊ ကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့နှင့် အခြားအလားတူအသင်းအဖွဲ့များလည်း ပါဝင်သည်။

(ဍ) **ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု** (Legal Arrangement) ဆိုသည်မှာ တစ်ဦးတစ်ယောက်၏ ပိုင်ဆိုင်မှုအခွင့်အရေး၊ အကျိုးခံစားခွင့်နှင့်တာဝန်တို့ကို ထိုသူ၏ ယုံကြည်အပ်နှံမှုဖြင့် တာဝန်ယူဆောင်ရွက်သည့် ယုံမှတ်အပ်နှံမှုလုပ်ငန်းများ သို့မဟုတ် အခြားအလားတူ ဥပဒေရေးရာ စီမံဆောင်ရွက်မှုများကိုဆိုသည်။ ယင်းစကားရပ်တွင် ဝါကပ်ဖ်(Wakf)၊ အများအကျိုးနှင့် ဘာသာရေးအရ ယုံကြည်အပ်နှံမှုလုပ်ငန်းများ (Charitable and Religious Trusts) တို့လည်း ပါဝင်သည်။

(ဎ) **အကျိုးခံစားခွင့်ရှိသူပိုင်ရှင်**(Beneficial owner)ဆိုသည်မှာ မူရင်းပိုင်ဆိုင်သူ၊ ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအား ထိန်းချုပ်သူ သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုခုကို မိမိကိုယ်စား အခြားသူတစ်ဦးက ဆောင်ရွက်စေသူတစ်ဦးဦးကိုဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ဆောင်ရွက်မှု သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုကို ထိရောက်သောထိန်းချုပ်မှုပြုသည့်သူ သို့မဟုတ် သွယ်ဝိုက်၍ပိုင်ဆိုင်မှု ကွင်းဆက်အဆင့်ဆင့် ထိန်းချုပ်သူလည်း ပါဝင်သည်။

(ဏ) **ဆက်သွယ်ဆောင်ရွက်သူ** ဆိုသည်မှာ သတင်းပို့အဖွဲ့အစည်းနှင့် စီးပွားဆက်ဆံ ဆောင်ရွက်မှုပြုသူ သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုပြုသူကိုဆိုသည်။

(တ) **ပြည်တွင်းတွင် ဩဇာတိက္ကမရှိသူ** (Domestic Politically Exposed Person–Domestic PEP)ဆိုသည်မှာ နိုင်ငံတော်အတွင်း၌ အများပြည်သူဆိုင်ရာ လုပ်ငန်းများဖြင့် ထင်ရှားသူ သို့မဟုတ် ယင်းလုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူကိုလည်းကောင်း၊ ယင်း၏ မိသားစုဝင်များ သို့မဟုတ် ယင်းနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူကိုလည်းကောင်း ဆိုသည်။

(ထ) **ပြည်ပတွင် ဩဇာတိက္ကမရှိသူ**(Foreign Politically Exposed Person–Foreign PEP) ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၌ အများပြည်သူဆိုင်ရာလုပ်ငန်းများဖြင့် ထင်ရှားသူ သို့မဟုတ် ယင်းလုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူကိုလည်းကောင်း၊ ယင်း၏ မိသားစုဝင်များ သို့မဟုတ် ယင်းနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူကိုလည်းကောင်း ဆိုသည်။

(ဒ) **အပြည်ပြည်ဆိုင်ရာတွင်ဩဇာတိက္ကမရှိသူ** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းများဆောင်ရွက်သည့် ဒါရိုက်တာ၊ ဒုတိယဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်နှင့် အဆင့်မြင့်အဖွဲ့ဝင်ဖြစ်သူ၊ အလားတူလုပ်ငန်းများတွင် ယင်းအဆင့်နှင့် ညီမျှသောအဖွဲ့ဝင်ဖြစ်သူ သို့မဟုတ် ယင်းလုပ်ငန်းဆောင်ရွက်ရန် ယုံကြည်ခြင်းခံရသူနှင့် ယင်း၏မိသားစုဝင်များ သို့မဟုတ် ယင်းနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူတို့ကို ဆိုသည်။

(ဓ) **ငွေကြေးခဝါချမှု** ဆိုသည်မှာ အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကျူးလွန်ခြင်းကို ဆိုသည်–

(၁) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်ဖြစ်သည်ဟု သိလျက်နှင့်ဖြစ်စေ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ယင်းငွေကြေး သို့မဟုတ် ပစ္စည်း၏ဇာစ်မြစ်ကို အသွင်သဏ္ဌာန်ပြောင်းလဲရန် သို့မဟုတ် ဖုံးကွယ်ရန်သော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပါဝင်သူတစ်ဦးတစ်ယောက်အား ယင်း၏ ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရ အရေးယူခံရခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် ပြစ်မှုမကျူးလွန်မီဖြစ်စေ၊ ပြစ်မှုကျူးလွန်ပြီးနောက်ဖြစ်စေ အကူအညီပေးရန်သော်လည်းကောင်း ရည်ရွယ်ချက်ဖြင့် ယင်းငွေကြေးနှင့်ပစ္စည်းကို အသွင်သဏ္ဌာန်ပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(၂) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်ဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ မူလသဘာဝ၊ ဇာစ်မြစ်၊ တည်နေရာနှင့် ပင်ကိုစရိုက်လက္ခဏာတို့ကို ပြောင်းလဲမှုသော်လည်းကောင်း၊ ယင်းငွေကြေးနှင့်ပစ္စည်းတို့ကို ပိုင်ဆိုင်မှု သို့မဟုတ် အခွင့်အရေးတို့အား ဖုံးကွယ်ခြင်း သို့မဟုတ် အသွင်သဏ္ဌာန်ပြောင်းလဲခြင်းသော်လည်းကောင်းပြုခြင်း၊

(၃) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်ဖြစ်ကြောင်း မိမိလက်ဝယ် လက်ခံရရှိသည့် အချိန်တွင် သိလျက်နှင့်ဖြစ်စေ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ငွေကြေးနှင့်ပစ္စည်းကိုရယူခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(၄) ပုဒ်မခွဲငယ် (၁)မှ ပုဒ်မခွဲငယ်(၃) အထိပါရှိသော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း သို့မဟုတ် ကျူးလွန်ရန်အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်းကို ပြုလုပ်မှုဖြင့်သော်လည်းကောင်း၊ ပျက်ကွက်မှုဖြင့်သော်လည်းကောင်း ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ အထောက်အပံ့ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂိုဏ်းအဖွဲ့ဝင်ဖြစ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်ခြင်းဆိုင်ရာ ပြစ်မှုတစ်ခုခု ကျူးလွန်ခြင်း။

(န) **ငွေကြေး** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခုက ထုတ်ဝေထားပြီး တရားဝင်လဲလှယ်အသုံးပြုနိုင်သည့် ငွေဒင်္ဂါး၊ ငွေအကြွေနှင့် ငွေစက္ကူ၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းဖြစ်သည့် ငွေပေးကတိစာချုပ်၊ ငွေလွှဲလက်မှတ်၊ ချက်လက်မှတ်၊ ငွေချေးစာချုပ်၊ ငွေတိုက်စာချုပ်၊ ကြွေးမြီအာမခံစာချုပ်၊ နိုင်ငံခြားသုံးငွေများ၊ ယင်းငွေများနှင့် ဆက်စပ်နေသော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခုက အီလက်ထရောနစ်နည်းလမ်းဖြင့် တရားဝင်ထုတ်ဝေ အသုံးပြုလျက်ရှိပြီး ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများတွင် အသုံးပြုလျက်ရှိသည့် ဒီဂျစ်တယ် ငွေကြေးကိုဆိုသည်။

(ပ) **ပစ္စည်း** ဆိုသည်မှာ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို တည်ရှိသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ပိုင်ဆိုင်ကြောင်း သက်သေထင်ရှားပြသည့် တရားဝင်စာတမ်းအမှတ်အသား သို့မဟုတ် စာချုပ်စာတမ်းများ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းမှ ဆင့်ပွားပေါ်ပေါက်လာသော အကျိုးအမြတ်များလည်း ပါဝင်သည်။

(ဖ) **ဗာကျူရယ်အက်ဆက်** (Virtual Asset) ဆိုသည်မှာ တန်ဖိုးကို ဒီဂျစ်တယ်ပုံစံဖြင့် ကိုယ်စားပြုထားပြီး ကူးသန်းရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်း၊ ငွေပေးချေခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတို့တွင် အသုံးပြုနိုင်သည့်ပစ္စည်းကိုဆိုသည်။ အဆိုပါဗာကျူရယ်အက်ဆက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေထားသည့် ငွေကြေး၊ အာမခံလက်မှတ်နှင့် အခြားငွေကြေးဆိုင်ရာပစ္စည်းများ မပါဝင်။

(ဗ) **လွှဲပြောင်းနိုင်သောစာချုပ်စာတမ်း** ဆိုသည်မှာ ခရီးသွားချက်လက်မှတ်၊ ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သောပုံစံဖြင့် ရှိသည်ဖြစ်စေ၊ ကန့်သတ်ချက်မထားရှိဘဲ မှန်ကန်ကြောင်း ထောက်ခံချက်ပေးထားသည်ဖြစ်စေ၊ ဖန်တီးထားသော ငွေလက်ခံသူအမည် ဖြည့်စွက်၍ ဖြစ်စေ၊ လွှဲပြောင်းပေးအပ်ရန်အကျုံးဝင်သည့် အခြားပုံစံဖြင့်ဖြစ်စေ ရှိသည့်ချက်လက်မှတ်၊ ငွေပေးကတိစာချုပ်၊ ငွေလွှဲစာချုပ်နှင့် ငွေပေးအမိန့်အပါအဝင် လွှဲပြောင်းနိုင်သော ငွေရေးကြေးရေးဆိုင်ရာစာချုပ်စာတမ်းများကိုဆိုသည်။ ယင်းစကားရပ်တွင် လက်မှတ်ရေးထိုးထားသော်လည်း ငွေပေးချေမှုကို လက်ခံမည့်သူ၏အမည်ကို ဖော်ပြထားခြင်းမရှိသော ချက်လက်မှတ်၊ ငွေပေးကတိစာချုပ်၊ ငွေလွှဲစာချုပ်နှင့် ငွေပေးအမိန့်အပါအဝင် ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် စာချုပ်စာတမ်းကဲ့သို့သော လွှဲပြောင်းနိုင်သည့်ပုံစံဖြင့်ရှိသည့် ငွေရေးကြေးရေးဆိုင်ရာ စာချုပ်စာတမ်းများပါဝင်သည်။

(ဘ) **အသုံးပြုပစ္စည်း** ဆိုသည်မှာ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သို့မဟုတ် အသုံးပြုရန်ရည်ရွယ်သည့် ပစ္စည်းကိုဆိုသည်။

(မ) **ငွေစာရင်း**(Account) ဆိုသည်မှာ သတင်းပို့အဖွဲ့အစည်းတစ်ရပ်ရပ်၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန် ဆက်သွယ်ဆောင်ရွက်သူနှင့် သတင်းပို့အဖွဲ့အစည်း အကြား ထူထောင်ထားရှိသည့် စီးပွားဆက်ဆံဆောင်ရွက်မှုကိုဆိုသည်။ ယင်းစကားရပ်တွင် တတိယပုဂ္ဂိုလ် သို့မဟုတ် တတိယကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့ကိုယ်စား စီးပွားဆက်ဆံဆောင်ရွက်မှုများအတွက် တိုက်ရိုက်ဆက်သွယ်၍ ပေးချေမှုကိုအသုံးပြုသည့် တစ်ဆင့်လက်ခံဘဏ်ငွေစာရင်းလည်း ပါဝင်သည်။

(ယ) **ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း** (Customer Due Diligence– CDD) ဆိုသည်မှာ ဤဥပဒေ အခန်း ၉ တွင် ဖော်ပြထားသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ရန် ဆောင်ရွက်ရမည့်အချက်ကိုဆိုသည်။

(ရ) **ထိန်းချုပ်ဖော်ထုတ်ခြင်း** (Controlled Delivery) ဆိုသည်မှာ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု သို့မဟုတ် တစ်ခုထက်ပိုသော နိုင်ငံအတွင်း၌ဖြစ်စေ၊ နိုင်ငံတော်နှင့် ပြည်ပနိုင်ငံတစ်ခုခုကို ဖြတ်သန်း၍ဖြစ်စေ ဝင်ရောက်ခြင်း၊ ဖြတ်သန်းခြင်း သို့မဟုတ် ထွက်ခွာခြင်းပြုစဉ် သက်သေခံပစ္စည်းများကို တင်သွင်းခြင်း၊ တင်ပို့ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းပြုကြောင်း စစ်ဆေးတွေ့ရှိသည့်အခါဖြစ်စေ၊ သံသယဖြစ်ဖွယ် တွေ့ရှိသည့်အခါဖြစ်စေ၊ ခိုင်လုံသောသတင်းရရှိသည့်အခါဖြစ်စေ အဓိကပြစ်မှုကျူးလွန်သူကို ဖော်ထုတ်အရေးယူရန် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်တွင် ထိန်းချုပ်စောင့်ကြည့် ဖော်ထုတ်သည့် နည်းလမ်းကိုဆိုသည်။

(လ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ်လက်ခံထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ နောက်ဆက်တွဲပရိုတိုကောလ်များနှင့် ဒေသဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသတွင်းသဘောတူစာချုပ်များ၊ နှစ်နိုင်ငံစာချုပ်များ၏ အဖွဲ့ဝင်အဖြစ် လက်ခံထားသော နိုင်ငံအသီးသီးကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ငွေကြေးခဝါချမှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို ထိရောက်စွာ အရေးယူနိုင်ရန်နှင့် ဆင့်ပွားပေါ်ပေါက်နိုင်သည့် ပြစ်မှုများကို ကာကွယ်ဟန့်တားရန်၊

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့မှတစ်ဆင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ရန်၊

(ဂ) နိုင်ငံတော်ကလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်အညီ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆောင်ရွက်ရန်၊

(ဃ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၊ လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့် မူလပြစ်မှုများ တိုက်ဖျက်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ခြင်းဆောင်ရွက်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ ချမှတ်ရန်။

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

## အခန်း(၃)

## ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများ

၅။ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များကို ငွေကြေးခဝါချမှုပြုလုပ်ခြင်းသည် ဤဥပဒေနှင့်သက်ဆိုင်စေရမည်-

(က) နိုင်ငံဖြတ်ကျော်၍ ဂိုဏ်းအုပ်စုဖြင့်ဂိုဏ်းဖွဲ့ကျူးလွန်မှု၊ ရာဇဝတ်ဂိုဏ်းများတွင်ပါဝင်မှု၊ ဒုစရိုက်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းမှု၊

(ခ) အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုအပါအဝင် အကြမ်းဖက်မှု၊

(ဂ) လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှု၊

(ဃ) ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းအပါအဝင် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု၊

(င) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ကုန်ကူးမှု၊

(စ) လက်နက်များ တရားမဝင်ကုန်ကူးမှုများ၊

(ဆ) ခိုးရာပါပစ္စည်းနှင့် အခြားသောကုန်စည်များ တရားမဝင်ကုန်ကူးမှု၊

(ဇ) အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု၊

(ဈ) လိမ်လည်မှု၊

(ည) ငွေကြေးအတုပြုလုပ်မှု၊

(ဋ) ကုန်ပစ္စည်းအတုပြုလုပ်မှုနှင့် မူပိုင်ခွင့်ချိုးဖောက်မှု၊

(ဌ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာသည့်ပြစ်မှုများ၊

(ဍ) လူသတ်မှု၊ လူ့ခန္ဓာကိုယ်ကို အပြင်းအထန်နာကျင်စေမှု၊

(ဎ) ပြန်ပေးဆွဲမှု၊ မတရားဖမ်းဆီးချုပ်နှောင်မှုနှင့် ဓားစာခံဖမ်းဆီးမှု၊

(ဏ) ဓားပြမှု သို့မဟုတ် ခိုးမှု၊

(တ) အကောက်ခွန်၊ ယစ်မျိုးနှင့် အခွန်များဆိုင်ရာအပါအဝင် မှောင်ခိုမှုများ၊

(ထ) အခွန်ဆိုင်ရာပြစ်မှုများ (တိုက်ရိုက်ခွန်နှင့် သွယ်ဝိုက်ခွန်များအပါအဝင်)၊

(ဒ) ခြောက်လှန့်တောင်းယူမှု၊

(ဓ) လိမ်လည်အတုပြုလုပ်မှု၊

(န) ပင်လယ်ဓားပြမှု၊

(ပ) သတင်းအချက်အလက်ကို ဦးစွာသိရှိနိုင်သူက မိမိသိရှိသည့်သတင်းအချက်အလက်ကို အသုံးပြု၍ မိမိကိုယ်တိုင်ဖြစ်စေ၊ ယင်းသတင်းအချက်အလက်ကို သူတစ်ပါးအား ပေးအပ်၍ဖြစ်စေ တရားမဝင်အကျိုးအမြတ်ရရှိရေးအတွက် ဆောင်ရွက်ခြင်းနှင့် ဈေးကွက်ထိန်းချုပ်ရန် ပြုလုပ်ခြင်းဆိုင်ရာပြစ်မှုများ၊

(ဖ) ဆိုက်ဘာမှုခင်း၊

(ဗ) လောင်းကစားမှု၊

(ဘ) ထိန်းချုပ်ဓာတုပစ္စည်းများနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

(မ) နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အနည်းဆုံး ထောင်ဒဏ်ခြောက်လနှင့်အထက် ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုများ၊

(ယ) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများဖြစ်သည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်သည့် ပြစ်မှုများ။

## အခန်း (၄)

## ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့်သင့်လျော်သော နိုင်ငံသားများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က)နှင့် (ခ)တို့အရ ဖွဲ့စည်းသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို လိုအပ်ပါက သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဗဟိုအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ ယင်းမူဝါဒနှင့်အညီ ပြည်တွင်းရှိ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို အကဲဖြတ်ဆောင်ရွက်ခြင်း၊

(င) ဗဟုကျုရယ်အက်ဆက် ဆောင်ရွက်ချက်များနှင့် ဗဟုကျုရယ်အက်ဆက်ဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် ပရဟိတအဖွဲ့အစည်း သို့မဟုတ် အကျိုးအမြတ်မယူသောအဖွဲ့အစည်း (Non-Profit Organization- NPO) အပါအဝင် ကဏ္ဍအလိုက် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြား သေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ဆောင်ရွက်ခြင်း ဆောင်ရွက်နိုင်ရန် အစီအမံများ ချမှတ်ခြင်း၊

(စ) ပုဒ်မခွဲ (ဃ)နှင့် ပုဒ်မခွဲ (င)တို့အရ ဆောင်ရွက်သည့် အကဲဖြတ်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း၊ ဖော်ထုတ်အကဲဖြတ်မှု၏ နောက်ဆုံးရလဒ်များကို ထိန်းသိမ်းခြင်း၊ သင့်လျော်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့ အဖွဲ့အစည်းအား ဖြန့်ဝေခြင်း၊

(ဆ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ သတင်းပို့အဖွဲ့အစည်းအား အန္တရာယ် အခြေပြုချဉ်းကပ်ခြင်းနည်းလမ်းများ အသုံးပြုလျက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ်တစ်ရပ်လုံးကို ထိရောက်စွာဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဇ) ငွေကြေးခဝါချရန်အလို့ငှာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းမပြုနိုင်စေရန် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများအား လမ်းညွှန်ခြင်းနှင့် စိစစ်ခြင်း၊

(ဈ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် သတင်းပို့အဖွဲ့အစည်း၊ ဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့် တားဆီးနှိမ်နင်းရေး စသည့်ကဏ္ဍအသီးသီးမှ ပြည်သူ့ဝန်ထမ်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ည) အဖွဲ့ဝင်နိုင်ငံ၊ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများ သဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံများနှင့် သတင်းအချက်အလက်ဖလှယ်ရေး၊ ငွေကြေးခဝါချမှု စုံစမ်းစစ်ဆေးခြင်းတို့နှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) ကြီးကြပ်ရေးအာဏာပိုင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထုတ်ပြန်သတ်မှတ်ခြင်း၊

(ဌ) သတင်းပို့အဖွဲ့အစည်းအဖြစ် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား သတ်မှတ်တာဝန်ပေးခြင်း၊

(ဍ) ဤဥပဒေ၏ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဎ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၏ သတင်းအချက်အလက်များအရ ဖြစ်စေ လွတ်လပ်သောသတင်းအရင်းအမြစ်များမှဖြစ်စေ ရရှိသည့်သတင်းအချက်အလက်များကို အခြေခံ၍ ဤဥပဒေအရ စုံစမ်းစစ်ဆေးနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးအပ်ခြင်း။

၈။ ဗဟိုအဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို အကဲဖြတ်ဆောင်ရွက်ချက်ရလဒ်များအပေါ် အခြေခံ၍ မူဝါဒနှင့် မဟာဗျူဟာများချမှတ်ခြင်း၊ ချမှတ်သည့်မူဝါဒများနှင့် မဟာဗျူဟာများအား အကောင်အထည်ဖော်ဆောင်ခြင်းနှင့် အန္တရာယ်အခြေပြုချဉ်းကပ်ဆောင်ရွက်ခြင်း ပြုရာတွင် ထိရောက်မှု၊ လုံလောက်သည့်အရင်းအမြစ်များ(လူအင်အား၊ ရန်ပုံငွေ၊ လုပ်ငန်းသုံးပစ္စည်းနှင့်နည်းပညာ) ခွဲဝေချထားမှုနှင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှုရှိစေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းအား တာဝန်ခွဲဝေသတ်မှတ်ပေးခြင်းနှင့် ဆောင်ရွက်ပြီးစီးမှုများကို အချိန်ကာလသတ်မှတ်ချက်ဖြင့် ပြန်လည်တင်ပြစေခြင်း၊

(ခ) ငွေကြေးခဝါချမှုပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ် သို့မဟုတ် အသုံးပြုပစ္စည်းများနှင့်စပ်လျဉ်း၍ သတင်းပေးသူ၊ သက်သေနှင့် ၎င်းတို့၏မိသားစုဝင်များအား သတ်မှတ်ချက်များနှင့်အညီ အကာအကွယ်ပေးရန် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းအား လမ်းညွှန်မှုပေးခြင်း၊

(ဂ) ငွေကြေးခဝါချမှုပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ် သို့မဟုတ် အသုံးပြုပစ္စည်းများနှင့်စပ်လျဉ်း၍ သတင်းပေးသူအား ထိုက်သင့်သည့်ဆုငွေ ချီးမြှင့်ခြင်း၊

(ဃ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် သင့်လျော်သောကျွမ်းကျင်သူ ဝန်ထမ်းများပါဝင်သော ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊

(င) သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးမြှင့်စေရေးအတွက် လမ်းညွှန်မှုများပေးခြင်း၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ် ထိရောက်စေရန် ပြည့်စုံလုံလောက်သည့် စာရင်းဇယားများထိန်းသိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းအား ညွှန်ကြားခြင်း၊

(ဆ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြီးကြပ်ရေးအာဏာပိုင်မှသတင်းပို့အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် လမ်းညွှန်မှုနှင့် တုံ့ပြန်မှု ပေးစေရေးအတွက် ညွှန်ကြားခြင်း။

## အခန်း ( ၅ )

## ပြည်ထဲရေးဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တာဝန်ပေးအပ်ရမည်။ ထို့အပြင် လုပ်ငန်းလိုအပ်ချက်အရ တပ်ဖွဲ့ သို့မဟုတ် ဦးစီးဌာနတစ်ခုခုကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းပြီး တာဝန်ပေးအပ်နိုင်သည်။

၁၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းက ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခြင်းနှင့် ထိန်းချုပ်ခြင်းပြုနိုင်ရန် အမိန့်ထုတ်ဆင့်ခြင်းနှင့် ရုပ်သိမ်းခြင်းများ ဆောင်ရွက်နိုင်သည်။

၁၁။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တို့၏ ဤဥပဒေအရ အရေးယူဆောင်ရွက်ချက်များကို ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၁၂။ (က) ပြည်ထဲရေးဝန်ကြီးဌာနသည် ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၏တင်ပြချက်အရ အောက်ဖော်ပြပါ အမိန့်များကို တစ်ကြိမ်လျှင် သုံးလထက်မပိုသောကာလအတွက် ခွင့်ပြုနိုင်သည်-

(၁) ကွန်ပျူတာစနစ်၊ ကွန်ရက်များနှင့် ဆာဗာများအား ဝင်ရောက်ကြည့်ရှုခွင့်ပြုသည့် အမိန့်၊

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

(၂) တယ်လီဖုန်းလိုင်းများ၊ ဖက်စ်များ သို့မဟုတ် အီလက်ထရောနစ်ထုတ်လွှင့်မှုများ သို့မဟုတ် ဆက်သွယ်ရေးအထောက်အကူပြုပစ္စည်းများအား စောင့်ကြည့်မှုအောက်တွင် ထားရှိခွင့်၊ ကန့်သတ်ခွင့်၊ ကြားဖြတ်နားထောင်ခွင့်၊ ဖမ်းယူခွင့်၊ ဖြတ်တောက်ခွင့်၊ ပြစ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်သလိုအသုံးပြုခွင့်ပြုသည့် အမိန့်၊

(၃) လှုပ်ရှားဆောင်ရွက်မှုများနှင့် အပြုအမူများ သို့မဟုတ် စကားအပြန်အလှန်ပြောဆိုမှုများကို အသံ သို့မဟုတ် ဗီဒီယိုဖြင့် မှတ်တမ်းရယူခွင့်ပြုသည့်အမိန့်၊

(၄) အသွင်ယူစုံစမ်းစစ်ဆေးခွင့်ပြုသည့်အမိန့်၊

(၅) ထိန်းချုပ်ဖော်ထုတ်ခြင်းကို ခွင့်ပြုသည့်အမိန့်။

(ခ) ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည် ပုဒ်မခွဲ(က)အရ ထုတ်ပြန်သည့် အမိန့်များကို လိုက်နာဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရန်နှင့် အခြေခံအခွင့်အရေးများကို လိုက်နာဆောင်ရွက်ရမည့်အပြင် စုံစမ်းစစ်ဆေးရေး၏ တရားဝင်မှုနှင့် လျှို့ဝှက်မှုကို ထိန်းသိမ်းထားနိုင်ရန် ပြဋ္ဌာန်းထားသည့်စည်းကမ်းများကိုလည်း လိုက်နာရမည်။

## အခန်း ( ၆ )

## ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၃။ ဗဟိုအဖွဲ့သည်-

(က) သံသယဖြစ်ဖွယ်သတင်းပို့ချက်များ၊ ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့် အခြားသတင်းအချက်များအား လက်ခံခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းအပါအဝင် ဤဥပဒေနှင့်သက်ဆိုင်သည့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို စုံစမ်းထောက်လှမ်းသည့်လုပ်ငန်းများကို သီးခြားလွတ်လပ်၍ ကိုယ်ပိုင်အုပ်ချုပ်မှုပုံစံဖြင့် တာဝန်ယူဆောင်ရွက်ရန် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အား တည်ဆဲအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံတွင် ထည့်သွင်းဖွဲ့စည်းထားခြင်းဖြစ်ပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အဓိကလုပ်ငန်းတာဝန်များသည် တည်ဆဲအာဏာပိုင်အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် ကွဲပြားစေရန် သတ်မှတ်ပေးရမည်။

၁၄။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများကို လုပ်ငန်းသဘောအရလည်းကောင်း၊ လက်တွေ့အကောင်အထည်ဖော်ရာတွင်လည်းကောင်း ဤဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ရမည်။

(ခ) သတင်းပို့ချက်များကိုလည်းကောင်း၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများနှင့် ဆက်နွှယ်သည့် အခြားသောသတင်းအချက်အလက်များကိုလည်းကောင်း လက်ခံခြင်း၊ တောင်းဆိုခြင်း၊ စိစစ်ခြင်းနှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့်သော်လည်းကောင်း ဆက်နွှယ်သည်ဟု သံသယရှိသည့်အခါ စိစစ်တွေ့ရှိချက်ရလဒ်နှင့် အခြားသက်ဆိုင်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းထံသို့ ဆောလျင်စွာပေးအပ်ခြင်း၊ ပြည်တွင်း ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်နှင့်အညီ ပေးအပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

(ဂ) သတင်းပို့ချက်များအား လက်ခံခြင်း၊ တောင်းဆိုခြင်း၊ စိစစ်ခြင်းနှင့် သတင်းအချက်အလက်များအား ပေးပို့ခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများအား ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်ခွင့်အပါအဝင် မိမိ၏လုပ်ငန်းတာဝန်များအား လွတ်လပ်စွာဆောင်ရွက်နိုင်မည့် လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည်ရှိရမည်။

(ဃ) သတင်းပို့အဖွဲ့အစည်းကပေးပို့သော သံသယဖြစ်ဖွယ်လွှဲပြောင်းမှု သတင်းပို့ချက်များ၊ ငွေကြေးခဝါချမှုများ၊ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များနှင့် အခြားသောသတင်းအချက်အလက်များကို လက်ခံခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းတို့ပြုလုပ်ရမည်။

(င) လက်ခံရရှိသည့် သတင်းအချက်အလက်အမျိုးအစားနှင့် အရေအတွက်အသုံးပြုရန် မျှော်မှန်းသည့် သတင်းအချက်အလက်တို့အပေါ် အခြေပြု၍ အမှုတစ်မှုချင်းနှင့် သီးခြားပစ်မှတ်များ၊ ဆောင်ရွက်မှုများ သို့မဟုတ် လွှဲပြောင်းချက်များ သို့မဟုတ် သင့်လျော်သည့် ရွေးချယ်ထားသော သတင်းအချက်အလက်များကို အဓိကထားသည့် သမားရိုးကျခွဲခြမ်းစိတ်ဖြာခြင်းတို့ပြုလုပ်ရမည်။

(စ) လုပ်ငန်းပိုင်ဆိုင်ရာလွတ်လပ်ခွင့်ကို ထိပါးစေမည့် နိုင်ငံရေး၊ အစိုးရ သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၏ မလျော်ဩဇာသက်ရောက်မှု သို့မဟုတ် စွက်ဖက်မှုမှကင်းလွတ်ပြီး မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် လိုအပ်သော အရင်းအမြစ်များ (လူအင်အား၊ ရန်ပုံငွေ၊ လုပ်ငန်းသုံးပစ္စည်းနှင့် နည်းပညာ)အား ရယူခွင့်နှင့် ထိရောက်စွာအသုံးပြုခွင့်များ ရှိရမည်။

(ဆ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဦးတည်ရာများနှင့် ပုံစံများကို ကိုင်တွယ်ဖြေရှင်းရန် မဟာဗျူဟာမြောက် ခွဲခြမ်းစိတ်ဖြာရမည်။

(ဇ) သက်ဆိုင်ရာ သတင်းပို့အဖွဲ့အစည်းထံမှ လိုအပ်သောသတင်းအချက်အလက်များကို တောင်းခံရယူရမည်။

(ဈ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ သတင်းပို့အဖွဲ့အစည်းအား အသိပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့် လိုအပ်သောအကူအညီ အထောက်အပံ့ပေးရမည်။

၁၅။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်-

(က) သတင်းပို့အဖွဲ့အစည်းက လိုက်နာအသုံးပြုဆောင်ရွက်ရမည့် သတင်းပို့ချက် သတ်မှတ်ပုံစံများ၊ သတင်းပို့ချက်တွင် ပါဝင်ရမည့်အချက်များ၊ သတင်းပေးပို့ပြီးနောက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် သတင်းပို့ခြင်းဆိုင်ရာနည်းလမ်းများကို အခါအားလျော်စွာထုတ်ပြန်ခြင်း၊

(ခ) မိမိသဘောဆန္ဒအလျောက်ဖြစ်စေ၊ တောင်းဆိုချက်အရဖြစ်စေ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များဖလှယ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ပုဒ်မခွဲ (ခ)အရ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်ရာတွင် တောင်းဆိုစဉ်က အသုံးပြုမည့်ရည်ရွယ်ချက်အတိုင်း အသုံးပြုမည်ဖြစ်ကြောင်းနှင့် မိမိအဖွဲ့၏ သဘောတူညီချက်မရှိဘဲ အခြားသောရည်ရွယ်ချက်အတွက် အသုံးပြုမည်မဟုတ်ကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းထံမှ အထောက်အထားရယူထားရှိခြင်း၊

(ဃ) ပြည်ပမိတ်ဖက်အဖွဲ့အစည်းတစ်ရပ်ရပ်နှင့် ဤဥပဒေနှင့်အညီ သဘောတူညီချက် သို့မဟုတ် စီစဉ်ဆောင်ရွက်မှုများပြုလုပ်ခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) အခြားသောပြည်တွင်းအာဏာပိုင်များ သို့မဟုတ် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်ရန် လွတ်လပ်စွာစီစဉ်ဆောင်ရွက်ခြင်း သို့မဟုတ် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သည့် ပြစ်မှုများကျူးလွန်သည်ဟု သံသယရှိပါက မိမိ၏ခွဲခြမ်းစိတ်ဖြာစိစစ်ချက်ရလဒ် သို့မဟုတ် အခြားသော သက်ဆိုင်ရာသတင်းအချက်အလက်များကို တောင်းဆိုချက်အရဖြစ်စေ၊ မိမိသဘောဆန္ဒအရဖြစ်စေ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ပြည်တွင်းနှင့်ပြည်ပ အစိုးရအဖွဲ့အစည်းများထံသို့ လုံခြုံစိတ်ချရပြီး ကာကွယ်မှုရှိသော သတ်မှတ်ထားသည့်လမ်းကြောင်းများကိုအသုံးပြု၍ ဖြန့်ဝေပေးပို့ခြင်း၊

(ဆ) ကိုယ်ပိုင်ဆုံးဖြတ်ချက်အရဖြစ်စေ၊ အကူအညီတောင်းခံချက်အရဖြစ်စေ အဖွဲ့၏လုပ်ငန်းတာဝန်နှင့် သက်ဆိုင်မှုရှိသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို အခြားအဖွဲ့အစည်းများထံမှ တောင်းခံခြင်းနှင့် ဖလှယ်ခြင်း၊ မိမိနှင့်အလားတူ လုပ်ငန်းတာဝန်ထမ်းဆောင်သည့် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) မိမိအဖွဲ့နှင့်အလားတူ လုပ်ငန်းတာဝန်များရှိပြီး လျှို့ဝှက်ချက်ထားရှိရေးဆိုင်ရာ တာဝန်ဝတ္တရားများကိုလိုက်နာရသည့် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်ခြင်းကို ဆောင်ရွက်နိုင်ရန်အလို့ငှာ စီစဉ်ဆောင်ရွက်မှုများပြုလုပ်ခြင်း၊

(ဈ) လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီမံခန့်ခွဲရေးအဖွဲ့အစည်းများနှင့် ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၏ သတင်းအချက်အလက်များကို ရယူအသုံးပြုခွင့်ရှိခြင်း၊

(ည) သတင်းပို့အဖွဲ့အစည်း၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး သို့မဟုတ် ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် အခြားသောအဖွဲ့အစည်းများက သို့မဟုတ် ၎င်းတို့၏ကိုယ်စားလှယ်များက စုဆောင်းထိန်းသိမ်းထားရှိသည့် သတင်းအချက်အလက်ကိုဖြစ်စေ၊ စီးပွားဖြစ်စုဆောင်းထားရှိသည့် သတင်းအချက်အလက်ကိုဖြစ်စေ တောင်းခံရယူသုံးစွဲခွင့်ရှိခြင်း၊

(ဋ) ဤဥပဒေအရလက်ခံရရှိသည့် သတင်းအချက်အလက်များအားအသုံးပြုမှု၊ ယင်းတို့အား ခွဲခြမ်းစိတ်ဖြာစိစစ်မှု၊ ဖြန့်ဝေမှု၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများဖလှယ်မှုနှင့် ထိုကဲ့သို့သော သတင်းအချက်အလက်များကို ရယူအသုံးပြုမှုတို့အား စီမံခန့်ခွဲရန်နှင့် လုံခြုံမှုရှိစေရန် လုပ်ငန်းစနစ်နှင့် လုပ်ထုံးလုပ်နည်းများချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း၊

(ဌ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် သတင်းဖလှယ်ခြင်း၊

(ဍ) တည်ဆဲဥပဒေတစ်ရပ်ရပ်က အပ်နှင်းသော ဆောင်ရွက်ပိုင်ခွင့်ရှိသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၆။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က လက်ခံရရှိသော သံသယဖြစ်ဖွယ်လွှဲပြောင်းမှု သတင်းပို့ချက်များ၊ ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်များနှင့် အခြားသော လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်များဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိရမည့်အပြင် အဆိုပါ သတင်းပို့ချက်များ ခွဲခြမ်းစိတ်ဖြာစိစစ်ချက်ကို ပြစ်မှုတစ်ရပ်ရပ်အား စုံစမ်းစစ်ဆေးခြင်းအတွက် ထောက်လှမ်းရေးသတင်းအချက်အလက်အဖြစ်သာ အသုံးပြုရမည်။

## အခန်း ( ၇ )

## ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၇။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည်-

(က) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများအား စုံစမ်းစစ်ဆေးချိန်တွင် မူလမှုအတွက် ပြစ်မှုကျူးလွန်သူများ၏ ကွန်ရက်များကိုဖြစ်စေ၊ ပြစ်မှုကျူးလွန်မှု၏ အတိုင်းအဆပမာဏကိုဖြစ်စေ အတည်ပြုဖော်ထုတ်ခြင်း၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို စုံစမ်းဖော်ထုတ်ခြင်း၊ ထိန်းချုပ်ခြင်းဆောင်ရွက်ချိန်တွင် ဤဥပဒေအရလည်း ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်းကို တစ်ပြိုင်တည်းဆောင်ရွက်ရမည်။

(ခ) ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သော်လည်း သက်သေခံငွေကြေး သို့မဟုတ် ပစ္စည်းအား သိမ်းဆည်းနိုင်ခြင်းမရှိပါက သက်သေခံငွေကြေး သို့မဟုတ် ပစ္စည်းနှင့် တန်ဖိုးတူပစ္စည်းများကို စုံစမ်းဖော်ထုတ်နိုင်ရေးဆောင်ရွက်ရမည်။

၁၈။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည်-

(က) တည်ဆဲဥပဒေများအရ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းထံမှ သတင်းအချက်အလက်တောင်းခံခြင်းနှင့် မိတ္တူကူးယူခြင်းလုပ်ပိုင်ခွင့်များကို အပ်နှင်းထားခြင်းမရှိပါက သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ အတည်ပြုချက်ဖြင့် တောင်းခံနိုင်သည်။

(ခ) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် ထိန်းချုပ်ခြင်းပြုနိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၉။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည်-

(က) မိမိတို့စုံစမ်းစစ်ဆေးနေသော မှုခင်းကိစ္စရပ်များမှတစ်ဆင့် ငွေကြေးခဝါချမှု ကျူးလွန်ဖွယ်ရာရှိသည်ဟု ယုံကြည်ရန်အကြောင်းရှိပါက ဤဥပဒေအရ တရားစွဲဆိုနိုင်ရေး ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့သို့ ဆောလျင်စွာ တင်ပြရမည်။

၂၀။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည် ခက်ခဲနက်နဲရှုပ်ထွေးသော သို့မဟုတ် နိုင်ငံဖြတ်ကျော်သဘောသဘာဝရှိသော သို့မဟုတ် ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းအမြောက်အမြားပါဝင်သော ငွေကြေးခဝါချမှုဖြစ်ပါက မှုခင်းဆိုင်ရာအချက်အလက်များနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနသို့ ကြန့်ကြာခြင်းမရှိစေဘဲ အမြန်ဆုံးပေးပို့တင်ပြရမည်။

၂၁။ ပုဒ်မ ၂၀ အရ တင်ပြသည့် ငွေကြေးခဝါချမှုကို ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးရမည်။

(ဆက်လက်ဖော်ပြပါမည်)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသည့် ကျောင်းသား၊ ကျောင်းသူများကို ကြည့်ရှုအားပေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ လာရောက်ဖြေဆိုနေမှုကို တွေ့ရစဉ်။



ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။

ရှေ့ဖုံးမှအဆက်

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲများ ဖြေဆိုလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊မြို့နယ်၊စာစစ်ဌာနများ၊ နိုင်ငံခြားစာစစ်ဌာနတို့၌ ပထမနေ့ မြန်မာစာဘာသာရပ်ကို ဖြေဆိုရန် စာရင်းသွင်းအရေအတွက်မှာ ခရိုင် ၁၀၅ ခရိုင်၊ မြို့နယ် ၂၆၆ မြို့နယ်၊ စာစစ်ဌာန ၈၈၇ ဌာနတို့၌ ကျောင်းသား ၁၁၂၁၉၁ ဦး၊ ကျောင်းသူ ၁၅၆၅၆၂ ဦး စုစုပေါင်း ၂၆၈၇၅၃ ဦးဖြစ်ပြီး ဖြေဆိုမှုအနေဖြင့် ကျောင်းသား ၁၀၄၂၅၉ ဦး၊ ကျောင်းသူ ၁၅၀၉၆၉ ဦး စုစုပေါင်း ၂၅၅၂၂၈ ဦးဖြစ်သဖြင့် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား၊ကျောင်းသူ ရာခိုင်နှုန်းမှာ ၉၄ ဒသမ ၉၇ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အလားတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို ဖြေဆိုရန် စာရင်းသွင်းအရေအတွက်မှာ ခရိုင် ၄၁ ခရိုင်၊ မြို့နယ် ၅၀၊စာစစ်ဌာန ၅၃ ဌာနတို့၌ ကျောင်းသား ၂၀၀၅ ဦး၊ ကျောင်းသူ ၁၃၈၁ ဦး စုစုပေါင်း ၃၃၈၆ ဦးဖြစ်ပြီး ဖြေဆိုမှုအနေဖြင့် ကျောင်းသား ၁၉၉၂ ဦး၊ ကျောင်းသူ ၁၃၇၂ ဦး စုစုပေါင်း ၃၃၆၄ ဦး ဖြစ်သဖြင့် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူ ရာခိုင်နှုန်းမှာ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုပြီး မတ် ၁၂ ရက် ကြာသပတေးနေ့တွင် အင်္ဂလိပ်စာဘာသာရပ်၊မတ် ၁၃ ရက် သောကြာနေ့တွင် သင်္ချာဘာသာရပ်၊ မတ် ၁၄ ရက် စနေနေ့တွင် ဓာတုဗေဒဘာသာရပ်နှင့်ပထဝီဝင်ဘာသာရပ်၊မတ်၁၆ ရက် တနင်္လာနေ့တွင် ရူပဗေဒဘာသာရပ်နှင့်သမိုင်းဘာသာရပ်၊ မတ် ၁၇ ရက် အင်္ဂါနေ့တွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဖြေဆိုကြရမည်ဖြစ်ပြီး မတ် ၁၅ ရက် တနင်္ဂနွေနေ့ကို ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း သိရသည်။

အလားတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့ မတ် ၁၁ ရက်မှ စတင်ဖြေဆိုလျက်ရှိပြီး မတ် ၁၈ ရက်ထိ ဆက်လက်ဖြေဆိုကြမည်ဖြစ်ကာ မတ် ၁၅ ရက် တနင်္ဂနွေနေ့ကို ပိတ်ရက်အဖြစ်သတ်မှတ်ကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန (၂)မှာ ရောက်ရှိပြီးတော့ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာဖြေဆိုနိုင်ရေးအတွက် လိုက်လံကြီးကြပ်ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒီစာစစ်ဌာနမှာ ၄၈၆ ဦးရှိပါတယ်။ ဇဟန်းမြို့နယ်မှာ စာစစ်ဌာန နှစ်ခုရှိပါတယ်။ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနဲ့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဒါက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း



ဖြစ်ပါတယ်။ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှာလဲ ၂၈၈ ဦး စာမေးပွဲဖြေပါတယ်။ အားလုံးပေါင်း ၇၇၄ ဦး စာမေးပွဲဖြေကြပါတယ်။ ဒီနေ့ဟာ တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ ဖြစ်တဲ့အတွက် ၁၇ ရက်နေ့ထိ အားလုံး အေးအေးချမ်းချမ်း ဖြေဆိုနိုင်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့တွေ၊ လုံခြုံရေးအဖွဲ့တွေ၊ ပရဟိတအဖွဲ့တွေနဲ့ပေါင်းပြီးတော့ ကလေးတွေ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် စီမံဆောင်ရွက်ထားပါတယ်။ နေ့တိုင်းလဲ ဒီလိုဆောင်ရွက်ပြီးတော့ ပြီးတဲ့ထိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲကို ကလေးတွေ အေးချမ်းသာယာစွာ ဖြေဆိုနိုင်တဲ့အတွက် နောင်အနာဂတ်မှာ ကလေးတွေရဲ့ ပညာရည်ထူးချွန်မှုကို ရရှိခံစားရမှာဖြစ်ပါတယ်"ဟု ပြောသည်။

"သမီး အခုဖြေဆိုခဲ့တဲ့ မြန်မာစာကို အေးအေးဆေးဆေးနဲ့ အောင်မြင်စွာဖြေဆိုနိုင်ခဲ့ပါတယ်။ တစ်နေ့စာ တစ်နေ့လုပ်တယ်။ ကျောင်းကသင်တဲ့ စာကို ညနေကျရင်ပြန်လုပ်တယ်။ ဒီလိုနဲ့ပဲ တစ်နှစ်ပတ်လုံး ကြိုးစားလာတာပါ။ တစ်နှစ်ပတ်လုံး ကြိုးစားလာခဲ့တဲ့ အရာမှန်သမျှ သုံးနာရီအတွင်းမှာ သမီးအောင်မြင်စွာဖြေဆိုနိုင်ခဲ့တယ်လို့ပြောချင်ပါတယ်။ စာမေးပွဲပြီးသွားရင်တော့ ကိုယ်ရတဲ့အမှတ်နဲ့ညီတဲ့ တက္ကသိုလ်တက်ဖို့ အစီအစဉ်ရှိပါတယ်" ဟု ပြောသည်။

"မြန်မာစာကို ဒီနေ့အတွက် အကောင်းဆုံးကြိုးစားပြီးတော့ ဖြေဆိုခဲ့ပါတယ်။ အကောင်းဆုံးအမှတ်တွေ ရမယ်လို့လဲ မျှော်လင့်မိပါတယ်။ အစကတည်းကလဲ သေသေချာချာ နေ့စဉ်နေ့တိုင်း မပျက်မကွက်ဘဲ စာတွေကိုသေချာလုပ်ခဲ့တာဖြစ်တဲ့အတွက်ကြောင့် အခုအချိန်မှာလဲ စာမေးပွဲနီးလာလို့ အခက်အခဲလဲ မရှိဘဲ လွယ်လွယ်ကူကူနဲ့ စာကြည့်နိုင်ခဲ့ပါတယ်။ ဆရာ၊ ဆရာမတွေရဲ့ သင်ကြားပေးတဲ့ ကျေးဇူးကိုလဲ သိတဲ့အနေနဲ့ ပုံမှန်စာကြည့်ခဲ့တဲ့အတွက်ကြောင့် လွယ်လွယ်ကူကူနဲ့ အခက်အခဲမရှိဘဲ ဖြေကြားနိုင်ခဲ့ပါတယ်။ လေ့လာခဲ့တဲ့ ဘာသာရပ်တိုင်းကတော့ အားလုံးနီးပါးကတော့ ခက်ခဲတယ်လို့လဲ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ လွယ်ကူတာလဲ ဖြစ်နိုင်ပါတယ်။အားလုံးက မိမိရဲ့ ကြိုးစားမှုအပေါ်မှာမူတည်တယ်လို့ ကျွန်တော်ကတော့ ထင်မိပါတယ်။ စာမေးပွဲကြီးပြီးသွားလို့ရှိရင်တော့ စာမေးပွဲရလဒ်အပေါ်မှာ မူတည်ပြီးတော့ မိမိတက်ရောက်နိုင်တဲ့ တက္ကသိုလ်ကိုပဲ ဆက်လက်လျှောက်ထားပြီးတော့ အကောင်းဆုံးဖြစ်အောင်ကြိုးစား





မယ်လို့ မျှော်လင့်ထားပါတယ်"ဟု ပြောသည်။

(၅၀၁)

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၁၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ ပထမနေ့ ကျင်းပ

## တက္ကသိုလ်ဝင်စာမေးပွဲပထမနေ့တွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၂၅၅၂၂၈ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့တွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ ၃၃၆၄ ဦးရှိ

နေပြည်တော် မတ် ၁၁

၂၀၁၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၁၆ ခုနှစ်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ကျင်းပသည်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၇၁ ခု စာစစ်ဌာနစုစုပေါင်း ၈၈၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၆၈၇၅၃ ဦးရှိပြီး စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၅၂၂၈ ဦး၊ ပျက်ကွက် ၁၃၅၂၅ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၉၇ ရာခိုင်နှုန်းရှိသည်။

၂၀၁၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ပြည်တွင်းစာစစ်ဌာနစုစုပေါင်း ၅၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၃၃၈၆ ဦးရှိပြီး စာမေးပွဲပထမနေ့ မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၃၃၆၄ ဦး၊ ပျက်ကွက် ၂၂ ဦးရှိကာ ဖြေဆိုသူ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

### မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

### ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ်- မြန်မာစာ

နေ့စွဲ - ၁၁.၃.၂၀၁၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၀ | ၂၃ | ၄၅၄၃ | ၇၆၃၇ | ၁၂၁၈၀ | ၄၂၄၂ | ၇၃၉၂ | ၁၁၆၃၄ | ၃၀၁ | ၂၄၅ | ၅၄၆ | ၉၅.၅၂% | ၄.၄၈% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉၈ | ၂၉၉ | ၄၉၇ | ၁၈၃ | ၂၈၈ | ၄၇၁ | ၁၅ | ၁၁ | ၂၆ | ၉၄.၇၇% | ၅.၂၃% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၂၉၁ | ၂၅၄၉ | ၃၈၄၀ | ၁၁၈၇ | ၂၄၇၃ | ၃၆၆၀ | ၁၀၄ | ၇၆ | ၁၈၀ | ၉၅.၃၁% | ၄.၆၉% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၃၄၉ | ၅၆၆ | ၉၁၅ | ၃၂၀ | ၅၂၃ | ၈၄၃ | ၂၉ | ၄၃ | ၇၂ | ၉၂.၁၃% | ၇.၈၇% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၄၀ | ၅၂၁၀ | ၈၀၇၃ | ၁၃၂၈၃ | ၄၈၁၇ | ၇၇၀၉ | ၁၂၅၂၆ | ၃၉၃ | ၃၆၄ | ၇၅၇ | ၉၄.၃၀% | ၅.၇၀% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၇ | ၂၂၄၀ | ၄၀၈၃ | ၆၃၂၃ | ၂၁၀၃ | ၃၈၈၈ | ၅၉၉၁ | ၁၃၇ | ၁၉၅ | ၃၃၂ | ၉၄.၇၅% | ၅.၂၅% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၄၀ | ၆၀၉၅ | ၉၃၃၀ | ၁၅၄၂၅ | ၅၆၄၄ | ၈၉၈၃ | ၁၄၆၂၇ | ၄၅၁ | ၃၄၇ | ၇၉၈ | ၉၄.၈၃% | ၅.၁၇% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၅၃၄၈ | ၇၂၉၃ | ၁၂၆၄၁ | ၄၈၆၆ | ၇၀၀၀ | ၁၁၈၆၆ | ၄၈၂ | ၂၉၃ | ၇၇၅ | ၉၃.၈၇% | ၆.၁၃% | |
| ၉ | မကွေး | ၇ | ၂၂ | ၅၂ | ၈၈၈၃ | ၁၃၂၀၂ | ၂၂၀၈၅ | ၈၃၅၆ | ၁၂၈၆၃ | ၂၁၂၁၉ | ၅၂၇ | ၃၃၉ | ၈၆၆ | ၉၆.၀၈% | ၃.၉၂% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၁၀၈ | ၂၀၅၃၇ | ၂၇၀၁၂ | ၄၇၅၄၉ | ၁၉၄၀၃ | ၂၆၂၃၂ | ၄၅၆၃၅ | ၁၁၃၄ | ၇၈၀ | ၁၉၁၄ | ၉၅.၉၇% | ၄.၀၃% | |
| ၁၁ | မွန် | ၄ | ၁၀ | ၃၀ | ၃၆၇၀ | ၇၂၆၄ | ၁၀၉၃၄ | ၃၄၉၂ | ၇၀၅၀ | ၁၀၅၄၂ | ၁၇၈ | ၂၁၄ | ၃၉၂ | ၉၆.၄၁% | ၃.၅၉% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၁၀ | ၈၅၆ | ၉၄၃ | ၁၇၉၉ | ၇၉၁ | ၉၀၁ | ၁၆၉၂ | ၆၅ | ၄၂ | ၁၀၇ | ၉၄.၀၅% | ၅.၉၅% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၁၀၇ | ၂၂၃၁ | ၂၇၀၂၅ | ၄၉၂၅၆ | ၂၀၈၁၁ | ၂၆၀၇၈ | ၄၆၈၈၉ | ၁၄၂၀ | ၉၄၇ | ၂၃၆၇ | ၉၅.၁၉% | ၄.၈၁% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၈ | ၅၁၅၅ | ၈၇၄၇ | ၁၃၉၀၂ | ၄၈၉၃ | ၈၄၉၀ | ၁၃၃၈၃ | ၂၆၂ | ၂၅၇ | ၅၁၉ | ၉၆.၂၇% | ၃.၇၃% | |
| ၁၅ | ရှမ်း(မြောက်) | ၄ | ၇ | ၈ | ၆၆၇ | ၁၁၁၃ | ၁၇၈၀ | ၆၂၉ | ၁၀၅၈ | ၁၆၈၇ | ၃၈ | ၅၅ | ၉၃ | ၉၄.၇၈% | ၅.၂၂% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၈၁၈ | ၁၂၆၁ | ၂၀၇၉ | ၇၅၆ | ၁၂၁၆ | ၁၉၇၂ | ၆၂ | ၄၅ | ၁၀၇ | ၉၄.၈၅% | ၅.၁၅% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၇ | ၁၇၃၇၇ | ၂၁၉၅၀ | ၃၉၃၂၇ | ၁၅၅၂၉ | ၂၀၉၀၇ | ၃၆၄၃၆ | ၁၈၄၈ | ၁၀၄၃ | ၂၈၉၁ | ၉၂.၆၅% | ၇.၃၅% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၉ | ၆၇၁၅ | ၈၁၉၉ | ၁၄၉၁၄ | ၆၂၂၉ | ၇၉၀၂ | ၁၄၁၃၁ | ၄၈၆ | ၂၉၇ | ၇၈၃ | ၉၄.၇၅% | ၅.၂၅% | |
| ၁၉ | နိုင်ငံခြား | | ၁၃ | ၁၆ | ၈ | ၁၆ | ၂၄ | ၈ | ၁၆ | ၂၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၅ | ၂၆၆ | ၈၈၇ | ၁၁၂၁၉၁ | ၁၅၆၅၆၂ | ၂၆၈၇၅၃ | ၁၀၄၂၅၉ | ၁၅၀၉၆၉ | ၂၅၅၂၂၈ | ၇၉၃၂ | ၅၅၉၃ | ၁၃၅၂၅ | ၉၄.၉၇% | ၅.၀၃% | |

### မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

### ၂၀၁၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား


ဘာသာရပ် - မြန်မာစာ

နေ့စွဲ-၁၁.၃.၂၀၁၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၂ | ၃ | ၃ | ၁၀၉ | ၉၁ | ၂၀၀ | ၁၀၉ | ၉၁ | ၂၀၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၃ | ၁၃ | ၂၆ | ၁၃ | ၁၃ | ၂၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၃ | ကရင် | ၁ | ၁ | ၂ | ၇၀ | ၄၂ | ၁၁၂ | ၇၀ | ၄၂ | ၁၁၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၁၂ | ၂၇ | ၁၅ | ၁၂ | ၂၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၅ | စစ်ကိုင်း | ၄ | ၅ | ၅ | ၁၈၆ | ၁၉၆ | ၃၈၂ | ၁၈၅ | ၁၉၂ | ၃၇၇ | ၁ | ၄ | ၅ | ၉၈.၆၉% | ၁.၃၁% | |
| ၆ | တနင်္သာရီ | ၂ | ၂ | ၂ | ၂၉ | ၉ | ၃၈ | ၂၉ | ၉ | ၃၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၇ | ပဲခူး(ရှေ့) | ၂ | ၃ | ၃ | ၁၃၅ | ၈၁ | ၂၁၆ | ၁၃၅ | ၈၁ | ၂၁၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ၂ | ၃ | ၃ | ၁၃၆ | ၈၆ | ၂၂၂ | ၁၃၄ | ၈၅ | ၂၁၉ | ၂ | ၁ | ၃ | ၉၈.၆၅% | ၁.၃၅% | |
| ၉ | မကွေး | ၄ | ၅ | ၅ | ၂၁၁ | ၁၄၀ | ၃၅၁ | ၂၀၇ | ၁၃၈ | ၃၄၅ | ၄ | ၂ | ၆ | ၉၈.၂၉% | ၁.၇၁% | |
| ၁၀ | မန္တလေး | ၄ | ၅ | ၆ | ၂၀၈ | ၁၃၁ | ၃၃၉ | ၂၀၆ | ၁၃၁ | ၃၃၇ | ၂ | ၀ | ၂ | ၉၉.၄၁% | ၀.၅၉% | |
| ၁၁ | မွန် | ၂ | ၂ | ၂ | ၃၁ | ၂၆ | ၅၇ | ၃၁ | ၂၆ | ၅၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၇ | ၄ | ၁၁ | ၇ | ၄ | ၁၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၃ | ရန်ကုန် | ၄ | ၄ | ၄ | ၂၄၄ | ၁၅၈ | ၄၀၂ | ၂၄၄ | ၁၅၈ | ၄၀၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၃ | ၃ | ၁၇၃ | ၂၀၀ | ၃၇၃ | ၁၇၂ | ၂၀၀ | ၃၇၂ | ၁ | ၀ | ၁ | ၉၉.၇၃% | ၀.၂၇% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၂ | ၂ | ၄ | ၂ | ၂ | ၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၁ | ၁ | ၂ | ၂၁ | ၈ | ၂၉ | ၂၁ | ၈ | ၂၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၇ | ဧရာဝတီ | ၄ | ၆ | ၆ | ၂၇၂ | ၉၅ | ၃၆၇ | ၂၆၉ | ၉၃ | ၃၆၂ | ၃ | ၂ | ၅ | ၉၈.၆၄% | ၁.၃၆% | |
| ၁၈ | နေပြည်တော် | ၂ | ၃ | ၃ | ၁၄၃ | ၈၇ | ၂၃၀ | ၁၄၃ | ၈၇ | ၂၃၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၄၁ | ၅၀ | ၅၃ | ၂၀၀၅ | ၁၃၈၁ | ၃၃၈၆ | ၁၉၉၂ | ၁၃၇၂ | ၃၃၆၄ | ၁၃ | ၉ | ၂၂ | ၉၉.၃၅% | ၀.၆၅% | |

# SCIENCE AND TECHNOLOGY

## ကမ္ဘာဂြိုဟ်ဘက်မျက်နှာမူနေသော လကမ္ဘာခြမ်း၏ မီးတောင်နယ်မြေတစ်ခုက တရုတ်နိုင်ငံ၏ ပထမဆုံးအာကာသယာဉ်မှူးများ ဆင်းသက်မည့်နေရာဖြစ်လာနိုင်



**ပေကျင်း မတ် ၁၁**

ကမ္ဘာဂြိုဟ်ဘက် မျက်နှာမူနေသော လကမ္ဘာခြမ်း၏ မီးတောင်နယ်မြေ တစ်ခုသည် တရုတ်နိုင်ငံ၏ ပထမဆုံး အာကာသယာဉ်မှူးများဆင်းသက်မည့်နေရာ ဖြစ်လာနိုင်ကြောင်း မတ် ၁၀ ရက် သတင်းများအရ သိရသည်။

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် ယခုဆယ်စုနှစ်ကုန်ပိုင်းတွင် လပေါ်သို့ အာကာသယာဉ်မှူးများစေလွှတ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

အထက်ပါ ရည်မှန်းချက်အတွက် တရုတ်သိပ္ပံပညာရှင်များက အာကာသယာဉ်မှူးများ ဘေးကင်းလုံခြုံစွာ ဆင်းသက်နိုင်မည့် နေရာများကို စိစစ်ရွေးချယ်လျက်ရှိကြောင်း သိရသည်။

တရုတ်ဘူမိသိပ္ပံတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ရီမေးဘော့အမည်ရှိ လမျက်နှာပြင် မီးတောင်နယ်မြေတစ်ခုမှာ သိပ္ပံပညာစူးစမ်းလေ့လာရေးလုပ်ငန်းအတွက် တန်ဖိုးရှိသကဲ့သို့ အာကာသယာဉ်မှူးများ ဘေးကင်းလုံခြုံစွာ ဆင်းသက်နိုင်သည့် နေရာလည်းဖြစ်ကြောင်း သိရသည်။

ရီမေးဘော့နယ်မြေသည် လကမ္ဘာအီကွေတာရပ်ဝန်းနှင့် မနီးမဝေးတွင်ရှိသော ဆိုင်းနပ်အက်စတမ်မီးတောင်လွင်ပြင်အနီး တည်ရှိကြောင်း သိရသည်။

ရီမေးဘော့နယ်မြေသည် လမျက်နှာပြင်ပေါ်သို့ အာကာသယာဉ်မှူးများ ဆင်းသက်နိုင်မည့်နေရာများအဖြစ် တရုတ်သိပ္ပံပညာရှင်များ ရွေးချယ်ထားသောနေရာပေါင်း ၁၇ နေရာထဲတွင် ပါဝင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက လကမ္ဘာမြေစာတုများကိုသုံး၍ ကုလားပဲပင်များကို အောင်မြင်စွာစမ်းသပ်စိုက်ပျိုးနိုင်ခဲ့

**ဝါရှင်တန် မတ် ၁၁**

အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် လကမ္ဘာမြေစာတုများကို သုံး၍ ကုလားပဲပင်များကို အောင်မြင်စွာ စမ်းသပ်စိုက်ပျိုးနိုင်ခဲ့ကြောင်း မတ် ၁၀ ရက် သတင်းများအရ သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ အထက်ပါအောင်မြင်မှုကြောင့် လကမ္ဘာစူးစမ်းလေ့လာရေးအခြေစိုက်မစ်ရှင်အာကာသယာဉ်မှူးများ အနေဖြင့် လပေါ်၌ အစားအစာများ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ရေးအတွက် လမ်းစပွင့်လာနိုင်သည်။



အမေရိကန်သုတေသနပညာရှင်များသည် ဓာတ်ခွဲခန်းအတွင်း ဖန်တီးထားသော လကမ္ဘာမြေစာတုများကို Vermicompost ခေါ် ဇီဝမြေဆွေးတစ်မျိုးနှင့် ပေါင်းစပ်ပြီးနောက် ကုလားပဲပင်များကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အလားတူ အမေရိကန်သိပ္ပံပညာရှင်များသည် လကမ္ဘာမြေစာတုဖြင့် ကုလားပဲပင်စိုက်ပျိုးရာတွင် Arbuscular Mycorrhizal Fungi ခေါ် ဇီဝမှိုတစ်မျိုးကိုလည်း ထည့်သွင်းအသုံးပြုခဲ့သည်။

လမျက်နှာပြင်ကို ဖုံးလွှမ်းထားသည့် လမြေစာများတွင် ဇီဝပစ္စည်းများနှင့် အဏုဇီဝသက်ရှိများ ကင်းမဲ့မှုကြောင့် အပင်များပေါက်ရောက်နိုင်မှုမရှိပေ။

ထို့ပြင် လကမ္ဘာမြေစာများမှာ အက်တမ်အလေးချိန်ကဲ သတ္တုဓာတ်ပါဝင်မှု မြင့်မားသည်ဖြစ်ရာ အပင်များကိုပင် ပျက်စီးစေတတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## စပေ့အိတ်ကုမ္ပဏီက Echostar XXV ရုပ်သံဂြိုဟ်တုကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့

**ဝါရှင်တန် မတ် ၁၁**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် အလေးချိန် ပေါင် ၁၅၀၀၀ (ကီလိုဂရမ် ၆၈၀၀)ရှိသော Echostar XXV အမည်ရှိ ရုပ်သံဂြိုဟ်တုကို မတ် ၁၀ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

Echostar XXV ဂြိုဟ်တုကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ကိုးမိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၃၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် Echostar XXV ဂြိုဟ်တုကို ကြားခံပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ကော်လိုရာဒိုပြည်နယ်အခြေစိုက် Echostar ကုမ္ပဏီ၏ Echo-star XXV ဂြိုဟ်တုသည် လက်ရှိရောက်ရှိသော ပတ်လမ်းမှတစ်ဆင့် ကမ္ဘာမြေပြင်အထက်အမြင့် ၂၂၂၃၆ မိုင်အကွာတွင် ရှိသည့် ပတ်လမ်းပေါ်သို့ ဆက်လက်တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# H E A L T H

## မူးယစ်ဆေးဝါးများသုံးစွဲမှုကြောင့် လေဖြတ်နိုင်ခြေ ပုံမှန်ထက် နှစ်ဆကျော်ထိ မြင့်တက်လာနိုင်

**လန်ဒန် မတ် ၁၁**

မူးယစ်ဆေးဝါးများ သုံးစွဲမှုကြောင့် လေဖြတ်နိုင်ခြေပုံမှန်ထက် နှစ်ဆကျော်ထိ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၁၀ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း သန်း ၁၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသောရလဒ်များအရ အမ်ဖက်တမင်းမူးယစ်ဆေးဝါး သုံးစွဲသူများတွင် လေဖြတ်နိုင်ခြေ ပုံမှန်ထက် ၁၂၂ ရာခိုင်နှုန်းထိ မြင့်မားနေတတ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ ကိုကင်းမူးယစ်ဆေးဝါးသုံးစွဲသူများမှာ မသုံးစွဲသူများနှင့်နှိုင်းယှဉ်ပါက လေဖြတ်နိုင်ခြေ ၉၆ ရာခိုင်နှုန်းပို၍မြင့်မားနေတတ်ပြီး ဆေးခြောက်သုံးစွဲသူများတွင် ၁၇ ရာခိုင်နှုန်းထိ ပို၍မြင့်မားနေတတ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် ဘိန်းအာနိသင်ရှိသော အကိုက်အခဲပျောက်ဆေး (Opioids) သုံးစွဲသူများတွင်မူ လေဖြတ်နိုင်ခြေ မြင့်တက်လာမှု မရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## သကြားဓာတ်ပါအချိုရည်များကို တစ်ရက်နှစ်ကြိမ်သောက်သုံးခဲ့လျှင်ပင် နာတာရှည်အဆုတ်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် မတ် ၁၁**

သကြားဓာတ်ပါအချိုရည်များကို တစ်ရက်နှစ်ကြိမ်သောက်သုံးခဲ့လျှင်ပင် နာတာရှည်အဆုတ်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၁၀ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ အနောက်ဗာဂျီးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ဦးရေ ၁၁၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နေ့စဉ်စားသုံးသည့် ကယ်လိုရီစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို သကြားဓာတ်ပါအချိုရည်များမှ ရယူနေသူများ၌ နာတာရှည်အဆုတ်လေပြွန်ကျဉ်းရောဂါ(COPD) ဖြစ်နိုင်ခြေ ပုံမှန်ထက် ၃၉ ရာခိုင်နှုန်းပိုမြင့်မားနေတတ်ကြောင်း သိရသည်။

COPD ရောဂါများသည် ဆေးလိပ်သောက်သုံးမှု၊ လေထုညစ်ညမ်းမှု၊ အလုပ်ခွင်ဓာတုပစ္စည်းများနှင့် ထိတွေ့မှုတို့နှင့်ဆက်စပ်နေသော အဆုတ်ကျန်းမာရေးပြဿနာများ ဖြစ်ကြကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏ လေ့လာတွေ့ရှိချက်အရ COPD အဆုတ်ရောဂါများမှာ ဓာတ်စာစားသုံးမှုပုံစံများနှင့်လည်း ဆက်စပ်နေနိုင်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြာသည်။

သကြားဓာတ်ပါဝင်မှုမြင့်မားသည့်ဓာတ်စာများကြောင့် လေပြွန်လမ်းကြောင်းနှင့် အဆုတ်အတွင်းရှိ ဘက်တီးရီးယားစုဖွဲ့မှုတို့အပေါ် ဆိုးကျိုးသက်ရောက်မှု ရှိနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today

Trs : KKO



**နိုင်ငံတကာ အားကစားသတင်းများ**

## အင်္ဂလန်အသင်း ကစားသမားဘဝမှအနားယူကြောင်း ဘန်လေအသင်းမှ ဝေါ်ကာ ကြေညာ

**လန်ဒန် မတ် ၁၁**

အင်္ဂလန် အသင်းအတွက် ကိုယ်စားပြု ကစားနေသည့် ဘန်လေအသင်း ခံစစ်ကစားသမား ဝေါ်ကာသည် ကမ္ဘာ့ဖလားပြိုင်ပွဲမကျင်းပမီ သုံးလအလိုတွင် နိုင်ငံလက်ရွေးစင် ကစားသမားဘဝမှအနားယူကြောင်း ကြေညာခဲ့သည်ဟု Daily mail သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၅ နှစ်ရှိ ဝေါ်ကာသည် ၂၀၁၁ ခုနှစ်က အင်္ဂလန်လက်ရွေးစင် အသင်းအတွက် စတင်ပါဝင်ကစားခွင့် ရခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၉၆ ပွဲကစားခဲ့ကာ အင်္ဂလန်အသင်းတွင် ပွဲအများဆုံးကစားခဲ့သည့် ထိပ်ဆုံး ၁၀ ဦးစာရင်းတွင် ပါဝင်နေသူဖြစ်သည်။

ဝေါ်ကာသည် ကစားသမားဘဝကို ရှက်ဖီးU အသင်းနှင့် ၂၀၀၈ ခုနှစ်တွင် စတင်ခဲ့ပြီးနောက် ၂၀၀၉ ခုနှစ်မှစ၍ ကျူပီအာအသင်း၊ အေဗီလာအသင်းတို့တွင် အငှားစာချုပ်ဖြင့် အချိန်ကုန်ခဲ့ရသဖြင့် ၂၀၁၇ ခုနှစ်တွင် မန်စီးတီးအသင်းသို့ပြောင်းရွှေ့ခဲ့ရာ နည်းပြဂွာဒီယိုလာ လက်အောက်တွင် ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် အဓိကကစားသမားတစ်ဦး ဖြစ်လာခဲ့ပြီး အသင်းနှင့်အတူ ဆုဖလားများစွာ ရယူနိုင်ခဲ့သော်လည်း လက်ရှိတွင် ပုံစံကောင်းပျောက်ဆုံးလာသဖြင့် ယခုနှစ်ဘောလုံးရာသီ ဇန်နဝါရီအပြောင်းအရွှေ့ ကာလအတွင်း မန်စီးတီးအသင်းက ဘန်လေအသင်းသို့ အပြီးသတ်ရောင်းချခဲ့သည်။

ဝေါ်ကာသည်အင်္ဂလန်အသင်း ကစားသမားဘဝမှ အနားယူကြောင်း ကြေညာခဲ့သော်လည်း ကလပ်အသင်း ကစားသမားဘဝမှအနားယူမည်မဟုတ်ဘဲ ဘန်လေအသင်းတွင် ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

Ref : Daily Mail

Trs : ML



## မီခဲ့အီဖက်က IBF လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ဘီဗိုနှင့် ထိုးသတ်မည်

**ဘာလင် မတ် ၁၁**

WBA၊ IBF၊ WBO လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ ရုရှားလက်ဝှေ့သမား ဘီဗိုနှင့် ဂျာမနီလက်ဝှေ့သမား မီခဲ့အီဖက်တို့ IBF လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ထိုးသတ်ရန် သဘောတူညီချက်ရရှိခဲ့ကြောင်း မီခဲ့အီဖက်က ကြေညာခဲ့သည်ဟု Talk Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘီဗိုသည် တစ်နိုင်ငံတည်းသား ဘီတာဗီယက်ဖ်နှင့် တတိယမြောက် မကျေပွဲစဉ် ထိုးသတ်ရန် သတင်းများထွက်ပေါ်ခဲ့သော်လည်း ဘီတာဗီယက်ဖ်က မကျေပွဲထိုးသတ်ရန် ဆန္ဒမရှိတော့သည့်အတွက် ဘီဗိုက မီခဲ့အီဖက်၏ စိန်ခေါ်မှုကို လက်ခံခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်ကို မေ ၂၃ ရက်တွင် အီဂျစ်နိုင်ငံ၌ ထိုးသတ်မည်ဖြစ်သည်။

မီခဲ့အီဖက်က "ဘီဗိုနဲ့ထိုးသတ်ခွင့်ရတော့မှာကို ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော့်အနေနဲ့ ချန်ပီယံကို စိန်ခေါ်ခွင့်ရထားတဲ့သူဖြစ်ပါတယ်။ ဆွေးနွေးမှုတွေအားလုံး အဆင်ပြေခဲ့ပါတယ်။ ဒီပွဲစဉ်အတွက် အကောင်းဆုံး ပြင်ဆင်သွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Talk Sport

Trs : AZL

## မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၁)တွင် ISPE အသင်းကအနိုင်ရပြီး ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် မတ် ၁၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ISPE အသင်းက အနိုင်ရပြီး ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ဂိုးမရှိသရေ ရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပ အားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ပွဲကစားချိန်အတွင်း နှစ်သင်းလုံး ဂိုးကန်သွင်းခွင့်အချို့ ရခဲ့ကြသော်လည်း အဆုံးသတ်ပိုင်းမသေချာမှုများကြောင့် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အလားတူ ညနေ ၄ နာရီက သုဝဏ္ဏအားကစားကွင်းတွင် ISPE အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ကစားခဲ့ရာ နှစ်သင်းလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ ပွဲချိန် ၆၇ မိနစ်တွင် စစ်ငြိမ်းချမ်း၊ ပွဲချိန် ၇၇ မိနစ်တွင် ကောင်းမြတ်ငြိမ်းတို့က ISPE အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူခဲ့ကြပြီး ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုခြောက်မိနစ်တွင် အဲရစ်ကန်တိုနာက ဒဂုံပေါ့အသင်းအတွက် ချေပဂိုး တစ်ဂိုး ပြန်လည်သွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ISPE အသင်းက ဒဂုံပေါ့အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် မတ် ၁၂ရက် ညနေ ၃နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ် အားကစားကွင်းတွင် ရှမ်းယူနိုက်တက် အသင်းနှင့် မဟာယူနိုက်တက် အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

## Indian Wells Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ကို ကမ္ဘာ့အဆင့်(၂) အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာ တက်ရောက်

**ကယ်လီဖိုးနီးယား မတ် ၁၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် Indian Wells Masters တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၂) အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ဘရာဇီး တင်းနစ်ကစားသမား ဖွန်စီကာတို့ ယှဉ်ပြိုင်ခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၇-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ပုံစံကောင်း ပြသနိုင်ခဲ့သော်လည်း ပွဲငယ်နှစ်ပွဲလုံးတွင် tie-break အဆင့်ထိကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာက "အခုလိုခက်ခဲတဲ့ပွဲစဉ်တစ်ပွဲကို အနိုင်ရလဒ်နဲ့ အဆုံးသတ်နိုင်ခဲ့တာ ဝမ်းသာပါတယ်။ ဖွန်စီကာဟာ ငယ်ပေမဲ့လဲ ပါရမီရှိတဲ့ကစားသမားပါ။ ကစားရခက်တဲ့ ပြိုင်ဘက်တစ်ယောက်ပါ။ ပါရမီရှင် ကစားသမားတစ်ယောက်ကို အနိုင်ရဖို့အတွက် ကျွန်တော့်ဘက်က လုပ်နိုင်သမျှအကုန်လုပ်ခဲ့ရပါတယ်။ တွန်းတွန်းတိုက်တိုက် ကစားပြီးတော့ အနိုင်ရလဒ်အတွက် ကျွန်တော်အကောင်းဆုံး ကြိုးစားခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : AZL

## မြန်မာယူ-၁၇ အမျိုးသမီးအသင်းနှင့် အိန္ဒိယယူ-၁၇ အမျိုးသမီးအသင်းတို့ ကစားမည့်ခြေစမ်းပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် မတ် ၁၁**

အာရှယူ-၁၇ အမျိုးသမီး ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာယူ-၁၇ အမျိုးသမီးအသင်းနှင့် အိန္ဒိယယူ-၁၇ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ခြေစမ်းပွဲစဉ်များအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ (Pre-Match Press Conference) ကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ မြန်မာယူ-၁၇ အမျိုးသမီးအသင်းနည်းပြ Kumiko Tashiro နှင့် အိန္ဒိယယူ-၁၇ အမျိုးသမီးအသင်းနည်းပြ Pamela Conti တို့တက်ရောက်ခဲ့ကြပြီး မီဒီယာများ၏ မေးမြန်းမှုများကိုအသီးသီး ဖြေကြားခဲ့ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မြန်မာယူ-၁၇ အမျိုးသမီးအသင်း နည်းပြ Kumiko Tashiro က "တရုတ်နိုင်ငံမှာကျင်းပမဲ့ အာရှဖလားမတိုင်ခင် အိန္ဒိယနဲ့ ကစားခွင့်ရလို့ ပွဲစီစဉ်ပေးသူတွေကို ကျေးဇူးတင်ပါတယ်။ အိန္ဒိယအသင်းကလဲ ခြေစစ်ပွဲအောင်မြင်ထားပြီး သူတို့ကစားတဲ့ပွဲတွေကို လေ့လာထားပါတယ်။ သူတို့ဟာ အသင်းကောင်းတစ်သင်းဖြစ်ပြီး အရည်အချင်းရှိတဲ့ ကစားသမားတွေလဲ ပါဝင်တာမို့ မြန်မာအသင်းနဲ့ ယှဉ်ရင်အနည်းငယ်သာပါတယ်။ ဒါပေမဲ့ အိမ်ကွင်းမှာ ကစားရမှာဖြစ်လို့ ရလဒ်ကောင်းအောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်။ ပြင်းပြင်းထန်ထန် လေ့ကျင့်နေပြီး ပိုကောင်းလာအောင် အချိန်ယူသွားရမှာဖြစ်ပါတယ်။ ခြေစမ်းပွဲတွေ ထပ်ကစားရဖို့မျှော်လင့်ထားပါတယ်"ဟု ပြောကြားခဲ့သည်။



မြန်မာယူ-၁၇ အမျိုးသမီး အသင်းနှင့် အိန္ဒိယ ယူ-၁၇ အမျိုးသမီးအသင်းတို့သည် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ခြေစမ်းပွဲစဉ်နှစ်ပွဲ ကစားမည်ဖြစ်ပြီး ပထမအကျော့ကို မတ် ၁၂ ရက်နှင့် ဒုတိယအကျော့ကို မတ် ၁၄ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# အမျိုးသားပြတိုက်(နေပြည်တော်) ပြန်လည်ဖွင့်လှစ်ပြသ



**နေပြည်တော် မတ် ၁၁**

မန္တလေးငလျင်ဒဏ်ကြောင့် အမျိုးသားပြတိုက်(နေပြည်တော်)၏ အဆောက်အအုံ ပိုင်းများ ထိခိုက်ပျက်စီးခဲ့၍ ခေတ္တပိတ်ထားခဲ့ရသော်လည်း ယခုအခါ အဆောင် A နှင့် B ကို ပြန်လည်ပြုပြင်မွမ်းမံပြီးဖြစ်သဖြင့် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦး (ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစု) ပြခန်း၊ သမိုင်းတင်ခေတ် (အေဒီ ၁၁ ရာစု - ၁၄ ရာစု)ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်းနှင့် လက်ဆောင်ပစ္စည်းများပြခန်း စုစုပေါင်း ပြခန်း ခုနစ်ခန်းကို အများပြည်သူကြည့်ရှုလေ့လာနိုင်ရန်အတွက် ၂၀၂၆ ခုနှစ် မတ် ၁၀ရက်မှစ၍ တနင်္လာနေ့နှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှလွဲ၍ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ နေ့စဉ်ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

ပြတိုက်ပြန်လည် ဖွင့်လှစ်ပြသသည့် အထိမ်းအမှတ်အဖြစ် မတ် ၁၀ ရက်မှ ၁၂ ရက်ထိ သုံးရက်ကို အခမဲ့ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ အမျိုးသားပြတိုက် (နေပြည်တော်) ပြန်လည်ဖွင့်လှစ်သည့် မတ် ၁၀ ရက်တွင် လာရောက်လေ့လာကြည့်ရှုသူများကို ပြတိုက်ဝန်ထမ်းများက ပြခန်းအလိုက် ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "HEHO News Ko Zawe" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ အမှတ်(၅)ရပ်ကွက်နေ ခင်မောင်ထွေး ခေါ် လေးငယ် ခေါ် ဇဝီကို မွန်းလွဲ ၂ နာရီခွဲတွင် ဟဲဟိုးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)




## ထူးခြားသည့် နေ့အပူချိန်များ

၁၁- ၃ -၂၀၂၆

| | | | | |
|---|---|---|---|---|
| မင်းဘူး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ငါးသိုင်းချောင်း | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် မတ် ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ၈၁ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲ ဆုရရှိသူများစာရင်း

| စဉ် | ကလောင်အမည် | စာမူအမည် | မှတ်ချက် |
|---|---|---|---|
| **စစ်ချီသီချင်း** | | | |
| ၁။ | အောင်ဇော်ဦး(ရဲတီးဝိုင်း) | ကြည်း၊ ရေ၊ လေ သည် ထာဝရညီ | ပထမ |
| ၂။ | မိုးမြင့်ဦး(လုပ်သား-ရုပ) | တပ်မတော်သားပီပီ | ဒုတိယ |
| ၃။ | ခန့်ငြား(ကေတုမတီ) | ကြည်း၊ ရေ၊ လေ ညီနောင်တပ်မတော် | တတိယ |
| ၄။ | ဇော်မျိုးထွန်း (အုပ်ခွဲတပ်ကြပ်ကြီး) | ပြည်သူ့အတွက် ဒို့တပ်မတော် | စတုတ္ထ |
| ၅။ | ဗိုလ်ထိန်(မီးသတ်) | မျိုးချစ်ဒို့စစ်သည် | ပဉ္စမ |
| **စစ်သည်တေးသီချင်း** | | | |
| ၁။ | စုစုဇော် (သီရိခေတ္တရာ) | သူရဲကောင်းစစ်သည် | ပထမ |
| ၂။ | ခင်ငြိမ်းချမ်းစိုး(သဇင် FM) | ဂုဏ်ပြုလျှက်ပါအဖေ | ဒုတိယ |
| ၃။ | ကျော်ဆွေအောင် | ကျွန်တော်စစ်သားပါ | တတိယ |
| ၄။ | ကေသီအောင် | မေ့စစ်သားမောင် | စတုတ္ထ |
| ၅။ | လှိုင်ဝင်းထွန်း | တုန့်နှိုင်းမဲ့စစ်သည်တွေ | ပဉ္စမ |
| **ကဗျာ(ဝါသနာရှင်)** | | | |
| ၁။ | ထွန်းထွန်း(လားရှိုး) | ညီညာပေါင်းစည်း ရှေ့ခရီး၊ ကောင်းချီးမြတ်မော် တပ်မတော် | ပထမ |
| ၂။ | မြတ်မင်းသန့် | နိုင်ငံတော်သစ် သမိုင်းတစ်ခေတ်၊ ထုဆစ်ပုံဖော် မြန်မာ့တပ်မတော် | ဒုတိယ |
| ၃။ | ရဲကျော် | ရှစ်ဆယ့်တစ်နှစ်မြောက် ကမ္ဘည်းမော်ကွန်း | တတိယ |
| ၄။ | ကြေးမုံဖြိုးသန့်( ရွှေရတု) | စွမ်းအားထိန်ဝေ နေ့သစ်နေ ပြည်သူ့သားဆွေ ကြည်း၊ ရေ၊ လေ | စတုတ္ထ |
| ၅။ | ထာဝရမွန် (ဂုဏ်ထူးတန်း) | ပြည်မြန်မာရွှေတစ်ခေတ် ထွန်းသစ်စို့လေး | ပဉ္စမ |
| **ကဗျာ(အလွတ်တန်း)** | | | |
| ၁။ | ရဲမင်းစိုး | ကျည်ခွံများကပြောသော တာဝန်ကျေသူတို့အကြောင်း | ပထမ |
| ၂။ | မြတ်ထွဏ်းနောင် | ပြည်ထောင်စုရဲ့တို့တပ်မတော် နိုင်ငံရွှေခေတ် ပြန်ထုတ်ဖော် | ဒုတိယ |
| ၃။ | မျိုးစစ်သည် | ဇန်းမော်၊ တောင်ခမ်း စစ်ဆင်စွမ်း အောင်ပန်း ဂုဏ်ကျော် ပြည့်တပ်မတော် | တတိယ |

| စဉ် | ကလောင်အမည် | စာမူအမည် | မှတ်ချက် |
|---|---|---|---|
| ၄။ | ဘုန်းမောင်ဝင်း(ဖျာပုံ) | ရွှေရောင်လင်းသည့် နိုင်ငံတော်နှင့် ပြည်သူချစ်သော တပ်မတော် | စတုတ္ထ |
| ၅။ | မောင်အေးသန်း (ကြို့ပင်ကောက်) | အရေးသုံးပါးဦးထိပ်ထား | ပဉ္စမ |
| **ဝတ္ထုတို(ဝါသနာရှင်)** | | | |
| ၁။ | မနောဖြူ | ကျွန်တော့်သားမှာ ကိုယ်ပိုင်အမှတ်ရှိပါတယ် | ပထမ |
| ၂။ | မနောသစ်(ပခုက္ကူ) | မုန်းမုန်း ချစ်ချစ် | ဒုတိယ |
| ၃။ | ရဲမွန်ကျော် | သူရဲကောင်းတို့၏ ဒိုင်ယာရီ | တတိယ |
| ၄။ | မောင်အေးချမ်း(ခနဲဖြူ) | အလေးပြုပါသည် ဆရာဖိုးနီ | စတုတ္ထ |
| ၅။ | ကိုစော (ပထဝီဝင်) | အမေဂုဏ်ယူနေပါတော့ | ပဉ္စမ |
| **ဝတ္ထုတို(အလွတ်တန်း)** | | | |
| ၁။ | ကျော်တေဇ(ဥက္ကလာ) | ဝတ်မှုံကူးသော နှလုံးသားများ၏ ဝီရအလင်္ကာ | ပထမ |
| ၂။ | မုန်းမောင်မောင် | ပစ်မထားရက်ခဲ့ပါ | ဒုတိယ |
| ၃။ | နွေးထက်လှိုင် | မအေးမြရဲ့ သတ္တိသွေး ပျံ့နှံ့လို့နေပါပြီ | တတိယ |
| ၄။ | မင်းလပြည့်(ဟားခါး) | စစ်ကိုမုန်းခဲ့သော်လည်း | စတုတ္ထ |
| ၅။ | မောင်မောင်လွင်(ရွှေဘိုသား) | သစ္စာပန်းခက်ခြောက်တို့၏ ရင်တွင်းစကား | ပဉ္စမ |
| **ဝတ္ထုရှည်(ဝါသနာရှင်)** | | | |
| ၁။ | အမောင် | တိမ်တိုက်တွေရဲ့ အဖြူရောင်သက်တံ | ပထမ |
| ၂။ | ရှားမိန်း | အလွမ်းတွေဝေးလို့ ပန်းတွေဝေစေ | ဒုတိယ |
| ၃။ | ကျော်စိုး(ဒိုက်ဦး) | စစ်သားဂုဏ်ရည် | တတိယ |
| ၄။ | ဟန်ညွန့်(ယဉ်ကျေးမှု) | စိန်ပန်းနီနီနှလုံးသား | စတုတ္ထ |
| ၅။ | တင်ဦး (ရန်ကင်း) | လှိုင်းကြီးလို့လေထန် ရေဆန်ကိုလှော်ခတ်ကြမည် | ပဉ္စမ |
| **ဝတ္ထုရှည်(အလွတ်တန်း)** | | | |
| ၁။ | ပိုင်ဇင်ဇော်(သတ္တု) | သစ္စာစမ်းမှာ ပန်းစုံလန်းသည် | ပထမ |
| ၂။ | ခန့်ပိုင် | လက်ဆင့်ကမ်းအမွေ | ဒုတိယ |
| ၃။ | ဘုန်းရဲနိုင်(ဂန့်ဂေါ) | မလေးမောင်ချစ်မငြီးနိုင် | တတိယ |
| ၄။ | မောင်စူးရှ(အနောက်ရိုးမ) | မမေ့ဘယ်ခါ နှလုံးသားထဲကကြည်ပြာ | စတုတ္ထ |
| ၅။ | ရဲခေါင် | ရွံ့ကြောက်မဲ့တွန် နိုင်ငံ့ဝန်ဦ | ပဉ္စမ |

## အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ဗုဒ္ဓဘာသာနှင့်ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

**နေပြည်တော် မတ် ၁၁**

အနောက်တောင် တိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၁၆၉ ဦးဖြင့် ဧပြီ ၃ ရက်ထိ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဒ၁၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင်အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန်လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင် ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့်ယာဉ် အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင် ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# အကဘာသာစကား အကသင်္ကေတ

**ကိုဇော်ငွေး(ယဉ်ကျေးမှု)**

ခေါင်း၊ ခါး၊ ခြေ၊ လက် စသည်တို့ကို ရှုချင့်စဖွယ် ညွှတ်ကွေးလှုပ်ရှားပြသည်ကို 'က'သည်ဟု မြန်မာအဘိဓာန်ကဆိုသည်။ 'က'ကြရာတွင် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို အချက်ကျကျ လှုပ်ရှားကြသည်။ လှုပ်ရှားမှုတွင် သဘော၊ သရုပ်၊ အဓိပ္ပာယ်အမျိုးမျိုးပါရှိကြသည်။ 'က'ကြခြင်းသည် ပျော်ရွှင်မှုကိုနောက်ခံထားရသည်။ ပျော်ရွှင်မှုမရှိဘဲ ကကြခြင်း၊ ကပြခြင်းကို ကြည့်ရှုခြင်းသည် ဆန္ဒမရှိဘဲ အလုပ်တစ်ခုကိုလုပ်နေခြင်းနှင့်တူသည်။ အကဆိုသည်မှာ မိမိဖော်ပြလိုသောအကြောင်းအရာ ဦးတည်ချက်တစ်ခုကို နှုတ်ဖြင့်ဖွင့်ဟပြောဆိုခြင်းမပြုဘဲ လှုပ်ရှားမှုဖြင့် အောင်မြင်အောင် ဖော်ပြခြင်းပင်ဖြစ်သည်။ ထို 'အက'ဟူသောဘာသာစကားကို သင်္ကေတစနစ်မပါဘဲ လှုပ်ရှားမှုပုံစံများ၊ ပုဒ်စုများ၊ ဝါကျများဖော်ပြရုံနှင့် မလုံလောက်ချေ။ ဆိုရသော်သင်္ကေတကို အသုံးပြုသောဘာသာစကားကဲ့သို့အကဘာသာစကားတွင်လည်း အခြေခံဝါစင်္ဂ(စကားအင်္ဂါ)များပါရှိမှသာ ပြီးပြည့်စုံသည်ဟုဆိုလိုခြင်းဖြစ်သည်။

> ❖ **အကသင်္ကေတသည် သင်္ကေတဖြင့် ကကြိုးကကွက်များကို ပုံဖော်ခြင်းဖြစ်သောကြောင့် သင်္ကေတများ၏ သဘောတရားများကို နားလည်သဘောပေါက်ပါက အကသင်္ကေတကို ကျွမ်းကျင်စွာ ရေးသားဖတ်ရှုနိုင်မည်ဖြစ်သည်။ အကသင်္ကေတကို အသုံးပြုပြီး ကပြရန်မှာမူ လွယ်ကူသည့်ကိစ္စမဟုတ်ပါချေ။ ထို့ကြောင့် ပထမဦးစွာ အကသင်္ကေတများကို နားလည်သဘောပေါက်အောင် ဖတ်ရှုမှတ်သားသင့်သည်။ သို့မှသာ တေးဂီတဖြင့်ကပြရာ၌ ကကြိုးကကွက်များကို အစီအစဉ်တကျနှင့် တိကျမှန်ကန်၍ စည်းဝါးကိုက်ညီစွာ ကပြနိုင်လာမည်ဖြစ်သည်။** ❖

အကဘာသာစကားတွင် ရှင်းလင်းစွာတည်ဆောက်ထားသော "သဒ္ဒါ"ရှိသည်။ ၎င်းသဒ္ဒါသည် တစ်ဦးနှင့်တစ်ဦး လှုပ်ရှားမှုစကားလုံးဝေါဟာရများဖြင့် ဆက်သွယ်ခြင်းကိုလည်းကောင်း၊ လှုပ်ရှားမှုဝါကျ( ဖွဲ့စည်းမှု)များတွင် လုပ်ဆောင်ရသောလုပ်ဆောင်ချက်များကိုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုပေးသည်။ လှုပ်ရှားမှုဘာသာစကား၏ အခြေခံရင်းမြစ်များတွင် နာမ်များ၊ ကြိယာများနှင့် ကြိယာဝိသေသနအမျိုးအစားများပါဝင်နေသည်။ နာမဝိသေသနများကို တွေ့ရနည်းပါးသည်။ လှုပ်ရှား၍ရသောခန္ဓာကိုယ်၏ အစိတ်အပိုင်းများသည် နာမ်ပုဒ်များဖြစ်ကြသည်။ ၎င်းအစိတ်အပိုင်းများ၏ လှုပ်ရှားမှုသည် ကြိယာဖြစ်သည်။ ထိုလှုပ်ရှားမှုများ မည်သို့ဆောင်ရွက်သည်၊ ပြောင်းလဲမှု၏အတိုင်းအတာသို့မဟုတ် သရုပ်ဆောင်သည့်အပြုအမူများကို ကြိယာဝိသေသနပုဒ်အဖြစ် ဖော်ပြကြသည်။

နာမ်ပုဒ်များမှာ ခန္ဓာကိုယ်၏လှုပ်ရှား၍ရသော အစိတ်အပိုင်းများ၊ လှုပ်ရှားမှုဖြင့် ဆက်စပ်တွဲဖက်ကပြသူ၊ ကခွင်ကပြမှုလေ့ကျင့်ရာ အခန်းတစ်ခုလုံးသို့မဟုတ် အစိတ်အပိုင်း၊ ကပြရာတွင် သယ်ဆောင်သော သို့မဟုတ် ကိုင်စွဲလျက်ရှိသော အရာဝတ္ထုများ၊ ပစ္စည်းများ၊ ကပြမှုအတွက် အသုံးအဆောင်ပစ္စည်း၊ အရာဝတ္ထုများပင်ဖြစ်သည်။

ကြိယာများမှာ လှုပ်ရှားမှုတစ်ခု၏ ယေဘုယျဖော်ပြချက်၊ ကွေးခြင်း၊ ဆန့်ခြင်း၊ ခန္ဓာကိုယ်ဆန့်ထုတ်ခြင်း၊ ခန္ဓာကိုယ်လှည့်ခြင်း၊ ခန္ဓကိုယ်တစ်ခုလုံးလှုပ်ရှားခြင်း၊ ခြေလက်များသာလှုပ်ရှားခြင်း၊ ကခွင်အတွင်း သတ်မှတ်ဆုံမှတ်များသို့ သွားသောလှုပ်ရှားမှုများ၊ ရှေ့သို့ရွေ့လျားခြင်း၊ နောက်သို့ရွေ့လျားခြင်း၊ ဘေးသို့ဖယ်ထွက်ရွေ့လျားခြင်း၊ ကခွင်အတွင်း လူပုဂ္ဂိုလ်၊ အရာဝတ္ထု သို့မဟုတ် သရုပ်ဆောင်များနှင့် ဆက်သွယ်မှု၊ ခန္ဓာကိုယ်အလေးချိန်ကိုထိန်းနိုင်သော အလေးချိန်၊ အလေးချိန်ကို ဘယ်ညာပြောင်းရွှေ့ခြင်း၊ ဟန်ချက်ငြိမ်၍နေခြင်း၊ ခုန်ပေါက်ခြင်း၊ လူးလွန့်ခြင်း၊ ဟန်ချက်ညီလှုပ်ရှားမှုပုံစံများ၊ အလေးချိန်ရွှေ့ခြင်းနှင့်ပတ်သက်သောလှုပ်ရှားမှု၊ လှဲချခြင်းများ၊ ကခွင်ပြင်ပသို့ထွက်ခွာခြင်း၊ အမျိုးမျိုးသောလှုပ်ရှားမှုပုံစံများဖြစ်ကြသည်။

ကြိယာဝိသေသနပုဒ်များမှာ အထက်ဖော်ပြပါ ကြိယာအားလုံးကို ဖော်ပြပါကြိယာဝိသေသနပုဒ်များဖြင့် အထူးပြုနိုင်သည်။ ၎င်းတို့မှာ စည်းဝါးအတွင်း ရုတ်တရက်လှုပ်ရှားခြင်း၊ တစ်ဆက်တည်းလှုပ်ရှားခြင်း၊ တစ်ခုစီသီးခြားလှုပ်ရှားခြင်း၊ စည်းဝါးကိုက်ညီအောင် ကခြင်း၊ အင်အားအသုံးပြုခြင်း၊ ညက်ညောစွာလှုပ်ရှားခြင်း၊ ပြင်းထန်စွာလှုပ်ရှားခြင်း၊ လှုပ်ရှားမှု၏ အတိုင်းအတာ၊ ဒီကရီအတိုင်းအတာ၊ ရွေ့လျားမှုအကွာအဝေး၊ လမ်းကြောင်းများသွေဖည်ခြင်း၊ နေရာအနေအထားများပြောင်းလဲခြင်း စသည်တို့ပင်ဖြစ်သည်။

အကပညာ၏ဖွံ့ဖြိုးမှုရေစီးကြောင်းတွင် အကဘာသာစကားမှ အကသင်္ကေတသို့ တိုးတက်ပြောင်းလဲလာသည်ကို တွေ့ရသည်။ အက သင်္ကေတသမိုင်းအကျဉ်းကိုလေ့လာရာတွင် နည်းစနစ်ကျသော၊ နိုင်ငံတကာမှလက်ခံနိုင်သော အကသင်္ကေတတစ်ခုဖြစ်ရန်အတွက် နှစ်အတော်ကြာ ကြိုးပမ်းခဲ့ကြသည်ကို တွေ့ရသည်။ အကလှုပ်ရှားမှုများကိုလည်း သင်္ကေတဖြင့် လှုပ်ရှားမှုပုံစံအမျိုးမျိုး၊ ခန္ဓာကိုယ်လှည့်ရာတွင်လည်းကောင်း၊ ကွေးရာတွင်လည်းကောင်း၊ စောင်းရာတွင်လည်းကောင်း အစရှိသော လှုပ်ရှားမှုများတွင် ဒီကရီအတိအကျဖြင့် ဖော်ပြနိုင်ခြင်း၊ ခန္ဓာကိုယ် အစိတ်အပိုင်းများ၏ လှုပ်ရှားမှုများကိုလည်း အသေးစိတ်ဖော်ပြနိုင်ခြင်း၊ ဂီတသင်္ကေတများဖြင့်ပူးတွဲတင်ပြနိုင်ခြင်း၊ စည်းဝါးအတိအကျဖော်ပြနိုင်ခြင်း၊ ကပြသူနှင့်ဖတ်ရှုသူမှာလည်း ဘယ်ညာမှန်ကန်အောင် ဖတ်ရှုနိုင်ခြင်း စသည်တို့ကို တွေ့ရှိရသည်။

စာပေရေးသားရာတွင် နာမ်၊ ကြိယာ၊ ကြိယာဝိသေသန စသည်ဖြင့် သဒ္ဒါဖွဲ့စည်းပုံရှိသကဲ့သို့ အကသင်္ကေတတွင်လည်း အကဘာသာစကားတစ်ခုအဖြစ် သဒ္ဒါဖွဲ့စည်းပုံပြည်စုံစွာ ရေးသားနိုင်သည့်အပြင် သင်္ချာသဘောတရားပါဝင်သည်ကိုလည်းတွေ့ရသည်။ အကသင်္ကေတရေးရာတွင် အဓိကတွေ့ကြုံရသောပြဿနာသုံးရပ်မှာ ရှုပ်ထွေးသောလှုပ်ရှားမှုများကို မှတ်တမ်းတင်ရခြင်း၊ ဖတ်ရှုနိုင်သောပုံစံဖြင့် မှတ်တမ်းတင်ရခြင်း၊ လှုပ်ရှားမှု အဆက်မပြတ်ဖြစ်နေခြင်းကို မှတ်တမ်းတင်ရခြင်းတို့ပင်ဖြစ်သည်။ ထို့ကြောင့် အကသင်္ကေတ လှုပ်ရှားမှုပုံစံများကို ရုပ်ပုံအားဖြင့်လည်းကောင်း၊ သင်္ကေတအားဖြင့်လည်းကောင်း ရေးဆွဲဖော်ပြလာကြသည်။

လှုပ်ရှားမှုသင်္ကေတစနစ်ကို အေဒီ ငါးရာစုခန့်မှစ၍ တီထွင်အားထုတ်ခဲ့ကြသည်။ အီဂျစ် လူမျိုးများသည် ရှေးခေတ်အီဂျစ်အရုပ်စာများကို သင်္ကေတများအနေဖြင့် မှတ်တမ်းတင်ခဲ့ကြသကဲ့သို့ ရောမလူမျိုးများသည်လည်း နှုတ်ခွန်းဆက်သည့် အမူအရာများကို သင်္ကေတစနစ်ဖြင့် အသုံးပြုခဲ့ကြသည်။ အေဒီ ၁၅ ရာစုနောက်ပိုင်းခန့်တွင် စပိန်လူမျိုးများကလည်း လှုပ်ရှားမှုသင်္ကေတများကို လက်ရေးမူနှစ်မျိုးဖြင့် ရေးသားဖော်ပြလာကြသည်။ ထို့ပြင် အခြားနည်းစနစ်များကိုလည်း တီထွင်ခဲ့ကြသည်။ အချို့စနစ်များကို ထုတ်ဝေခဲ့ကြပြီး၊ အချို့ကို မော်ကွန်းတင်ထားခဲ့ကြသည်။ သို့သော်လည်း အချိန်အနည်းငယ်သာ လူကြိုက်များခဲ့ပြီး ယနေ့မျက်မှောက်ခေတ်တွင် အသုံးမပြုကြတော့ချေ။ ယနေ့ခေတ်တွင် အသုံးပြုနေကြသော ဂီတသင်္ကေတများသည် အေဒီ ၁၁ ရာစု အစောပိုင်းထိတိုင် တစ်ပုံစံတည်းဖြစ်အောင် မတည်ဆောက်နိုင်ခဲ့ကြချေ။ အကသင်္ကေတကိုလည်း ပုံသေနည်းကျအောင် နှစ်အတော်ကြာ အားထုတ်ကြိုးပမ်းခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် အကတစ်ခုတွင် ခန္ဓာကိုယ်၏လားရာ၊ အကွာအဝေး၊ ခံစားမှု၊ လှုပ်ရှားမှုတို့သည် တစ်ပြိုင်တည်းဖြစ်နေသောကြောင့်ဖြစ်သည်။ သို့သော်လည်း ရှုပ်ထွေးသော လှုပ်ရှားမှုကိုမှတ်တမ်းတင်ရခြင်း၊ ဖတ်ရှုနိုင်သောပုံစံကိုမှတ်တမ်းတင်ရခြင်း၊ အဆက်မပြတ်သောလှုပ်ရှားမှုကို မှတ်တမ်းတင်ရခြင်းတို့တွင်မူ ပြဿနာတချို့ရှိလာနိုင်တော့သည်။

အကသင်္ကေတနှင့်စပ်လျဉ်း၍ Toinot Arebeaue ၏ Orchesohraphie စာအုပ် ၁၉၅၈ ခုနှစ်။ အကပညာရှင်များဦးဆောင်သည့် Feuillft' s သင်္ကေတများပါဝင်သော အကဗေဒစာအုပ် ၁၇၀၀ ပြည့်နှစ်။ အကဗေဒပညာရှင် Arthur Saintle'on ၏ လက်ရေးတိုစာအုပ် ၁၈၅၂ ခုနှစ်နှင့် ထိုစနစ်ကို အခြေခံပြီး Albert Zorn က အခြားရှုထောင့်မှရေးသားပြီး Gra-mma Tikdr Tanzkunst စာအုပ်အဖြစ် ၁၈၈၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ သို့သော်လည်း ထိုစနစ်သည် ပရိသတ်၏အမြင်မှ ရေးသားထားခြင်းဖြစ်သောကြောင့် ဖတ်ရှုရာတွင် ဆန့်ကျင်ဘက်ဖြစ်နေပြီး အကျိုးမဲ့ခဲ့သည်။ ထို့ကြောင့်Rudolf von Laban သည် အကကို စာဖြင့်ရေးသားခြင်းစာအုပ်ကို ၁၉၈၂ ခုနှစ်တွင် ပထမအကြိမ်ထုတ်ဝေခဲ့သည်။ ထိုစာအုပ်သည် ယခင်က မှားယွင်းသောစနစ်ကို ပြုပြင်နိုင်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် သင်္ချာသဘောတရားကိုအခြေခံသော အတော်အသင့်ပြည့်စုံသောစနစ် ပေါ်ပေါက်လာသည်။ ၁၉၄၀ ပြည့်နှစ်တွင် အကသင်္ကေတဌာနချုပ်ကို နယူးယောက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထိုအဖွဲ့သည် အကသင်္ကေတစနစ်များကို လေ့လာခဲ့ပြီး နောက်ဆုံးတွင် လာဘန်၏အကသင်္ကေတစနစ်ကို ရွေးချယ်၍ လေ့လာခဲ့သည်။ ထိုအဖွဲ့သည် အခြားနိုင်ငံများမှ လုပ်ငန်းတူအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး Mr.Rudolf Laban ၏ အကသင်္ကေတစနစ်သည် ဂီတသင်္ကေတကဲ့သို့ နိုင်ငံအများစုတွင် အသုံးပြုသည်ထိ ရောက်ရှိခဲ့သည်။

Mr.Rudolf Laban ကို ၁၈၇၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ဆလိုဗက်ကီးယားတွင် မွေးဖွားခဲ့သည်။ ၂၀ နှစ်တွင် အနုပညာလောကသို့ဝင်ခဲ့သည်။ လူတို့၏စိတ်ခံစားမှုနှင့် သိမှုဆိုင်ရာစွမ်းရည်တို့ ဆက်နွယ်ရာမှဖြစ်ပေါ်လာသော တုံ့ပြန်လှုပ်ရှားမှုကိုလေ့လာ၍ လာဘန်၏ အကသင်္ကေတစနစ်ကို တီထွင်ခဲ့သည်။ ၎င်းသင်္ကေတသည် ခေတ်သစ်အကလောကကို တိုးတက်စေခဲ့သည်။

အကသင်္ကေတသည် သင်္ကေတဖြင့် ကကြိုးကကွက်များကို ပုံဖော်ခြင်းဖြစ်သောကြောင့် သင်္ကေတများ၏ သဘောတရားများကို နားလည်သဘောပေါက်ပါက အကသင်္ကေတကို ကျွမ်းကျင်စွာ ရေးသားဖတ်ရှုနိုင်မည်ဖြစ်သည်။ အကသင်္ကေတကို အသုံးပြုပြီး ကပြရန်မှာမူ လွယ်ကူသည့်ကိစ္စမဟုတ်ပါချေ။ ထို့ကြောင့် ပထမဦးစွာ အကသင်္ကေတများကို နားလည်သဘောပေါက်အောင် ဖတ်ရှုမှတ်သားသင့်သည်။ သို့မှသာ တေးဂီတဖြင့်ကပြရာ၌ ကကြိုးကကွက်များကို အစီအစဉ်တကျနှင့် တိကျမှန်ကန်၍ စည်းဝါးကိုက်ညီစွာ ကပြနိုင်လာမည်ဖြစ်သည်။

နိုင်ငံတကာ၌ ဂီတသင်္ကေတများအသုံးပြုသည့်နည်းတူ အကသင်္ကေတများဖြင့်လည်း ပုံဖော်ကပြ လေ့ကျင့်သင်ကြားမှုများ ဖွံ့ဖြိုးလာချိန်ဝယ် မြန်မာအက၏ ကကြိုးကကွက်များ အထူးသဖြင့် အခြေခံအကဖြစ်သည့် ကဗျာလွတ်အကများကို ဓာတ်ပုံများဖြင့်ဖော်ပြမှုသာရှိပြီး သင်္ကေတဖြင့် ဖော်ပြမှု၊ သင်ကြားမှု၊ မျှဝေလက်ဆင့်ကမ်းမှုတို့ မရှိသလောက်ပင်ဖြစ်သည်။ မြန်မာအက အခြေခံဖြစ်သည့် ခြေ၊ ခါး၊ ခေါင်း၊ လက်တို့ကို အကသင်္ကေတဖြင့် တစ်ဆင့်ချင်း ပုံဖော်ရေးသားနိုင်ရေးသည် လိုအပ်ချက်ပင်ဖြစ်သည်။

မြန်မာတို့သည် ဂီတသင်္ကေတကို အရှေ့တိုင်းနုတ်ဖြင့် အခြေခံလေ့ကျင့်ခဲ့ကြပြီး ယခုအခါ ကမ္ဘာသုံးနုတ်အထိ အတီးပညာရှင် အတော်များများ တက်လှမ်းအသုံးပြုနိုင်နေသည်ကို လေးစားဖွယ်မြင်တွေ့နေရသည်။ ထို့အတူ ကမ္ဘာသုံးအကသင်္ကေတစနစ်ကို တတ်ကျွမ်းနားလည်သူတချို့ရှိနေသည်မှာလည်း အံ့သြဖွယ်ပင်ဖြစ်သည်။ ဂီတသင်္ကေတကို ချဉ်းကပ်ခဲ့စဉ်က သင်္ကေတသဘောတရားကို သေချာလေ့လာသင်ယူခဲ့ကြသဖြင့် ယခုအခါတွင်ကျယ်စွာ အသုံးပြုနိုင်နေသည်ကို တွေ့ရသည်။ အရေအတွက် အနည်းငယ်မျှရှိသော အကသင်္ကေတနားလည်သူ အကပညာရှင်များ၏ ပံ့ပိုးထောက်ကူလက်ဆင့်ကမ်း သင်ကြားပေးခြင်းဖြင့် ကမ္ဘာသုံးအကသင်္ကေတစနစ်သည်မြန်မာ၌လည်း ဖွံ့ဖြိုးလာမည်သာဖြစ်သည်။

မြန်မာအက၊ မြန်မာဂီတတို့ကို သင်္ကေတစနစ်ဖြင့် ကမ္ဘာသို့ ထွင်းဖောက်နိုင်ရေးသည် လူငယ်အနုပညာရှင်မျိုးဆက်တို့အပေါ် မူတည်နေသည်။ သင်္ကေတဖြင့်ကမ္ဘာသို့ မျှဝေတင်ပြနိုင်ခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို မြင့်တင်ရာလည်းရောက်သည်။ ယဉ်ကျေးမှုထွန်းကားရာရေစီးကြောင်း အလျဉ်သည်လည်း မြန်ဆန်လာမည်ဖြစ်သည်။ သို့အတွက် အကဘာသာစကား အကသင်္ကေတတို့ဖွံ့ဖြိုးတိုးတက်လာရေးကို သင်ယူတတ်မြောက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

**ကိုးကား**

- **မဝင်းဝင်းမြင့်၏ ( NUAC , YGN )သို့ မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသောကျမ်း။**

> **ယခုဆောင်းပါးသည် စာရေးသူ မကွယ်လွန်မီ ရတနာပုံသတင်းစာတိုက်သို့ နောက်ဆုံးပေးပို့ခဲ့သော ဆောင်းပါးဖြစ်ပါကြောင်း စာဖတ်ပရိသတ်များကို လေးစားစွာ အသိပေးအပ်ပါသည်။**

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ကုလားပဲ ၂၉၁၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရွှေဘိုမြို့နယ်**

**ရေဦး မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ကုလားပဲ ၂၉၁၁ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၄၉၈၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကုလားပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ၂၉၁၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၂ ဒသမ ၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၄၉၈၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ အခုလက်ရှိ အချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၂၉၁၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိပ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်းနှင့် ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးဖယ်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးဖယ်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးဖယ်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ဇန်နဝါရီလက ငါးဖယ်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီတစ်လအတွင်း ငါးဖယ်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လ ပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ တင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ ငါးဖယ်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က မတ်လထဲမှာ ငါးဖယ်တွေ မှာယူအားတက်နေပါတယ်။ အခုလို ငါးဖယ်တွေ ကုန်ချိန်များများ တင်ပို့လာရတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အကုန်အဆင်ပြေနေပါတယ်" ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးဖယ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်များ ပိုမိုတင်ပို့ရောင်းချရခြင်းကြောင့် ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**










# ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ နယ်မြေ(၆)၊ ကွင်း/အကွက်အမှတ်၆/၂၆-(ပန်းဘဲတန်း)၊ ဦးပိုင်အမှတ် ၅/ဃ-၇၊ ဧရိယာ (၀.၀၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်သန်းစိန် အမည်ပေါက် နှစ်(၃၀) ဂရန်မြေကွက်မှ ဒေါ်နီနီလွင် (ဘ) ဦးခင်မောင်ဝင်း(၉/ခအဇ(နိုင်)၀၀၄၄၂၆) (အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပြီး) တရားဝင်လက်ရှိပိုင်ဆိုင်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်၏အမှုသည်အား ကမ်းလှမ်းရာ နှစ်ဦးသဘောတူညီသဖြင့် (၇.၃.၂၀၂၆)ရက်နေ့တွင် နှစ်ဦးသဘောတူ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင် လက်ရောက်လွှဲပြောင်းရောင်းချသည့် (စရန်ပေး)ကတိစာချုပ် ချုပ်ဆို၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ စရန်ငွေပေးချေသည့် ပစ္စည်းရပ်များနှင့်သော်လည်းကောင်း၊ မြေပိုင်ဆိုင်မှုအတိုင်းအတာနှင့်ပတ်သက်၍သော်လည်းကောင်း ကန့်ကွက်လိုပါက ဤကြေညာသည့်ရက်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ထက် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၅၇)
နယ်မြေ(၃)၊ ပိုးတန်းရပ်ကွက်၊ စစ်ကိုင်းမြို့။
Ph- 09-778833045၊ 09-678566662

## ဘိုးဘပိုင် မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ မိုးဇာရပ်ကွက်၊ ကွင်း/အကွက်အမှတ်-(၄/က)၊ အကွက်အမည် မိုးဇာကွင်း။ ဦးပိုင်အမှတ်(၂/ခ)၊ ဧရိယာ(၀.၂၃၅)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ကားလမ်း
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၁/ခ
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၂/ဃ
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၂/က

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးလှိုင်စိုးနောင်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သက်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့။


အဖိုးတန်
ရေချိုကို
ချွေတာပါ


## စာအုပ်စာပေ လှူမိတ်ဆွေ

### ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပေါက်လုံကွက်သစ် နမ့်ခမ်းမြို့နေ ဦးအိုက်ဖုဖေ၏သမီး မဆိုင်မွေ့ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၃/နခန(နိုင်) ၀၉၃၇၂၂ ကိုင်ဆောင်ထားသူ ပတ်စပို့မှတ်မိစာအုပ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသည်။ 09-448594471

## ဖခင်အမည်မှန်

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စံချိန်ကိုယ်ပိုင်အထက်တန်းကျောင်း ပထမတန်းတွင် ပညာသင်ကြားနေသော မောင်စိုင်းဝေယံ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးမြင့်ဦး ဖြစ်ပါကြောင်း။

ဦးမြင့်ဦး ၁၃/ပလတ(နိုင်)၀၁၃၄၂၃


သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ



ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

❖ ကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ တိုးတက်အောင်မြင်မှုရှိစေရန် မပြတ်မနေဆောင်ရွက်မည်ဖြစ်...

❖ အဆိုပါလုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိပြီး နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်သော နှစ် ၇၀ ပြည့် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။




စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် အိန္ဒိယတပ်မတော် ဂေါက်သီးရိုက်အသင်းခေါင်းဆောင် Gp Capt Anish Sharma တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၁၁

အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ ကျင်းပပြုလုပ်ရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)တို့မှ တပ်မတော် အရာရှိကြီးများနှင့် အိန္ဒိယတပ်မတော် ဂေါက်သီးရိုက်အသင်းခေါင်းဆောင် Gp Capt Anish Sharma ဦးဆောင်သော ကိုယ်စားလှယ်များတက်ရောက်ကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

# “မြန်မာ့မျက်နှာစာသစ်ဖိုရမ်” ဖွင့်ပွဲအခမ်းအနား ကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၁

“မြန်မာ့မျက်နှာစာသစ်ဖိုရမ်” (ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး) "FORUM ON DAWN OF THE NEW STATE" (Development & Stability) ဖွင့်ပွဲအခမ်းအနားကို မတ် ၁၃ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၈ နာရီ ၁၅ မိနစ်မှစတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV-News၊ MRTV-NRC၊ MRTV Sports၊ MRTV-Entertainment၊ MRTV Parliament၊ MITV ၊ MWD HD Channel၊ MWD Variety HD Channel၊ Readers' Channel၊ Sky Net Up to Date၊ Channel 9 ရုပ်သံလိုင်းတို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့်ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ FM ပုဂံ၊ Star FM၊ သဇင် FM တို့မှလည်းကောင်း၊ MOI Website၊ MRTV Website၊ MRTV App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။ (သတင်းစဉ်)

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများ ပထမနေ့ ကျင်းပ တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့တွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၂၅၅၂၂၈ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့တွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ ၃၃၆၄ ဦးရှိ

စာမျက်နှာ - ၂၄

# စက်သုံးဆီရောင်းချမှုများအပေါ် စိစစ်ကြပ်မတ်နိုင်ရေးဆောင်ရွက်သွားမည့်အစီအမံ အသိပေးထုတ်ပြန်

၂၀၂၆ ခုနှစ် မတ် ၁၁ ရက်

စက်သုံးဆီမပြတ်လပ်စေရန်နှင့် စက်သုံးဆီအမှန်တကယ်လိုအပ်သူများ အဆင်ပြေချောမွေ့စွာဝယ်ယူရရှိနိုင်စေရန်ရည်ရွယ်၍ အရောင်းဆိုင်များတွင် တစ်ရက်အတွင်း နှစ်ကြိမ် သို့မဟုတ် သုံးကြိမ် တန်းစီဝယ်ယူမှုများ လျော့နည်းပပျောက်စေရေးအတွက် အရောင်းဆိုင်များအနေဖြင့် တယ်လီဖုန်း Application ကို အသုံးပြုပြီး စိစစ်ရောင်းချမှုများဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် အများပြည်သူဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် ပိုမိုရိုးရှင်းလွယ်ကူစွာဆောင်ရွက်နိုင်ရေးအတွက် ယာဉ်ပိုင်ရှင်များက Application အသုံးပြုရန်နှင့် Registration ပြုလုပ်ရန် လုံးဝမလိုအပ်ဘဲ အရောင်းဆိုင်အခြေပြုစိစစ်သည့်နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မော်တော်ယာဉ်များအတွက် Wheel Tax ၏ Barcode ကိုလည်းကောင်း၊ မော်တော်ဆိုင်ကယ်များအတွက် Wheel Tax ပါ အချက်အလက်များကို အသုံးပြုပြီး QR Code ထုတ်ပေး၍လည်းကောင်း Application ဖြင့် အလိုအလျောက်စစ်ဆေးသည့်နည်းလမ်းဖြင့် စိစစ်ရောင်းချပေးသွားမည်ဖြစ်ပါသည်။

မော်တော်ယာဉ်များအတွက် Wheel Tax တွင် ပါရှိသော Barcode ကို ဆိုင်ဝန်ထမ်းက Scan ဖတ်၍ စနစ်မှ အလိုအလျောက်စစ်ဆေးပြီး တစ်ရက်အတွင်း တစ်ကြိမ်မျှ စက်သုံးဆီဝယ်ယူထားခြင်းမရှိသေးပါက

စာမျက်နှာ ၈ ကော်လံ ၁ ❖



နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန Online Monitoring Center တွင် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကြပ်မတ်လျက်ရှိမှုအခြေအနေကို တွေ့ရစဉ်။



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

“ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”

Hotline - 09-450450561, 09-450450562, 09-450450563